
www.burmeseclassic.com

# ချစ်

# အကျိုးတော်ဆောင်



ကျေးလက်ပျော်ဟာသလုံးချင်းဝတ္ထုစစ်စစ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၉၀၇၀၉၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၁၄၂၀၂၁၀

ပုံနှိပ်ခြင်း ပထမအကြိမ်၊ အောက်တိုဘာ၊ ၂၀၁၀

ထုတ်ဝေသူ

ဦးစန်းမွန်အောင်

(ငါတို့စာပေ)

75(D)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း

အာကာ

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးဇော်မြင့်ဝင်း(ကာလာဖုန်)

အုပ်ရေ

၅၀၀

တန်ဖိုး ၁၅၀၀ ကျပ်

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း(CIP)

၈၀၈.၈၃

ရွှေတောသား၊ ကို

ချစ်အကျိုးတော်ဆောင်/ကိုရွှေတောသား-ရန်ကုန်။

ငါတို့စာပေ။ ၂၀၁၀။ ၂၀၀ - စာ။

၂၇.၃ စင်တီမီတာ X ၂၀ စင်တီမီတာ

BURMESE CLASSIC .com

* မေတ္တာဝင် အပြစ်တွေမပျိုးကြပါနဲ့
သစ္စာငင် ရစ်ခွေတိုးစေမကွယ့်
ချစ်အကျိုးကိုတဲ့ ထမ်းရွက်ဆောင်

* သည်ကမ္ဘာမှာ မုန်းတာမရှိကြပါနဲ့
ကြည်သာစရာ ပြုံးကာကြည်ပါရော့
ထိမယ့်ခလုတ် ရှောင်ဖယ်ပေး
အေးမြလရောင်။

* ညားသူတိုင်းလည်း ချစ်စေပေါ့
ချစ်သူတိုင်းလည်း ညားစေပေါ့
သည်စိတ်ထား မြတ်အမွန်နဲ့
ဂေါ်ဖွဲ့ဖို့ တာနဲ့ပြောင်
ကလောင်ရဲ့ အစွမ်းမို့။

* ကျေးလက်ကို အခြေတည်
ရေးချက်တွေ သွေမဖည်ရပါဘူး
ဖတ်ကြသူ ရယ်ရွှင်သောလျှင်ဖြင့်
ရေးရသူ ကိုရွှေတောမှာတော့
မမောပေါင် ဘဝင်ချမ်းလို့ရယ်
(အဟမ်း...)လန်းရတယ်ဗျို့။ ။

မြို့မေတ္တာခံယူမယ့်
ကိုရွှေတောသား

www.burmeseclassic.com

www.burmeseclassic.com

'ဟဲ့ကောင် မောင်ချစ်
ငါက
သဘောလောက်ပြောနေတာ
ချိတ်ပေးတဲ့အဆင့်
မရောက်သေးတာ မဟုတ်ဘူး
ဘာလဲ။ နင်က မနှင်းမြိုင်ကို
လင်သေမုဆိုးမလေးမို့
အထင်သေးပြီး
သဘောမကျဖြစ်နေတာလား
ဒီမှာ... ဒီမှာ
နင်...
ဟိုလက်ကို မကြားဖူးဘူးလား'

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဝါသနာဘာဂီ၊ ဆက်တိုင်းမိုဟူ၍ ဆိုကြပြောကြသည်။

လူတစ်ကိုယ် ဝါသနာတစ်မျိုးဟူ၍လည်း ဆိုကြပြောကြ ပြန်ပါသေး၏။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ လူတိုင်းလူတိုင်း၌ သိသိသာသာဖြစ်စေ၊ မသိမသာဖြစ်စေ၊ အနည်းဆုံးတော့ ဝါသနာတစ်မျိုးလောက်တော့ ရှိတတ်ကြစမြဲ။

မြိုင်သေလာမည်သော မြို့နယ်တစ်နယ်လောက်နီးနီး ရှိသည့် ကျေးရွာကြီးမှာတော့ အပျိုဟိုင်းကြီး ဒေါ်သာရှင်ဆိုသည်က အနုပ္ပ သညာနှင့် ကိုက်ညီလှစွာပင် အမြဲလို ရှင်လန်းမြူးရှင်တတ်ပြီး အဖော် မစုံသေးသော ကာလသမီး ကာလသားတို့၏ မိုခိုအားထားပြုစရာ ပုဂ္ဂိုလ်ကျော်ဟု ဝိတ္ထာရချဲ့ရလျှင် မှားမည်မထင်။

သူမ၏ ဝါသနာကား ကြင်ဖော်မှာ ကြင်ဖော်ဖက် ကင်းမဲ့နေ သူတို့အတွက် ဒွိယံ ဒွိယံဖြစ်သွားရလေအောင် ဆောင်ကြဉ်းပေးလေ သော အောင်သွယ်သမှုပင် ဖြစ်ချေ၏။ သူစွမ်းဆောင်ပေးသဖြင့် အဖော်မစုံသူတို့ အဖော်စုံသွားကြလေကာ သားတွဲလောင်း သမီးတွဲ လောင်းတွေဖြစ်သွားကြသူတွေ မရှား။ ဝါသနာနှင့်လိုက်လျောညီထွေ စွာ လုပ်ဆောင်ပေးလေတိုင်း အောင်မြင်မှုမရသည်ဟူ၍မရှိ။ ခြွင်းချက်

www.burmeseclassic.com

www.burmeseclassic.com



အနေနှင့်ကတော့ ခုထက်တိုင် မစွံသေးတာက သူမကိုယ်တိုင်ပဲ ဖြစ်လေသည်။

'ဒါကတော့အေ ဆံသဆိုင်တွေက ဆံပင်ညှပ်သမားတွေလိုပေါ့၊ သူတစ်ပါးကို ဘယ်ပုံစံကြိုက်သလဲ၊ လိုက်ဖက်မယ့်ပုံစံကို လှတပတဖြစ်အောင် ရွေးချယ်ညှပ်ပြုပေးနိုင်ပေမဲ့ သူတို့ကိုယ်တိုင်ကျတော့ ကိုယ့်ကိုယ်ကိုယ် လှပအောင် ညှပ်မပေးနိုင်သလိုပဲပေါ့၊ ကိစ္စမရှိပါဘူး၊ သူများအကျိုးကို စေတနာသန့်သန့်နဲ့ ဆောင်ရွက်ပေးနေတဲ့ဟာပဲ၊ တစ်နေ့တော့ ကံကောင်းခြင်းလက်ဆောင်ဟာ ကိုယ့်ဆီကို ရောက်လာဦးမှာပါ'

ဒါက သူမအပေါ် စကားစလာလျှင် သွေးတိုးစမ်းလာလျှင် ခြေခြေမြစ်မြစ် ပြန်ပြောတတ်သောစကား။ သည်တော့လည်း သူမအပေါ် ယုံကြည်စိတ်တွေလွှမ်းလာကြသည်။ အားကိုးမှုတွေ အလျှိုင်းတကြီးဖြစ်လာကြသည်။

ညနေရီ နေညိုချမ်းဆိုလျှင် သူမအိမ်မှာ ကာလသမီးတွေ တရုံးရုံး။

ကာလသမီးတင်လားဆိုတော့ မဟုတ်ပြန်သေး။ လူပျိုပေါက်ကာလသားတွေကလည်း ဟိုအကြောင်းပြ သည်အကြောင်းပြနှင့် ဝင်လာမစဲ တသဲသဲ။ ဘယ်သူတွေဘယ်လိုအကြောင်းပြချက်တွေ ကိုယ်စီနှင့်ပဲလာလာ ဒေါ်သာရှင်ကတော့ အားလုံးအပေါ် လိုရာဆန္ဒပြည့်ဝကြပါစေဟူသော စိတ်ဓာတ်ကို အရင်းခံလျက် အစွမ်းကုန်အကျိုးဆောင်ပေးလျက်ရှိသည်သာတည်း။

တစ်ညနေခင်း…။



အပျိုကြီးဒေါ်သာရှင်တစ်ယောက် မယ်ဇလီပင်ခြေရင်း၌ အရုဏ်ဆွမ်းချက်ရန်အတွက် ဆန်ကိုပြာတီးပြီး စပါးလုံးတွေရွေးနေခိုက် သရဲရုပ်က အသာခေါ်ရမည့် မောင်ချစ်ဆိုသော ကာလသားတစ်ဦး ရောက်လာသည်။ ခုတလော မကြာခဏ သုံးရက်ခြား လေးရက်ခြား ဆိုသလို ရောက်ရောက်လာတတ်သော မောင်ချစ်အား အကဲခတ်ကြည့်ရာမှ မိန်းမလိုချင်၍ ရောက်လာမှန်း အတွေ့အကြုံအရ ဒေါ်သာရှင် သတိထားမိလေ၏။

'ဟဲ့… မောင်ချစ်၊ နင့်အသက် ဘယ်လောက်ရှိပြီလဲ'

'အဲ… နေဦး၊ ကျုပ် အဘ ပိုးမထိခင် နှစ်နှစ်က မွေးတာဆိုတော့ အင်း… အစိတ်ကျော်ပြီပေါ့ဗျာ'

'ခုထိ အိမ်ထောင်မကျသေးဘူးပေါ့'

'မကျသေးပါဘူးဗျာ၊ လူပျိုပဲရှိပါသေးတယ်'

'ဟဲ့… နင့်ဒီအရွယ်ကို လူပျိုလို့ မခေါ်နိုင်တော့ဘူး၊ လူပျိုဟိုင်းထဲကို ဝင်လာပြီ၊ ဒီမှာ မသေမချင်းမှတ်ထား၊ ကာလသားဖြစ်ပြီဆိုရင် အသက်အစိတ်လောက်မှာမှ ပခက်မချိတ်လောက်ဘူးဆိုရင် ဖွတ်ကျားပဲ မောင်ချစ်၊ နင်ဟာ ဖွတ်ကျား'

'အယ်… ဒေါ်သာရှင်ကြီးကတော့ လုပ်ချလိုက်ပြီဗျာ၊ ကျုပ်က မိန်းမကောင်းမိန်းမမြတ်ပီသတဲ့ အိမ်ထောင်ရှင်မလောင်းလျာကို မျက်စိထဲမှာ မတွေ့သေးလို့ တဖြည်းဖြည်းနဲ့ ဒီအရွယ်ရောက်လာခဲ့ရတာ'

ကိုယ့်သရဲရုပ်ကိုမှ ကိုယ်အားမနာ။ ငှင်းကိုငှင်း ရွှေမင်းသားပမာထင်မှတ်နေရှာသော မောင်ချစ်၏ ကျောက်ပေါက်မာမျက်ခွက်ကို

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း ဒေါ်သာရှင်ခမျာ နှာခေါင်းရှုံ့သွားရလေသည်။

'ဒါဖြင့်ပင် နင် မျက်စိကျလောက်တဲ့ မိန်းမကောင်း မိန်းမမြတ်ပီသတဲ့ မိန်းကလေးဆိုရင် နင် ယူမှာလား မောင်ချစ်'

'ဟာ… ဘယ်နှယ်ပြောလိုက်ပါလိမ့် ဒေါ်သာရှင်ရယ်၊ ဒါမျိုးဆို မောင်ချစ်တို့က လာထား အာဘွားပဲခင်ဗျ၊ ဒါထက် နေစမ်းပါဦး ဒေါ်သာရှင်ကြီး ဘယ်သူ့ကိုတွေ့ထားလို့လဲဟင်၊ ပြော… ပြော… စမ်းပါဗျာ'

မောင်ချစ်၏ အသွင်က အမဲရိုးဟူသော အသံကိုကြားလိုက်ရသည့် သုန္ဒရွာသတ္တဝါပမာနှယ် နှာခေါင်းထိပ်ရဲရဲနီကာ မျက်လုံးတွေ အရောင်တောက်လာခဲ့သည်။

'တို့ မြိုင်သေလာရွာရဲ့ အရှေ့ချောင်းထဲက မနှင်းမြိုင်ကလေး လေဟယ်၊ နာမည်ကလေးကလှသလို သူ့ရုပ်သူ့ရည်ကလည်း ဘာမှကို ပြောစရာမရှိဘူး၊ အပြောအဆိုလည်း သိမ်သိမ်မွေ့မွေ့ ယဉ်ယဉ်ကျေးကျေး၊ အိမ်တွင်းမှုမှာလည်း တကယ့်ကို နိုင့်နိုင်နင်းနင်းရှိတဲ့ မိန်းကလေးဟဲ့'

ဒေါ်သာရှင်၏ ဇာတ်ပို့လေသံကို နားဆင်ရင်း မောင်ချစ်လည်း မျက်မှောင်ကြုတ်၍ စဉ်းစားလေရာ သရဲရုပ်မှသည် ဘီလူးရုပ်သို့ ပြောင်းသွားလေသလိုလို။

'နေ… နေပါဦး ဒေါ်သာရှင်ကြီးပြောတဲ့ မနှင်းမြိုင်ဆိုတာဟာ တစ်မြန်နှစ်က အရက်နာကျပြီး ကြွသွားတဲ့ ရွှေပန်းတောရွာသား ညွန့်တင်ရဲ့ မယားမဟုတ်လား'

'သေချာတာပေါ့ မောင်ချစ်ရယ်၊ သိပ်ကိုသေချာတာပေါ့'



'ဟာဗျာ၊ ကျုပ်က အပျိုမှတ်လို့၊ လက်စသတ်တော့ မုဆိုးမနဲ့ ကျုပ်ကို ချိတ်ပေးနေတာကိုး'

'ဟဲ့ကောင်… မောင်ချစ်၊ ငါက သဘောလောက်ပြောနေတာ၊ ချိတ်ပေးတဲ့အဆင့် ရောက်သေးတာမဟုတ်ဘူး၊ ဘာလဲ နင်က မနှင်းမြိုင်ကို လင်သေမုဆိုးမလေးမို့ အထင်သေးပြီး သဘောမကျဖြစ်နေတာလား၊ ဒီမှာ… ဒီမှာ နင် ဟိုလင်္ကာကိုမကြားဖူးဘူးလား'

'ဘယ်လင်္ကာလဲဗျ၊ လုပ်စမ်းပါဦး'

'ဘယ်လင်္ကာလဲဆိုတော့…

**တစ်ခုလပ်နဲ့ တစ်လင်ကွာ**

**အပျိုစစ်နဲ့ မလဲပါ**

**သူ့ထက်သာရဲ့ မုဆိုးမ**

**အိမ်ထောင်သုခ ပြည့်အဝ**'တဲ့ မှတ်ထား၊ မုဆိုးမဆိုတာ နာမည်အရသာဆိုးတာ၊ တကယ့်တကယ်ကျတော့ ထမ်းပိုးကျွံပြီးသား နွားလို ဆီဝပြီးသွားတဲ့ ဒယ်အိုးလို ခိုင်းလို့ ကြော်လို့ အင်မတန်မှ ကောင်းပေတာကလား'

အကွက်ကျကျ ချက်ကျကျနှင့် အခြေအမြစ်ပိုင်ပိုင် စကားဥပမာလှိုင်လှိုင် လုပ်ချလိုက်လေတော့ ငနဲသားမောင်ချစ် စိတ်ယိုင်ယိုင်ဖြစ်သွားရသည်။

'ပြောလို့ပြောတာ မဟုတ်ဘူးနော် မောင်ချစ်၊ တကယ်တမ်းလေ့လာကြည့်ရင် မနှင်းမြိုင်ကလေးဟာ ကံအကောင်းအကြောင်းမလှလို့သာ မုဆိုးမဘဝရောက်နေရရှာတာ၊ တကယ်တော့ မြိုင်သေလာရွာရဲ့ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင် အပျိုကလေးတွေထက်ရင် ရုပ်

www.burmeseclassic.com



ရည်ရူပကာရော ကိုယ်လုံးအရွယ်အစားရော ပြောပုံဆိုပုံ သွားပုံလာပုံရော အစစအရာရာ သာတယ်လို့ ငါထင်တယ် မောင်ချစ်'

သတ္တဘာဂ ဖူးစာရေးနတ်သားစုတေ၍များ ဝင်စားလေသည်မသိ။ အပျိုကြီးဒေါ်သာရှင်၏ အပြောအောက်၌ မိန်းမလိုချင်စိတ်ရှုပိုးထိုးမှုကို အောင့်အည်းမြိုသိပ်ထားရသည့် မောင်ချစ်ခမျာ တံတွေးတပွပ်ပွပ်မြိုရင်း နှစ်မျောသွားမိလေတော့သည်။

'ဒါ့ထက် ဆုံးသွားတဲ့ သူ့လင် ဟို ရွှေယန်းတောရွာသား ညွန့်တင်ဆိုတာ တော်တော်လေးဆိုသတဲ့ဆို'

'ဆိုးတာတော့ မပြောနဲ့ မောင်ချစ်ရေ၊ ဒေဝဒတ်တောင် ဆလံသရမယ့်လူစားကွယ့်၊ သူများသားပျိုသမီးပျိုကို ပန်းကောင်းအညွန့်ချိုး၊ မရရတဲ့နည်းနဲ့ ယူထားပြီး လုပ်ကိုင်ကျွေးမွေးရကောင်းမှန်းလည်းမသိဘူး၊ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့၊ ကဖော်သမား၊ လောင်းကစားသမားတွေနဲ့ပေါင်းပြီး အိမ်ကိုလည်းမကပ်၊ ကိုးကျင်းကိုးကျင်း လျှောက်သွား၊ အရက်သောက်၊ ဖဲရိုက်၊ အပျော်အပါးလိုက်စားနဲ့ ကြာတော့လည်း သင်ပြုသောကံ သင်၏ထံ၊ ပဲ့တင်ပြန်လာမည်ဆိုသလို နောက်ဆုံးတော့ သေချင်းဆိုးနဲ့ ကာလနာတိုက်တော့တာပါပဲဟယ်'

'အင်း... ဒီလိုဆိုတော့လည်း မနှင်းမြိုင်ကလေးခမျာ ကိုယ်ရှိတာသာအဖတ်တင် လင်ဆိုးမယား တဖားဖားဖြစ်နေရရှာတာပေါ့၊ သနားစရာကလေးပါလား ဒေါ်သာရှင်ကြီးရယ်'

ငနဲသား မောင်ချစ် စိတ်ညွတ်လာပြီဆိုတော့ သတ်ကွင်းထဲဝင်လာသည့် သားကောင်အား ပစ်ကွင်းကောင်းကောင်းရွေးနေသည့်



တောမုဆိုးအလား လိုရင်းရောက်မည့် စကားလုံးတို့ကို ရွေးချယ်လိုက်သည်။

'မှန်တာပေါ့ မောင်ချစ်ရယ်၊ သိပ်ကိုသေချာတာပေါ့၊ သည်လိုမျိုး သနားစရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ရဲ့ဘဝကို ဆယ်ယူလိုက်တာ၊ ကယ်တင်လိုက်တာဟာ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေ ချီးမွမ်းထောပနာပြုရတဲ့ လုပ်ရပ်ပါကွယ်၊ အဲသလိုသာ သူ့ဘဝကို အဖတ်ဆယ်တဲ့သဘောနဲ့ ယူလိုက်မယ်ဆိုရင် အဲဒီမိန်းကလေးရဲ့ စိတ်ထဲတကယ့်ကို ကြည်နူးချမ်းမြေ့သွားလိမ့်မယ်၊ အရင်လင်ဆိုးနဲ့ နှိုင်းယှဉ်ပြီး ငါ အခုရတဲ့လင်ဟာ တကယ့်ကို သူတော်ကောင်းကြီးဆိုပြီး ဖူးဖူးမှုတ်ထားမှာပဲ့၊ ကိုးကွယ်ထားမှာပဲ့၊ သိရဲ့လား၊ သားသမီးရလာရင်တောင် သားကိုသခင် လင်ကိုဘုရား မှတ်မယ့်မိန်းမ'

'ဟုတ်တော့လည်း ဟုတ်ပါတယ် ဒေါ်သာရှင်ရယ်၊ ခက်တာက...'

'ဟေ.. ခက်တာ၊ ဟုတ်လား၊ ဘာများခက်နေလို့တုန်း'

'အင်း... ခက်တာက မနှင်းမြိုင်မှာ တခြားဘာမှပြောစရာဆိုစရာတွေမရှိပေမဲ့ မုဆိုးမဆိုတာကလေးက ခက်နေတာ'

သည်စကားကြောင့် ပွဲတိုင်းအောင်ပွဲရနေသော အောင်သွယ်တော်ကြီး ဒေါ်သာရှင်အဖို့ မျက်စပ်ပိုးဝင်သကဲ့သို့ စပ်ဖျင်းဖျင်းကလေးဖြစ်သွားရသည်။ ကိစ္စမရှိ။ ဘယ်ကွေ့ရောက်လျှင် ဘယ်တက်ကို သုံးရမည်ဆိုသည်ကို နပ်နေပြီးသား။

'ဒီမယ် မောင်ချစ်၊ နင်ပြောနေတဲ့ဟာဆိုတာ လူတွေပေါက်ပန်းဈေးပြောတဲ့စကားဟဲ့၊ မုဆိုးမဆိုပေမဲ့ မနှင်းမြိုင်ဟာ ကလေးမွေး

www.burmeseclassic.com

www.burmeseclassic.com



ဖူးသေးတာ မဟုတ်ဘူး၊ အပျိုဆိုတာမျိုးဟာလည်း ကလေးမမွေးဖူးသေးတဲ့သူတွေကို ပညတ်ထားတာ'

'သည်တော့ ကလေးမမွေးဖူးသေးတဲ့ အချက်ကို ညီမျှခြင်းဆွဲလိုက်ရင် လင်သေပြီးလို့ မုဆိုးမဖြစ်သွားရပေမဲ့ အပျိုနဲ့တော့ သိပ်မထူးပါဘူးဟယ်၊ နောက်ပြီး မနှင်းမြိုင်အသက်က ဘာရှိသေးတာမှတ်လို့၊ နှင့်အသက်ထက်တောင် ငယ်သေးတယ်၊ ဒီကနေ့ ဘာနေ့လဲ'

'သောကြာနေ့လေဗျာ'

'ဒါဆို မနေ့တုန်းကကျတော့ရော'

'ကြာသပတေးပေါ့ဗျ'

'အဲဒါကြည့်ပေရော့၊ မနေ့ကနဲ့ သည်ကနေ့ တူသေလား၊ ဘယ်တူမှာတဲ့လဲ မောင်ချစ်ရယ်၊ ဒီလိုပဲ အတိတ်က မနှင်းမြိုင်နဲ့ အခုလက်ရှိ ပစ္စုပ္ပန်မှာရှိတဲ့ မနှင်းမြိုင်ဆိုတာ မတူတော့ပါဘူး၊ လက်ရှိစိတ်သစ် လူသစ်နဲ့ဆိုတော့ အသစ်မှအသစ်ပါပဲဟယ်'

'ဟာ... ဟုတ်လိုက်လေ ဒေါ်သာရွှင်ရယ်၊ ခုလိုမျိုး အကျိုးသင့်အကြောင်းသင့် ရှင်းပြလိုက်တော့မှပဲ လင်းခနဲဖြစ်သွားတော့တယ်၊ မနှင်းမြိုင်ဟာ အတိတ်က မနှင်းမြိုင် မဟုတ်တော့တဲ့ ပစ္စုပ္ပန် အသစ်ကလေး မနှင်းမြိုင်ပေါ့နော်... နော်... နော်'

'အင်း... မင်း ဒုံးမဝေးတော့ဘူး မောင်ချစ် ဒုံးမဝေးတော့ဘူး'

'တောက်... မနှင်းမြိုင်သာ မုဆိုးမ မဟုတ်လို့ကတော့ဗျာ'

'ဟယ်... လာပြန်ပြီ ဒီစကား၊ ကိုင်း... ဒီတော့ နှင့်ကို ငါရှင်းရှင်းပဲ မေးမယ်၊ ပြီးခဲ့တဲ့နှစ် ရွာဘုရားပွဲမှာ ဇာတ်သွင်းတော့



ကွမ်းယာလာရောင်းတဲ့ ဟိုဟာမတချို့နဲ့ ကောက်ရိုးပုံသွားကြတဲ့အထဲမှာ နှင်လည်းပါတယ်ဆို၊ မလိမ့်နဲ့၊ နှင်နဲ့အတူပါတဲ့ ကကြီးဆိုတဲ့အကောင် ငါ့ကို ဖောက်သည်ချပြီးပြီ'

မောင်ချစ်ခမျာ ခိုးထုပ်ခိုးထည်နှင့် အမိခံလိုက်ရသည့်အလားမျက်ကလဲဆံပျာ ဖြစ်သွားရသည်။

'အဲ... အဲ... တစ်... တစ်ခါတည်းပါပဲဗျာ'

'တစ်ခါမကလို့ ဘယ်နှခါဖြစ်ဖြစ် တစ်ခါဖြစ်ဖူးတာနဲ့တင် နှင်ဟာ လူပျိုမစစ်တော့ဘူး မောင်ချစ်'

မောင်ချစ် ဘာမျှပြန်မပြောနိုင်တော့။ သည်အရိပ်အကဲကိုကြည့်လျက် ဒေါ်သာရွှင်အဖို့ ပွဲသိမ်းဝိုးသွင်းရပါတော့မည်။

'ဒါပဲပေါ့ မောင်ချစ်ရာ၊ လက်ဆုပ်လက်ကိုင် မယားမပြနိုင်လို့ လူပျိုလို့ အပေါ်ယံကြော ထင်မြင်ပြောဆိုနေကြပေမဲ့ တကယ်တော့ နှင်ဟာ လူအိုဖြစ်သွားပြီဆိုတာ နှင့်ကိုနှင်သိမှာပါ မောင်ချစ်၊ မုဆိုးမဖြစ်တဲ့ မနှင်းဟာလည်း အအို၊ မင်းဟာလည်း လူအို၊ လူသိရှင်ကြားဟုတ်တာမဟုတ်တာသာ ကွာချင်ကွာလိမ့်မယ်၊ နှစ်ယောက်စလုံးကတော့ အအိုတွေချည်းပါပဲ'

'ဟုတ်လိုက်လေဗျာ၊ မှန်လိုက်လေဗျာ'

'ဟုတ်ရမှာပေါ့၊ မှန်ရမှာပေါ့၊ ငါက အမှန်တွေချည်း ပြောတာကိုး၊ အအို... အအိုချင်း ထပ်တော့ အရှုံးမရှိဘူး၊ မြတ်ပါတယ်ဟာ၊ မနှင်းမြိုင်ကို နှင်သဘောမကျရင် ကြာတော့ နောင်တရသွားလိမ့်မယ်၊ ငါက နှင့်အပေါ် စေတနာထားလို့ ရုပ်ချော၊ သဘောကောင်း၊ ကိုယ်လုံးကိုယ်ထည်ထောင့်၊ အပြုအစုမှာ ထိပ်တန်း၊ အိမ်ထောင်ထိန်း

www.burmeseclassic.com

www.burmeseclassic.com



သိမ်းခန်းမှာလည်း မျက်နှာလွှဲရတဲ့သူကို ရှာပေးနေတာ၊ ဂျီအိပတ္တ များနေရင် သူများတကာတွေလက်ထဲပါသွားလိမ့်မယ်၊ မိန်းကလေး တွေအတွက် အခြေအနေနဲ့ အချိန်အခါဟာ သိပ်ကိုအရေးကြီးတယ်'

စကားလုံးမြားချက်တွေ၏ ဒဏ်ကို မောင်ချစ် ဆက်လက် တင်းခံနိုင်ဟန်မတူတော့။

'တောက်… တော်ပါတော့ ဒေါ်သာရွှင်ရယ်၊ ဒီလောက်ဆို ကျုပ် နားလည်သဘောပေါက်ပါပြီ၊ ကျုပ် သူ့ကိုပဲရွေးဖို့ ဆုံးဖြတ်လိုက် ပါပြီ'

'အေး… ဒီလိုမျိုး ငါ့စေတနာကို နားလည်သဘောပေါက်မှ ပေါ့'

'ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ၊ ကျေးဇူးအများကြီးတင်ပါတယ်၊ ဒါ့ထက် ပတ္တမြားမှန်လျှင် အနာမကင်းတဲ့၊ သည်တော့ မနှင်းမြိုင်မှာ လည်း အားနည်းချက်တစ်ခုမဟုတ် တစ်ခုတော့ ရှိမှာ အမှန်ပဲ'

'သေချာတာပေါ့ဟယ်'

'ဒါဆိုရင် ဘာများလဲဗျာ၊ ပြောပါဦး၊ ကြိုသိထားတော့ ကောင်းတာပေါ့'

သည်လိုအမေးရှိလာတော့လည်း ဒေါ်သာရွှင် အနေဖြင့် ခြွင်း ချန်မထားခဲ့ပါ။ မနှင်းမြိုင်၌ရှိသော အားနည်းချက်တစ်ခုကို ပြောပြ လိုက်ပါသည်။ စကားဆုံးလေသော် မောင်ချစ်လည်း သုတ်ခနဲ နေရာ မှထလစ်သွားပါလေသတည်း။ သို့ဆိုလျှင် ဒေါ်သာရွှင် ဘာများပြော လိုက်ပါသနည်း။ ဟုတ်ကဲ့ အောက်ပါအတိုင်းပြောလိုက်ခြင်းပါ။

'အေးဟယ်… ခမျာမယ် အားနည်းချက်ကလေးတစ်ခုပဲ ရှိ



ပါတယ်၊ အဲဒါက လင်ငယ်ထားတဲ့ ဝါသနာတဲ့၊ သူ့လင်ညွန့်တင်ရှိ တုန်းက နတ်မောက်ဆန်စက်စာရေး မောင်မောင်စိန်လင်းဆိုတာနဲ့ တိတ်တိတ်ကလေးမီးပွင့်ဖူးသတဲ့'

၀

www.burmeseclassic.com

www.burmeseclassic.com

'ဟယ်... ဒီကလေးနယ်
ဝါကျွတ်မပြောနဲ့
ငါပြန်လာတဲ့ထိအောင်လေးတောင်
မစောင့်နိုင်ပါကလား
အင်းလေ
တစ်နေ့မဟုတ် တစ်နေ့
ညားကျမယ့်ဟာပဲ
စောစောနိုးတော့လည်း
စောစော (အဲ) အိမ်ထောင်ကျတာပဲပေါ့'

www.burmeseclassic.com

www.burmeseclassic.com

မောင်ပန်းခွေးအဖို့ လယ်ယာလုပ်ငန်းခွင်မှ ပြန်လာလျှင် ချစ်အကျိုးတော်ဆောင် အောင်သွယ်တော်ကြီး ဒေါ်သာရှင်၏အိမ်သို့ မဝင်မဖြစ် ဝင်ရလေသည်မှာ နေ့စဉ်မပျက် တာဝန်ကြီးတစ်ခုလို ဖြစ်နေခဲ့သည်။

မောင်ပန်းခွေးအဖို့ လယ်ယာလုပ်ငန်းခွင်၌ ဘယ်ကလောက်မောမော အပျိုဟိုင်းကြီး ဒေါ်သာရှင်အိမ်သို့ ရောက်လျှင် ဒေါ်သာရှင်ထံမှ ရွှေရင်အေးစရာ စကားလေးများကို ကြားရစမြဲတည်း။ မောင်ပန်းခွေးကား ရွာတောင်ပိုင်းရှိ ဆယ်အိမ်ခေါင်းဦးလှမောင်၏ သမီးချောသောင်းသောင်းဆိုသူကလေးအပေါ် မျက်စိကျနေသည့်အတွက် သည်ကိစ္စကို ဒေါ်သာရှင်က သမိုင်းပေးတာဝန်အကျ ကျေပွန်စွာထမ်းဆောင်ခဲ့သည်။

'ဟယ်··· မောင်ပန်းခွေးပါလား၊ လာကွယ်၊ လာ··· လာ၊ မင်းရောက်လာတာ အတော်ပါပဲ၊ နေ့လည်က စပါးကြိတ်ထိုးတော့ သောင်းသောင်းနဲ့ငါ ဆုံမိကြသေးသကွဲ့'

မောင်ပန်းခွေး၏ မျက်နှာတစ်ပြင်လုံး ဝင်းလက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်... ဟုတ်လား၊ အဲ... အဲသလိုတွေ့ကြတော့ သောင်းသောင်းက ဘာများပြောသလဲဟင်'

'အေး... မင်းက သူ့အပေါ် မေတ္တာသက်ဝင်ချစ်ခင်စိတ်ထားတာ ကြားသိရလို့ ဝမ်းသာပါတယ်တဲ့၊ စိတ်လည်းမဆိုးပါဘူးတဲ့၊ အဲ... သူ့အပေါ်မေတ္တာစစ် မေတ္တာမှန်နဲ့ချစ်စိတ်ရှိတာမှန်ရင် အလုပ်ကိုကြိုးစားလုပ်ဖို့ လူပေါ်ကြော့ ငပိန်တို့နဲ့ တွဲပြီး ကစော်ဆိုင်ကိုမသွားဖို့၊ ဖဲသမားညွှန့်တင်တို့ မြာသမားမောင်သိုက်တို့နဲ့ မပေါင်းဖို့ သတိပေးလိုက်တယ်'

'ဟာ... ကျွန်တော် ကောင်းစားဖို့ သတိပေးတဲ့ စေတနာစကားပဲ၊ လိုက်နာရမှာပေါ့ အဒေါ်ရယ်၊ လိုက်နာရမှာပေါ့'

'ကျန်သေးသဟဲ့၊ အဲ... ဘာလဲဆိုတော့ အချိန်မှန်စားဖို့ အချိန်မှန်အိပ်ဖို့ ညဘက်လည်ပတ်တာတွေ မလုပ်ဖို့လည်း မှာလိုက်သေးတယ်'

'စိတ်ချ၊ စိတ်ချ၊ သောင်းသောင်းနဲ့တွေ့ရင် ပြောလိုက်ပါအဒေါ်ရယ်၊ သောင်းသောင်း ပြောဆိုညွှန်ကြားသမျှ တစ်ခွန်းတစ်ပါဒမကျန် နာခံပါ့မယ်လို့'

'ကောင်းပါပြီ၊ ပြောလိုက်ပါ့မယ်၊ ပြီးတော့ ရှိသေးတယ်'

'အယ်... ပြောပါဗျာ၊ ပြောပါ၊ ဘာတွေများပါလိမ့်'

အထာနပ်နေပြီဖြစ်သော ဒေါ်သာရှင်က စကားအသွားအလာကိုထိန်းကျပ်ပေးနေသည့်အတွက် မောင်ပန်းခွေးမှာတော့ နွားပြာကြီးအောက်သွားမရှိဆိုသလို ဆတ်တငံ့ငံ့ဖြစ်နေရလေသည်။

'ဘာများလဲ ပြောစမ်းပါဦး အဒေါ်ရာ'



'အေးပါဟယ်၊ ပြောမှာပေါ့၊ မင်းမလဲ အဖြစ်သည်းနေလိုက်တာ၊ မင်းအသည်းကျော်သောင်းသောင်းက သည်လောက် သူပြောနေတာကို စဉ်းစားတတ်ရင် သူ့သဘောထားကို မင်းနားလည်လောက်မှာ ပါတဲ့၊ သူ့ဘဝမှာ မင်းသာရှိရင် အရာရာကို ရင်ဆိုင်ရဲသတဲ့မောင်'

'အောင်မလေး... လေး၊ ကြားရတာ နားဝဆိမ့်လှသဗျာ၊ ကျွန်တော့်လိုလူ ဇမ္ဗူမြာရှိပါသေးရဲ့လား ဒေါ်ဒေါ်ရဲ့'

'မရှိပေါင်ဗျာ၊ မရှိပေါင်'

'ကျေးဇူးအများကြီးတင်ပါရဲ့ ဒေါ်ဒေါ်ရယ်၊ ဒီတစ်ခါ ဆီကြိတ်ရင်ငါးပိဿာလောက် လာပို့ပေးထားမယ်၊ ဟုတ်ပြီလား'

'ပေးတော့လည်း စားရသေးတာပကွယ်'

ဒေါ်သာရှင်ကား ဝါသနာဘာဂီ ဆက်တိုင်းမိသူဖြစ်၏။ အောင်သွယ်တော်တို့၏ သဘောသဘာဝ အရည်အချင်းတို့နှင့် လိုက်ဖက်စွာ တစ်ဖက်သားကို အရည်ပျော်ကျလောက်အောင် စွမ်းဆောင်နိုင်သူလည်းဖြစ်၏။ ဆီးဖြူသီးကို ကျွဲကောသီးဖြစ်အောင် ပြောဆိုရမှာလည်း ဝန်မလေးခဲ့။

အောင်သွယ်တို့၏ မာယာ၌ မျောနစ်ကြသူတို့ကား ဖော်မစုံ၊ ကြင်ဖော်ဝေးများပင်ဖြစ်ကြပါလေသတည်း။

၏

www.burmeseclassic.com

www.burmeseclassic.com



ယုယုကြည်တို့ သားအမိမှာ ဒေါ်သာရွှင်တို့အိမ်သို့ ရောက်လာခဲ့သည်မှာ သုံးပတ်မျှရှိခဲ့ပြီဖြစ်သည်။

ယုယုကြည်က ဒေါ်သာရွှင်၏ တူမအရင်းခေါက်ခေါက်။

အရင်းခေါက်ခေါက်ဆို ယုယုကြည်၏ မိခင် ဒေါ်သာမျှင်က ဒေါ်သာရွှင်၏ အစ်မရင်း မဟုတ်ပါကလား။ သူတို့သားအမိက တစ်နယ်တစ်ကျေးမှသည် မြိုင်သေလာရွာသို့ တစ်ရွာမပြောင်းသူကောင်းမဖြစ်ဆိုသော ထုံးကို နှလုံးမူကာ ရောက်လာခဲ့ခြင်းဖြစ်သည်။ ဒေါ်သာမျှင်အဖို့ အားကိုးအားထားပြုစရာ လင်သားက မျက်ကွယ်ပြုသွားပြီဆိုတော့ စီးပွားရေး အတန်အသင့်ပြေလည်သော ညီမထံ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။ သူတို့ပြောင်းရွှေ့လာခြင်းအတွက် ဒေါ်သာရွှင်ခမျာ ဝမ်းသာအယ်လဲ ဖြစ်ရသည်။ အစ်မကြီး အမိအရာဆိုသကဲ့သို့ ပြန်လည်ပြုစုခွင့်ရရှိခြင်းအပေါ် ကျေနပ်ပီတိဖြစ်ရသည်။ ပြီးတော့ မိုင်းကောင်းကျောက်ဖိ အလိမ္မာမလေး ယုယုကြည်အားလည်း တူမသာဆိုရသည်။ သမီးကဲ့သို့ သဘောထားမိသည်ပင်။ သည်တော့ ဒေါ်သာရွှင်တို့ အိမ်ကလေးသည် သာတောင့်သာယာရှိလှစွာသော အိမ်ကလေးဟုဆိုရပေလိမ့်မည်။

ညနေတိုင်း ဝင်ဝင်လာတတ်သော မောင်ပန်းခွေးအား ဒေါ်သာရွှင်နှင့်သာ မဟုတ်တော့။ ဒေါ်သာမျှင်နှင့် ယုယုကြည်တို့အမေတစ်ခု သမီးတစ်ခုတို့အားလည်း ဆွေမျိုးရင်းချာ ညီအစ်ကိုမောင်နှမသဖွယ် ရင်းနှီးခင်မင်နေခဲ့ပြီပင်။

သည်ကနေ့ ညနေလည်း မောင်ပန်းခွေး ရောက်လာသည်။

'သောင်းသောင်းဟာ ကျွန်တော့်မေတ္တာကို ယုံကြည်လို့ကျွန်တော့်ရဲ့အချစ်ကို လက်ခံလိုက်တာပေါ့နော်'

'သေချာတာပေါ့ကွယ်၊ တစ်ဦးမေတ္တာ တစ်ဦးမှာဆိုတာ ဒါပဲပေါ့၊ မေတ္တာဆိုတာ ကုလား၊ ပထန် သိချင်မှသိပေမဲ့ အသွားအပြန်ဆိုတာ ရှိတယ် မောင်ပန်းခွေးရဲ့၊ အဒေါ်အနေနဲ့လည်း ဒီဝါကျွတ်မှာ မင်းနဲ့သောင်းသောင်းတို့ မြန်မြန်နီးစပ်ကြစေချင်ပါပြီကွယ်၊ ငါ့မှာတော့ မဆီမဆိုင် ကြားထဲကနေ အလိုလိုနေရင်း တစ်မောတည်းမောမောနေရတယ်'

'အဒေါ်ကလည်းဗျာ၊ ကျွန်တော်နဲ့သောင်းသောင်းတို့ ညားတဲ့အခါ ကျေးဇူးရှင်ဖြစ်တဲ့ အကျိုးတော်ဆောင်အဒေါ်ကို မေ့မသွားပါဘူးဗျာ၊ အဆင်ပြေရင်ပြေသလို လာလာကန်တော့မှာပေါ့'

'သာဓုပါကွယ် သာဓုပါ၊ မဆောက်ဖြစ်သေးပေမဲ့ ကျောင်းဒကာလို့ အခေါ်ခံရလည်း မနည်းပါဘူး၊ ကဲဟော့… သမီး ယုကြည်ရေ ပဲခြမ်းသုပ်ကလေးနဲ့ ရေနွေးကြမ်းလုပ်ပါဦးကွယ်၊ သမီးအစ်ကိုမောင်ပန်းခွေး စားရအောင်'

'အဆင်သင့်ပါပဲအဒေါ်ရယ်၊ ပဲခြမ်းက အစ်မသောင်းသောင်းပေးတဲ့ ပဲခြမ်း၊ ဆီက အစ်ကိုပန်းခွေးပေးတဲ့ ပဲဆီ၊ ဟီဟိ… လိုက်လည်းလိုက်ဖက်ပနော်၊ ကိုင်း… အစ်ကိုပန်းခွေး ပဲခြမ်းသုပ်လည်းစား၊ ရေနွေးကြမ်းလည်းသောက်ပါဦး၊ ယုကြည်တို့တော့ သည်ဝါကျွတ်ရောက်ရင် အစ်ကိုပန်းခွေးတို့ မင်္ဂလာဆောင်မှာ ကျွေးတာကို တစ်ဝစားမှာနော်'

'စားပါဗျာ၊ စားပါ၊ ဟဲ… ဟဲ… ဟဲ… ကြိုက်သလောက်သာစား၊ ဟုတ်ပြီလား'



www.burmeseclassic.com

www.burmeseclassic.com



ယုယုကြည်က ဟန်မူပိုပိုဖြင့် မျက်လုံးကလေးထောင့်ကပ်ကာ ရိတိတိလေးပြောလိုက်သည့်အပေါ် မောင်ပန်းခွေးခမျှာ ဖိုးကျိုင်းတုတ်ဖြစ်ရင်း တဟဲဟဲဖြစ်နေသည်။ ရင်ထဲမှာလည်း ဆီထိဂွမ်းစွက် ဝိတိလွှမ်းလျက်…။

'အစ်ကိုပန်းခွေးတစ်ယောက် အစ်မသောင်းသောင်းနဲ့ မင်္ဂလာဆောင်ပြီးရင် ယုကြည်တို့ဆီ ခြေဦးလှည့်ဖို့နေနေသာသာ လာတောင်မှ လာပါ့မလား မသိဘူး'

'အောင်မလေး ဘယ်လိုပြောလိုက်တာတုန်း ယုံကြည်ရယ်၊ ယုကြည်ရဲ့ဒေါ်ဒေါ်ဟာ ကိုပန်းခွေးရဲ့ ကျေးဇူးရှင်ကြီးပါ၊ ကျေးဇူးရှင်ကို ကျေးဇူးစွပ်လို့ ဘယ်ဖြစ်ပါ့မတုံး၊ ဘယ်အရေးဘယ်ကိစ္စနဲ့ပဲကြုံကြုံ ယုကြည်တို့အပေါ်ကို ကိုပန်းခွေးက ဦးစားပေးပြီးသား၊ အလေးအနက်ထားပြီးသား'

စကားတွေက ဟန်ချက်ညီနေကြသည်။ ထိုစဉ်မှာပင် ဒေါ်သာရှင်၏ နှုတ်မှ အကြောင်းကိစ္စတစ်ခု ဖွင့်ဟလာသည်။

'သြော်… ဒါထက် မောင်ပန်းခွေးကို ပြောဖို့ရာ မေ့နေလိုက်တာကွယ်'

'ဘာများတုံး အဒေါ်ရဲ့'

'ဟိုကွယ် နောက်ရက်ကျရင် အဒေါ်အိမ်မှာမရှိဘူး၊ ကိစ္စတစ်ခုနဲ့ ခရီးထွက်ရလိမ့်မယ်၊ အနည်းဆုံးတစ်ပတ်မက နှစ်ပတ်လောက်တောင် ကြာချင်ကြာလိမ့်မယ်၊ ဒီတော့ အဒေါ်မရှိဘူးဆိုပြီး အဒေါ်တို့အိမ်ကို မဝင်ဘူး မထွက်ဘူး မလုပ်ပါနဲ့၊ အဒေါ့်အစ်မ မင်းကြီးကြီးနဲ့



မင်းညိုမ ယုကြည်တို့လည်း အရှိသားပဲဟာ၊ သူတို့ကို ကူညီစောင့်ရှောက်ပေးပါကွယ်နော့'

'သြော်… ဘာများလဲလို့ စိတ်ချပါ အဒေါ်ရယ်၊ စိတ်ချပါ၊ စိတ်ချသာသွားပါ၊ ကိစ္စဝိစ္စတွေ ပြီးစီးပြီဆိုမှသာ အေးအေးဆေးဆေး ပြန်လာခဲ့ပါ၊ ယုယုကြည်တို့သားအမိလိုအပ်တာမှန်သမျှ ကူညီဖို့ရာ အဆင်သင့်ပါပဲ အဒေါ်'

'သာဓုပါတော် သာဓုပါ၊ ကိုင်း… အစ်မနဲ့ တူမ ကြားကြတယ်မဟုတ်လား၊ ကျွန်မ ခရီးထွက်နေတဲ့ ရက်တွေမှာ မောင်ပန်းခွေး ရှောက်လာလိမ့်မယ်၊ ဘာမှပူစရာမလိုဘူး၊ လိုအပ်တဲ့အကူအညီ သူ့ဆီတောင်း၊ ဟုတ်ပြီလား'

ဒေါ်သာရှင်က ကောက်ပင်ရိတ်လှိုင်းစကားကို ဆိုလိုက်သည်။ ဘာပဲပြောပြော ခရီးသွားရမည့်သူ့အတွက်လည်း စိတ်ချလက်ချရှိရသကဲ့သို့ ကျန်ရစ်ခဲ့သူတွေအတွက်လည်း စိတ်မအေးစရာမရှိ။ သည့်အတွက် သစ်ရိပ်ဝါးရိပ်ထက် မိတ်ဆွေသင်္ဂဟရိပ်က ပို၍အေးသည်ဟု ဆိုလိုခဲ့လေသလား။

၆

''ဒေါ်သာရှင် ခရီးထွက်ပြီး နှစ်ပတ်မပြည့်ခင်မှာပင် ကိစ္စများအဆင်ပြေချောမွေ့ခဲ့လေသည်မို့ မြိုင်သေလာရွာသို့ ပြန်လာခဲ့ပါသည်။ ခရီးတစ်ထောက်နားတုန်း အိမ်အခြေအနေကို မေးမြန်းတီးခေါက်ကြည့်ရသည်။

'မောင်ပန်းခွေးလား၊ တော်ရှာတဲ့သူငယ်ပါပဲ' ဒေါ်သာရှင်

www.burmeseclassic.com

www.burmeseclassic.com



ခရီးထွက်တဲ့ရက်တွေမှာ ယုယုကြည်တို့သားအမိကို ညနေတိုင်းသွားပြီး လိုအပ်တဲ့အကူအညီတွေ ပေးရှာပါတယ်'

'သြော်… ဟုတ်လား'

အိမ်နီးချင်းတစ်ဦးထံမှ ကြားရသည့်သတင်းစကားကြောင့် ဒေါ်သာရှင် ရင်ထဲ ချမ်းမြေ့သွားရသည်။

'အင်း… မောင်ပန်းဒွေး… မောင်ပန်းဒွေး ငါမရှိတဲ့ရက်တွေမှာ သူ့ရည်းစားသောင်းသောင်းနဲ့ အကြောင်းတွေမကြားရလို့ ပျင်းများနေမလား၊ အင်းလေ သူ မပျင်းရအောင် ငါ့အစ်မနဲ့ငါ့တူမတို့က စကားဒေ့ထောက်ခံကြမှာပါ'

သည်သို့တစ်ကိုယ်တည်း တွေးတောရင်း ရွာတွင်းသို့ ဝင်ခဲ့၏။ ထို့နောက် သူမ၏ခြံထဲ…။

ထူးခြားသည်ကား ခါတိုင်း သူမ၏ အိမ်သည် တစ်ဦးမဟုတ် တစ်ဦးအသံဖြင့် ဝေစည်နေတတ်စမြဲ။ ခုတော့ ဘာသံမျှ မကြားရ။ တိတ်ဆိတ်ငြိမ်သက်လွန်းလှပါဘိ။

'ဟဲ့… အိမ်ကလူတွေ ဘယ်ကိုများ သွားကြသဲဟေ့၊ တိတ်ဆိတ်လှချည်လား၊ ငါပြန်ရောက်လာပြီဟေ့၊ ပြန်လာပြီ၊ ယုကြည်ရေ ဟေ့… ယုကြည်'

အိမ်ပေါ်ကိုတက်မိသည်နှင့် ဒေါ်သာရှင်၏ အသံက စူးစူးရှရှ ပေါ်ထွက်လာခဲ့သည်။

'ဟဲ့… ငါရှိပါတယ် သာရှင်ရဲ့၊ ဒီမှာ ဒီမှာ ထမင်းအိုးငှဲ့နေရင်းတန်းလန်းမို့ဟဲ့'

ဒေါ်သာမျှင်က ငှဲ့ပြီးသော ထမင်းအိုးအား တစ်ချက်နှစ်ချက်



ဆောင့်ရင်း မီးဖိုခွင်ပေါ် ပြန်တင်ကာ လှမ်းပြောလိုက်လေသည်။ သည့်နောက် ဒေါ်သာရှင် ပါလာသော ကုန်ပစ္စည်းအချို့ကို ဆွဲယူကာ နေရာတကျ သိမ်းဆည်းလိုက်လေသည်။

'ညည်းကို ခရီးရောက်မဆိုက်ဆိုသလို ပြောရဦးမယ် သာရှင်ရေ'

'ဘာများတုန်း မမသာမျှင်ရဲ့'

'ဘာဖြစ်ရမလဲအေ၊ မောင်ပန်းဒွေးပေါ့၊ မောင်ပန်းဒွေး'

'မောင်ပန်းဒွေး ဟုတ်လား၊ သူဘာဖြစ်လို့လဲ'

'သူ မနေ့ညကပဲ မိန်းမခိုးသွားပြီအေ့'

'ဟယ်… ဒီကနေ့နှယ် ဝါကျွတ်မပြောနဲ့ ငါပြန်လာတဲ့ထိ အောင်လေးတောင် မစောင့်နိုင်ပါကလား၊ အင်း… လေ တစ်နေ့မဟုတ် တစ်နေ့ ညားကြမယ့်ဟာပဲ၊ စောစောခိုးတော့လည်း စောစော (အဲ) အိမ်ထောင်ကျတာပဲပေါ့၊ အင်း… သောင်းသောင်းနဲ့ကြိုက်နေတာလည်း ကြာပဲ ကြာမင့်ဟာ၊ ခုတော့လည်း သူ့အိုးနဲ့သူ့ဆန် ဖြစ်သွားကြတာ ဝမ်းသာစရာပဲပေါ့ မမရယ်'

'အယ်… ညည်း ဘာတွေပြောနေတာလဲ၊ ညည်းထင်တာ တစ်ခုမှ မဟုတ်ဘူး'

'ဒါ… ဒါ… ဒါဖြင့်'

'ပန်းဒွေး ခိုးသွားတာ တခြားသူမဟုတ်ဘူး၊ ငါ့သမီး… အဲ ညည်းတူမအရင်းခေါက်ခေါက် ယုကြည်ဟဲ့၊ ယုကြည်ကို… အီး… ဟီး… ပြောမပြောချင်တော့ပါဘူးဟယ်'

www.burmeseclassic.com

www.burmeseclassic.com



'အမလေးလေး ရက်စက်ပ ပန်းခွေးရယ် ကောင်းကြသေးရဲ့လား အရပ်ကတို့'

အောင်သွယ်တော်ဒေါ်သာရှင်၏အဖြစ်က စင်ရော်ငှက်ငယ်ရေနစ်သည့်ကိန်း (သို့တည်းမဟုတ်) မြွေအလယ်မှာယ်ဆရာ ပိုးထိသည့်ကိန်း။

ဩော်... လောကကမ္ဘာမှာတော့ သြချစရာတွေက အများသားပါပဲကလား။

၆

'ဘာဖြစ်ရမလဲ
ကျွန်မဘက်က လွယ်လိုက်တာကိုး။
သည်တော့...
ကိုဇော်မိုးဦးဆိုတဲ့
သံသယတွေ ဝင်လာတယ် ထင်ပါရဲ့
ဒါကြောင့်ပဲ...
တစ်နေ့မှာတော့ ကျွန်မကို
ပြောင်ပဲ့ပွင့်မေးလာတော့တယ်။
ကျွန်မဟာ...
အပျိုစစ်သလား
မစစ်ဘူးလား ဆိုတာလေ'

www.burmeseclassic.com

www.burmeseclassic.com

မည်သည့်အလုပ်မဆို အစဉ်အမြဲ အောင်မြင်မှုချည်းရလေသည်မဟုတ်။ ရေစီးရယ် တစ်ခါ ရေသာရယ် တစ်လှည့်ဆိုတာမျိုးလည်း ရှိတတ်လေစမြဲ။

မကြာမတင်က ဖြစ်ခဲ့လေသည့် အဖြစ်ကိုပဲ ကြည့်…

မောင်ပန်းဒွေးနှင့်သောင်းသောင်းတို့ အဆင်ပြေအောင် ချစ်အကျိုးတော်ဆောင်ကြီး ဒေါ်သာရှင်အနေဖြင့် ကြိုးစားပမ်းစား ဆောင်ရွက်ပေးခဲ့သည်။ သည့်အတွက် အိုကေမှာ စိုပြေနေခဲ့ပြီ။ ဝါလကင်းလွတ် သီတင်းကျွတ်လျှင်ဖြင့် အာဝါဟ ဝိဝါဟတွေကို အသိအသွေသဟာတွေနှင့် ကြေညာမောင်းခတ် စုလျားရစ်ပတ်ကြတော့မည့်ဆဲဆဲ…။ ဒေါ်သာရှင်တစ်ယောက် ကိုယ်ရေးကိုယ်တာကိစ္စဖြင့် ရက်အနည်းငယ် ခရီးထွက်လေသည်မှ သိပ်မကြာ ကိုယ့်ရပ်ကိုယ့်ရွာ ပြန်အရောက် မောင်ပန်းဒွေးတစ်ယောက် သောင်းသောင်း၏ မျက်နှာ့ကလေးကိုမှ မထောက်တော့ဘဲ ဒေါ်သာရှင်၏တူမ ယုယုကြည်ကလေးအား သုတ်ပြေးသွားခဲ့လေသည် မဟုတ်လား။

သည့်အတွက် ချစ်အကျိုးတော်ဆောင်ကြီး ဒေါ်သာရှင်အဖို့ သင်ခန်းစာဥပဒေသကလေးတစ်ခုကို တူမဖြစ်သူနှင့်ရင်းလျက် ရှို့လိုက်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



'အင်း… ဖူးစာမှုထက် ဦးရာလူဖက်ကို ပါတတ်ကြပါလား၊ ဩော်… ဒုက္ခ… ဒုက္ခ၊ ရာဂတဏှာ၊ ဤရောဂါကား ကုရာနတ္ထိ၊ ဆေးမရှိပါကလားနော်'

သည်ကတည်းက ရှေ့လျှောက်ကြုံတွေ့ရမည့် သူမ၏ဝါသနာ ဘာဂီကိစ္စရပ်များအတွက် အထူးတလည် ဝါယမစိုက်ဖို့လိုအပ်ကြောင်း ဆင်ခြင်သတိတွေ ရှိခဲ့ပါလေပြီ။

❁

အခုကိစ္စကျတော့ အတော်ကလေးကို စဉ်းစားသုံးသပ်လေမှ ဆုံးဖြတ်ရမည့်ကိစ္စ။

သူတို့ရပ်သူတို့ရွာမှ ပညာထူးချွန်၍ မြို့ကျောင်းသွားတက်သော မိရွှေမာတစ်ယောက် ကြုံဆုံခဲ့ရလေသည့် ချစ်ရေးချစ်ရာ ပြဿနာတစ်ခု။

သည်ပြဿနာသည် သူ့ဘာသာသူ မြို့မှာမနေရစ်ခဲ့ဘဲ ခု ဒေါ်သာရွှင့်ထံသို့ တောင်ပံတဖျတ်ဖျတ်ခတ်ကာ ရောက်လာခဲ့ပါပကော။ ရတနာရှိရာ ရတနာစုဆိုသကဲ့သို့ ပြဿနာဖြေရှင်းရာသို့ ပြဿနာတွေ စုဝေးရောက်ရှိလာခြင်းပေလား။

'ကိုင်း… ပြောစမ်းပါဦး မိရွှေမာ၊ ညည်း ဘယ်လိုကြုံနေရလို့လဲ၊ ဘာမှမရှက်နဲ့ မကြောက်နဲ့၊ အမှန်အတိုင်းဖွင့်ပြောမှ အမှန်အတိုင်း ငါ့ဘက်ကလည်း သိထားမှ ဒီပြဿနာကို ဘယ်လိုမျိုး ကိုင်တွယ်ဖြေရှင်းရမယ်ဆိုတာ အဖြေပေါ်မှာ၊ စကားတောင် အရှိုသား

www.burmeseclassic.com



မဟုတ်လားအေ၊ ရောဂါနှင့်ဆေး၊ သင့်တော်အောင်ပေးက ပျောက်ရေး ဘယ်မှာ မခက်ပါဆိုတာလေ'

အတွေ့အကြုံ များမြောင်လှပြီဖြစ်သည့် ဒေါ်သာရွှင်၏ အခေါ် အပြောတွေကလည်း ညက်မှညက်။ သည်တော့လည်း ကွဲချင်သည့် အိုး တုတ်ကလေးမိုးရုံနှင့်ကွဲဆိုသကဲ့သို့ ငိုချင်လျက် လက်တို့ဖြစ်နေသော မိရွှေမာအဖို့ သူမ၏ ရင်ထဲတည်စွ ခံစားမှုအပေါင်းအား သောင်းသောင်းညံညံ ဖြောင်းဖြောင်းဆံမျှ မိုးရေပမာ သွန်းချလိုက်ပါတော့သတည်း။

'ပြဿနာက ဒီလို အရီးရဲ့'

'အေး… ပြော… ပြော'

'ကျွန်မ မြို့ကျောင်းသွားတက်တော့ ကျွန်မနဲ့ အတန်းတူ ရောဘတ်ဝေသာဆိုတဲ့ အရေးပိုင်သားတစ်ယောက်နဲ့ သမီးရည်းစား ဖြစ်ခဲ့ကြတယ်၊ ကျွန်မလည်း ရည်းစားသနာ တစ်ခါမှ မထားခဲ့ဖူးတော့ ရောဘတ်ဝေသာကိုပဲ တစ်လောကလုံးမှာ ငါ့ကိုချစ်တာ၊ ငါကချစ်ရတာ၊ သူတစ်ယောက်ပဲရှိတယ်ဆိုပြီး အချစ်ကိုအယုံကြည်ပြီး ယုံကြည်ခဲ့လို့ ကျွန်မအမြတ်တနိုးထားခဲ့တဲ့ အပျိုဘဝကို သူ့လက်ထဲဝကွက်အပ်ခဲ့ပါတယ် အရီးရယ်'

သည်စကားကြားရတော့ လူပျိုဆိုလျှင် ရင်ဖိုတောင်မှ အသမ်းမခံခဲ့ရဖူးလေသော အရွယ်သီအရွယ်ဟိုင်း အပျိုကြီး ဒေါ်သာရွှင်၏ ရင်ထဲ ဒိုင်းခနဲဖြစ်သွားရ၏။ ဖသောဖဿဝေဒနာများ ခံစားလိုက်ရ၏။ အောင်မလေး လေး ခြေဖျားလက်ဖျားတွေပင် အေးစက်ချင်သလိုလို။

www.burmeseclassic.com

www.burmeseclassic.com



'ကိုင်း… ဟုတ်ပါပြီ၊ ဆက်ပြောပါဦး မိရွှေမာ'

'ဟုတ်ကဲ့၊ နားနဲ့မနာ ဖဝါးနဲ့နာပါ အရီးရယ်၊ သည်လိုမျိုး အတွေ့အကြုံမရှိခဲ့ဖူးတော့ ကျွန်မလည်း ရောဘတ်ဝေသာရဲ့အပြုအစု၊ အယုအယ၊ ပတ်ချွဲနှပ်ချွဲတွေကြားမှာ ပျော်ဝင်သွားလိုက်တာကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လို့ ဘာဖြစ်မှန်းတောင် မသိခဲ့ဘူး၊ သာယာနှစ်သက်မှု အပြည့်နဲ့ ကျေနပ်နေခဲ့တယ်'

'ဒါပေမဲ့ ရောဘတ်ဝေသာဟာ စားနေကျကြောင်ပါးမှန်း တစ်နေ့ကျတော့ သိလာခဲ့ရတယ်၊ သူလိုချင်တာလည်း ရခဲ့ပြီ၊ ဝအီအောင်လည်း စားခဲ့ပြီးပြီဆိုတော့ ကျွန်မကို ခွာထုတ်ပြီး သူ့မိဘတွေ ပေးစားတဲ့သူနဲ့ လက်ထပ်သွားခဲ့တယ်၊ ကျွန်မမှာသာ အပျိုလိုမနေ့မိလို့ ကိုယ်ရိတာလေးပဲ ဖြစ်ခဲ့ရတယ်၊ ဒါနဲ့ပဲ ကျွန်မအဒေါ်တွေရှိတဲ့ မိတ္ထီလာဘက်ကို ရှောင်ပြေးရတော့တယ်၊ တော်ပါသေးရဲ့၊ ရောဘတ်ဝေသာရဲ့ အမွေတွေ ကျွန်မမှာ အထုပ်နဲ့အထည်နဲ့ မကျန်ခဲ့လို့၊ ကျန်များသာ ကျန်ခဲ့လို့ကတော့ ကျွန်မဘဝတော့ ရေစုန်မျောပြီ အရီး၊ ကျွန်မ မိဘတွေလည်း ရပ်ထဲရွာထဲ မျက်နှာပြရဲမှာတောင် မဟုတ်တော့ဘူး'

'အေး… အဲဒီဝန်ထုပ်ဝန်ပိုးတွေ ညည်းခန္ဓာမှာ မကျန်ခဲ့တာပဲ ဝမ်းသာလိုက်စမ်းပါ၊ ဒါကြောင့် မိန်းကလေးတစ်ယောက်အဖို့ အိမ်ထောင်ရက်သားမကျသေးဘဲနဲ့ ဘယ်တော့မှ ခေါင်းလေးတစ်ညိတ်မလုပ်မိဖို့ သိပ်ကိုဂရုထားရတယ်၊ ဒါ သင်ခန်းစာပဲ'

'ဟုတ်ပါတယ် အရီးရယ်၊ ကျွန်မလည်း သည်တစ်ခါကြုံလိုက်ရတာနဲ့တင် တစ်သက်စာဖူလုံသွားခဲ့ပါပြီ'



'ဟုတ်ပါပြီ၊ ဟုတ်ပါပြီအေ၊ အဲ… မိတ္ထီလာကိုရောက်သွားတော့ ဘာတွေဆက်ဖြစ်သလဲ၊ ပြောစမ်း၊ ပြောစမ်း'

'ဟုတ်ကဲ့ မိတ္ထီလာရောက်တော့ ကျောင်းဆက်တက်ချင်စိတ်ကုန်တာနဲ့မ တက်ဖြစ်တော့ပါဘူး၊ အဒေါ်တို့ကလည်း ကျွန်မကို သမီးရင်းလို သိပ်ချစ်ကြတော့ အရာရာ ကျွန်မ သဘောပါ၊ အဒေါ်ခင်ပွန်း ဦးလေးဟာလည်း ကျွန်မကို အဒေါ်လိုပဲ ချစ်ရှာပါတယ်၊ ဦးလေးက မိတ္ထီလာက စက်ရုံတစ်ခုမှာ အရာရှိတစ်ယောက်လေ'

ထားပါတော့။ မိတ္ထီလာရောက်တော့ ကိုဇော်မိုးဦးဆိုတဲ့သူနဲ့ ဆုံပါတယ်။ သူက ဦးလေးနဲ့အရမ်းခင်တယ်။ ဦးလေးကလည်း သူ့ကို သိပ်အရေးပေးတော့ အိမ်ကို တံခါးမရှိ ဓားမရှိ ဝင်ထွက်နေတာပေါ့။ တစ်နေ့ ကိုဇော်မိုးဦးက အိမ်မှာ အိမ်သားတွေမရှိတုန်း ရောက်လာပြီး ကျွန်မကို ချစ်နေမိတဲ့အကြောင်း ဖွင့်ဟလာတယ်။ ပြီးတော့ သူ့အချစ်ကို လက်ခံ၏။ လက်မခံ အဖြေတောင်းလာခဲ့တယ်။ ကျွန်မကလည်း ခံမှန်ဖူးတဲ့ စာသူငယ်တစ်ကောင်ဆိုတော့ ချက်ချင်းအဖြေမပေးသေးဘဲ အချိန်ဆွဲထားလိုက်တယ်။ ဦးလေးအပါအဝင် အဒေါ်တို့တစ်အိမ်သားလုံးကလည်း ကိုဇော်မိုးဦးကို တူသားနောင်မယ်လို ခင်မင်အရေးပေးနေတာမြင်ရတော့ ကျွန်မလည်း ငြင်းစရာမရှိလောက်ဘူးဆိုပြီး နောက်ဆုံးမှာ ကိုဇော်မိုးဦးလိုချင်တဲ့အဖြေ ပေးလိုက်ပါတော့တယ်။

'ကောင်းတာပေါ့အေ၊ ကိုယ်ကလည်း နှစ်သက်၊ လူကြီးသူမတွေကလည်း ကြည်ဖြူဆိုတော့ ညည်း ကုသိုလ်ကံကောင်းတာပေါ့ဟဲ့ မိရွှေမာရဲ့'

www.burmeseclassic.com

www.burmeseclassic.com



'အောင်မလေးလေး အဆုံးအဖြတ် မစောလိုက်ပါနဲ့ဦး ကောက် ချက်ချမစောလိုက်ပါနဲ့ဦး အရီးရယ်၊ ကျွန်မတော့ နှလုံးလမ်း ကြောင်းမှာ ကျွန်းခံနေလို့လားမသိဘူး၊ ယောကျ်ားတွေနဲ့ ပတ်သက် လာရင် ဂြိုလ်ဆိုးတွေဝင်နေတာပဲ'

'ဘယ်လို… ဘယ်လို၊ သေသေချာချာ လုံးစေ့ပတ်စေ့ ပြော စမ်းပါအေ'

'ဟုတ်ကဲ့ပါ အရီးရယ်၊ ကိုဇော်မိုးဦးလည်း ကျွန်မဆီကလို ချင်တဲ့အဖြေရပြီဆိုတော့ ပျော်တပြုံးပြုံးနဲ့ပေါ့၊ ကျွန်မကိုလည်း အရေး ပေးလိုက်တာ လွန်ပါရော၊ ကျွန်မလည်း ဒီတစ်ခါတော့ဖြင့် ငါ့အပေါ် နှစ်နှစ်ကာကာ ချစ်တဲ့ လက်တွဲဖော်ရပြီဆိုပြီး ဝမ်းသာလိုက်ရတာ ပြောမပြတတ်အောင်ပါပဲ၊ နှစ်ယောက်သား သွားသွားလာလာနဲ့ ဆိတ် ငြိမ်တိတ်ဆိတ်တဲ့နေရာရောက်တော့ သူကတောင်းဆိုတာနဲ့ကျွန်မလည်း လိုက်လျောခဲ့ပါတယ်'

ဒေါ်သာရွှင့်ရင်ထဲ ဒိန်းခနဲဖြစ်ရပြန်ပါ၏။ မိရွှေမာက ဖြစ်ရိုး ဖြစ်စဉ်အတိုင်းပြောနေသော်လည်း အဆိုပါအဖြစ်သနစ်ကြား၍ ရင် တလှပ်လှပ်ခုန်နေသူက ဒေါ်သာရွှင်ပဲဖြစ်တော့သည်။ ကိုယ်ကိုယ် တိုင် မျက်ရည်မကျဖူးသေးလေကား သူတစ်ပါး၏ ရိုက်သံသည် ဘယ်လိုများအနေအထားရှိပါအံ့နည်း။

'အဲသည်မှာ ရောဘတ်ဝေသာတုန်းက အတွေ့အကြုံရှိထား ခဲ့တာမို့ ကိုဇော်မိုးဦးနဲ့ဆုံကြတော့ သူ့အလိုကို ချစ်လွန်းလွန်းလို့ ကြည် ကြည်ဖြူဖြူလိုက်လျောမိတာကိုကပဲ ကျွန်မဘဝကို တိမ်သလ္လာတွေ ဖုံးစေခဲ့တယ် အရီး'



'ဟယ်…တော့၊ ဘယ်နှယ်ဖြစ်ပါလိမ့်'

'ဘာဖြစ်ရမလဲ၊ ကျွန်မဘက်က လွယ်လိုက်တာကိုး၊ သည် တော့ ကိုဇော်မိုးဦးစိတ်ထဲ သံသယတွေ ဝင်လာတယ်ထင်ပါရဲ့၊ ဒါကြောင့်ပဲ တစ်နေ့မှာတော့ ကျွန်မကို ပြောင်ပဲဖွင့်မေးလာတော့ တယ်၊ ကျွန်မဟာ အပျိုစစ်သလား၊ မစစ်ဖူးလားဆိုတာလေ'

ကျွန်မအနေနဲ့ ကိုဇော်မိုးဦးအပေါ် ချစ်ခဲ့မိလို့လည်း တကယ် ချစ်ရမယ့်သူ့ တစ်ဘဝလုံး လက်တွဲရမယ့်သူအပေါ် မညာချင်ပါဘူး သည့်အတွက် ရောဘတ်ဝေသာနဲ့ဖြစ်ပျက်ခဲ့တာတွေကို ပြောပြခဲ့ပါ တယ်။ လှည့်လည်း မလှည့်စားချင်တော့ဘူး။

'ဒီတော့ သူက ညည်းကို သိပ်ရိုးသားတာပဲဆိုပြီးခွင့်လွှတ် လိုက်ရော ဆိုပါတော့'

'ဘယ်ကလာ တစ်ခါတည်းကို ကျောခိုင်းသွားတာ အရီးရဲ့၊ တစ်ခါတည်းကို ကျောခိုင်းသွားတာ'

'ဟေ… ဖြစ်မှဖြစ်ရလေ အေရယ်'

မေတ္တာလမ်းကြောင်း မဖြောင့်ဖြူးခဲ့လေသော မိရွှေမာကို ကြည့်လျက် ဒေါ်သာရွှင်မှာတော့ ပါးစပ်ကြီးအဟောင်းသား။

'ကိုင်း… ဆက်ပါဦး မိရွှေမာရယ်၊ ညည်းအဖြစ်ကလည်း တစ်ဖုတောင် မကဘူး၊ နှစ်ဖုတောင် နာရတဲ့ကိန်းချည်းပါကလား'

'အကြောင်းကံပေးလာတဲ့ ကံစီမံရာအတိုင်းပဲ ဆိုပါတော့ အရီးရယ်၊ ကျွန်မလည်း သစ်စိမ်းချိုး အချိုးခံလိုက်ရတဲ့အတွက် မိတ္ထီလာမှာ နေချင်စိတ်ကုန်သွားပြီး လူသစ် စိတ်သစ်နဲ့ ဘဝသစ်စ မယ်ဆိုပြီး ပုသိမ်ချောင်းသာမှာရှိတဲ့ အမေ့အစ်ကို ဘကြီးတို့ဆီရောက်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါလေရော၊ ဘကြီးက အုန်းခြံကြီးရှိတယ်၊ ချောင်းသာကမ်းခြေနဲ့ လည်း အနီးကလေးဆိုတော့ ချောင်းသာပင်လယ်ပြင်မှာ ရေကူးလိုက် ခရုလေးတွေကောက်လိုက်၊ ကုလားကျွန်းဘက်ကူးလိုက်၊ သဲဖြူသောင် ကိုရောက်လိုက်နဲ့ အတိတ်ဝေဒနာကို မေ့ပျောက်လို့ရအောင် ကုစားနေမိ တယ်၊ အဲဒီမှာ အချိန်ဆိုတဲ့ သမားတော်ကြီးက အစွမ်းထက်ပေသား ပဲနော်၊ သူ ကုစားပေးလို့ပဲ အတိတ်ဝေဒနာတွေဟာ တော်တော်လေး လျော့ပါးသွားခဲ့တယ်။

ဒါပေမဲ့ ကံဆိုးမ သွားရာ မိုးလိုက်လို့ရွာချင်သလား မသိပါ ဘူး အရီးရယ်။

'ဟော… ဘာဖြစ်ရပြန်တာတုန်း'

'ကျွန်မကိုချစ်ခွင့်ပန်လာသူတစ်ယောက် ရှိလာလို့ပေါ့၊ သူက ချောင်းသာကမ်းခြေမှာရှိတဲ့ ဘန်ဂလိုတွေရဲ့ ပိုင်ရှင်တစ်ယောက်လေ၊ နာမည်က ကိုမောင်သန်းဝင်းတဲ့'

'ဟဲ့… ကောင်းတာပေါ့ဟဲ့၊ အခြေနဲ့အနေနဲ့ဟာပဲ'

'အဲသည်အတွက် အရီးဆီက အကြံဉာဏ်လာယူတာ၊ ရှေ့ ဆက်ပြီး ဘယ်လိုဇာတ်လမ်းရှေ့ဆက်ရမယ်ဆိုတာလေ'

'အင်း'

ဒေါ်သာရွှင်၏ သက်ပြင်းချသံက လေးလေးပင်ပင်။

အကြံဉာဏ်ထုတ်သည့်အလား ပြောင်းဖူးဖတ်လိပ်ကြီးကို ယူ ကာ ကြေးမီးခြစ်ခြစ်ပြီး တစ်စုံတစ်ခုကို စဉ်းစားမိသည့်အလား မျက်နှာ တစ်ပြင်လုံး ဝင်းလက်သွားသည်။



'အေး… ဒီနေရာမှာ ငါ့အတွေ့အကြုံအရ ငါ စဉ်းစားမိ သလောက် ပြောမယ်နော်'

'ပြောပါ အရီးရယ်၊ ပြောပါ'

'လောကမှာ မိန်းမတွေကို အူတိုမျိုးလို့ ပြောကြတယ်၊ ဒါ သိပ်ကိုမှားတယ်၊ တကယ့်တကယ် အူတိုတာဟာ မိန်းမတွေ မဟုတ် ဘူး၊ ယောကျ်ားတွေဟေ့၊ ယောကျ်ားတွေ၊ သဘောထားသေးသိမ်တာ လည်း ခင်းတို့ယောကျ်ားတွေပဲ၊ ခုပဲကြည့်လေ ညည်းလူ ဇော်မိုးဦး ဆိုတဲ့ကောင် ညည်းအပေါ် တကယ်ချစ်ရိုးမှန်ရင် နားလည်ခွင့်လွှတ် ရမှာပေါ့၊ ညည်းကို အပျိုမစစ်ဘူးဆိုပြီး ကျောခိုင်းသွားတယ်၊ တကယ် ဆို ခင်းကကော လူပျိုစစ်စစ်လို့ ပြောနိုင်မှာတဲ့လား၊ ဟွန်း… ဝေး ပါသေးရဲ့'

'ဟာ… ဒါ… အမှန်ပဲ အရီး၊ မိတ္ထီလာမှာတုန်းက အဒေါ်နဲ့ ဦးလေးကိုပဲကြည့်တော့၊ ဦးလေးက အဒေါ်ရှေ့မှာ သူငယ်ငယ်တုန်း က မိန်းကလေးရည်းစားတွေ ဘယ်လောက်စွံခဲ့တယ်ဆိုတဲ့အကြောင်း ရေပက်မဝင်ပြောပြီး သူ့ကိုယ်သူ ရင်ကော့ဂုဏ်ယူနေလိုက်တာ၊ အဲဒီ မှာ အဒေါ်က တစ်ခွန်းပဲ ပြောလိုက်တယ်၊ ဒီမှာကိုအတ္တာ…တဲ့၊ ရှင် ငယ်ငယ်က ဘယ်လောက်စွံတယ်ဆိုတာကို အသာထားပါ၊ ကျွန်မ ငယ်ငယ်က စွံခဲ့တာကို ခုနေပြောလိုက်ရင် ရှင် ကျွန်မကို ပေါင်းချင် မှာတောင် မဟုတ်ဘူးဆိုပြီး လုပ်ချလိုက်တာ ဦးလေးခမျာ ပတ်တော ကို တစ်ခါတည်း ပိတ်သွားတာပဲ အရီး'

'ဟုတ်တာပအေ၊ ဟုတ်တာပ၊ မိန်းမများ ဖောက်ပြန်ကြည့် စားမိုးရွာပြီး လူသတ်ဖို့တောင် ဝန်မလေးကြတာ ယောကျ်ားတွေပဲ၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့ယောကျ်ားတွေ ဖောက်ပြားမိပြီဆိုရင်တော့ ဒါက ဖြစ်တတ်ပျက်တတ်တဲ့ ဓမ္မတာတွေပါပဲကွာလို့ လျှော့ချတတ်ကြတာပဲ မဟုတ်လား၊ ယောကျ်ားတွေဟာ မိန်းမတစ်ယောက်မကယူထားတတ်ကြပေမဲ့ မိန်းမတွေမှာတော့ တစ်လင် တစ်ခင်ပွန်းပဲ ထားတတ်ကြတယ်'

သည်တော့ မိရွှေမာရဲ့အဖြစ်ကို လေ့လာမိပြီး ဆင်ခြင်သုံးသပ်ရမယ်ဆိုရင် မိန်းကလေးတွေအနေနဲ့ ဘဝအိမ်ထောင်ရေးကို စဉ်းစားတော့မယ်ဆိုတဲ့အခါ ချစ်သူတို့ရဲ့အတိတ်ကအဖြစ်အပျက်ကို တစ်ဦးနဲ့တစ်ဦး အသိပေးထားသင့်တာ မှန်ကောင်းမှန်နိုင်ပေမဲ့ အကြွင်းမဲ့အလုံးစုံ ကုန်စင်အောင် မပြောသင့်ဘူးလို့ထင်တယ်၊ ဘာကြောင့်ဒီလိုပြောရသလဲဆိုရင် ကိုဇော်မိုးဦးနဲ့ဆုံတဲ့အခါတုန်းက အတိတ်ကအကြောင်းကို လျှို့ဝှက်သင့်သလောက် လျှို့ဝှက်သင့်တာပေါ့၊ မသကာကိုယ့်ဘက်က လိပ်ပြာမသန့်လို့ ဖွင့်ပြောပြမယ်ဆိုရင်တော့ အဆုံးစွန်ကိစ္စကို ချန်လှပ်မြှုပ်ကွယ်ထားသင့်တယ်၊ မပြောမဖြစ် ပြောရပြီဆိုရင် ရောဘတ်ဝေသာနဲ့ ရည်စားဖြစ်ခဲ့ဖူးတယ်၊ သူက ညည်းအပေါ်သူလိုချင်တာရဖို့ ကြိုးစားဖူးပေမဲ့ ရှောင်တိမ်းကာကွယ်ခဲ့တဲ့အကြောင်းပြောလိုက်ရင် ဇော်မိုးဦးဟာလည်း ညည်းကို စိတ်မသတီတာတွေရှိတော့မှာ မဟုတ်ဘူး၊ ကျောခိုင်းသွားမှာလည်း မဟုတ်ဘူး'

ပြီးတော့ ဇော်မိုးဦးကို အဲသလောက်ပြောထားရုံနဲ့လည်း ကိစ္စက မပြီးသေးပြန်ဘူး။ သူနဲ့ပြောဆိုဆက်ဆံတဲ့အခါမှာ ရှက်သလိုလိုကြောက်သလိုလို ရွံ့သလိုလို အပျိုစင် အပျိုရိုင်းကလေးလို ထင်သွားရအောင် နေတတ်ထိုင်တတ်ဖို့လည်း အရေးကြီးတယ် မိရွှေမာရဲ့၊ ဒါ



လောက်ဆိုရင် ခု ညည်းနဲ့ဆုံတွေ့နေရတဲ့ ဘန်ဂလိုတွေပိုင်ရှင်နဲ့ ရင်ဆိုင်ရတဲ့အခါ ဘာတွေဘယ်လိုလုပ်ရမယ်ဆိုတာ သဘောပေါက်ရောပေါ့။ ငါတော့ ဒီလောက်ပဲ အကြံပေးတတ်သအေ။

'ဟာ… ဒီလောက်အကြံဉာဏ်ပေးနိုင်တာကိုကပဲ ကျွန်မအတွက်တော့ ရွှေထက်မက တန်ဖိုးရှိပါတယ် အရီးရယ်၊ ကျွန်မအတွက် ဘယ်လိုဆက်ပြီး စခန်းသွားရမယ်ဆိုတာ သဘောပေါက်သွားပြီ'

သည့်နောက်မှာတော့ မိရွှေမာလည်း အောင်သွယ်တော်အပျိုကြီးဒေါ်သာရွှေအား ပုသိမ်ချောင်းသာပြန်လက်ဆောင် ငါးခြောက်ငါးခြမ်းများကို လက်ဆောင်ပေးကာ ပြန်သွားခဲ့ပါသတည်း။

❀

ပုရိသအနွယ်ဝင် ယောကျ်ားတို့အနေဖြင့် အပျိုကြီးဒေါ်သာရွှင်ပေးလိုက်သော အကြံဉာဏ်များကို ကြားသိရပါက အင်မတန်ချစ်ကျိုးနည်းကြမည်မှာ သေချာသည်။ လှည်းကျိုးကို လှည်းကျိုးမှန်းမသိဘဲ နွားသိုးကြိုးပြတ်ထမ်းမိကြမှာလည်း သေချာသည်။

မည်သို့ဖြစ်စေ ဒေါ်သာရွှင်အနေနှင့်မူ ရှေ့နေများကျင့်ရိုးထုံးစံသဖွယ် ကိုယ့်ထံအမှုလာအပ်သူသည် တရားလိုဖြစ်ဖြစ် တရားခံဖြစ်ဖြစ် ငှားရမ်းလာသူ၏ အကျိုးကိုသာ ရှေ့ရှုရမည့်နည်းတူ ခုကိစ္စ၌လည်း မိရွှေမာအပေါ် အလေးသာရမည်မဟုတ်ပါကလား။

သည်သို့ဖြင့် နေ့ကိုလစား၍ လကိုနှစ်ကဝါးမျိုခြင်းမပြုမီကာလတစ်ခု၌ လူကြုံဖြင့် ဒေါ်သာရွှင့်ထံ စာတစ်စောင်ရောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အသုံးလုံးကျေသင်တန်းဆင်းဖြစ်လေသည်မို့ ဒေါ်သာရှင်အဖို့ စာဖတ်ဖို့ရာ မခဲယဉ်းပါ။

'အောင်မာ မိရွှေမာ ထည့်လိုက်တဲ့စာပါကလား၊ ကောင်မတော့ အခြေအနေ ဘယ်လိုရှိမယ်မပြောတတ်ဘူး၊ အင်းလေ စာဖတ်ကြည့်မှပဲ အကျိုးအကြောင်း ဘယ်နှယ်ဆိုတာ သိရမှာပဲ'

သည်သို့ရေရွတ်ရင်း စာအိတ်ကိုဖွင့်ဖတ်လိုက်သည်။

*အရီးသာရှင်*

*အရီးကိုလေ ကျွန်မ သိပ်ပြီးကျေးဇူးတင်တာပဲ သိလား။ ကိုမောင်သန်းဝင်းဆိုတဲ့ ကိုမောင်ကလည်း ကျွန်မကို သိပ်ချစ်တယ်။ မာ… မာနဲ့ တစ်ချိန်လုံး ပျော်တယ် ကိုမရှိဘူး။ မာနေတော့တာပဲ။ နှစ်ဦးနှစ်ဖက် နားလည်မှု တွေရလို့ ရှေ့လထဲ ပုသိမ်တရားရုံးမှာတင် လက်ထပ် ကြပါမယ်၊ ရွာမှာလည်း မင်္ဂလာဆွမ်းကျွေးဦးမှာလေ၊ အဲသည်ကျမှ အရီးရဲ့ကျေးဇူးကို ဆပ်ရမယ်။ အရီးရဲ့ သတိပေးချက်ကလေးတွေဟာ ကျွန်မအတွက်တော့ ဘဝတစ်သက်စာကောင်းစားဖို့ ဖြစ်သွားရပါပြီ။ ရွာ ပြန်ရောက်မှ လာတွေ့ပါဦးမယ်နော်။*

*သတိရစွာဖြင့် ချောင်းသာကမ်းခြေမှ*

***မိရွှေမာ***

ဒေါ်သာရှင်မှာတော့ မိရွှေမာထံမှ စာကောင်းပေမွန်လေး ဖတ်ရှုရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ၍မဆုံး။ သူတည်းတစ်



ယောက် မောင်းဖို့ရောက်ရန်အတွက် သူတစ်ယောက်ပျက်ရသည်က တော့ မမှုတာပါပဲလေဟု ကမ္ဘာသကာ သဘောထားလိုက်တော့သည်။

❁

တဲကယ်ဆို မိရွှေမာတို့ ဇာတ်လမ်းက နိဂုံးကမ္ပတ်အနားသတ်နေပါချေပြီ။ သို့ရာတွင် သည်အတိုင်းထား၍ ဇာတ်ကမလှပ။ ဒေါ်သာရှင်၏ ဗျူဟာကိုလည်း အရောင်တင်ပေးရာမကျဖြစ်ရမည်ပင်။ သည်တော့လည်း မိရွှေမာ၏ ခင်ပွန်းသည်ဘဝရောက်ရှိတော့မည့် ဘန်ဂလိုဒ်ရှိပ်သာပိုင်ရှင် ကိုမောင်သန်းဝင်းနှင့် သူ့မိတ်ဆွေပွဲရုံပိုင်ရှင် ကိုကောက်တို့ ဘီယာ၌ ဝီစကီစွက်ကာ အပန်းဖြေကြရင်းမှ ကာယကံရှင်ကိုမောင်သန်းဝင်း၏ ပြောစကားများကို ဖော်ပြပေးပါမှ ဤဇာတ်သွားကို ကြွတက်လာအောင် ပံ့ပိုးပေးနိုင်မည် ထင်မြင်ယူဆသဖြင့် ဟုတ်ကဲ့… တစ်ညချမ်းကာလ ချောင်းသာကမ်းစပ်ရှိ ဘီယာဆိုင်၌ ကိုမောင်သန်းဝင်းနှင့် ကိုကောက်တို့ ဘီယာစုပ်နေကြလေ၏။

'ဗျို့ ကိုမောင်သန်းဝင်း ခင်ဗျားနဲ့ ဟိုအုန်းခြံပိုင်ရှင်ဦးချစ်ရဲ့ တူမလေးတို့ လက်ထပ်ကြတော့မလို့ဆို၊ ကွန်ကရက်ကျူလေးရှင်ပဲဗျာ၊ ဘယ်လို ဘယ်လိုကြံလိုက်တယ်ဆိုတာ လင်းစမ်းပါဦး'

'လင်းမှာပေါ့ ကိုကောက်ရယ်၊ လင်းရမှာပေါ့၊ ခင်ဗျားနဲ့ ကျုပ်ဆိုတာ ဒီလောက် ကာလရှည်ကြာ ခင်ခင်မင်မင် တွဲလာခဲ့ကြတဲ့ ယမကာသင်္ဂဟာအဖွဲ့ဝင်တွေပဲဟာ၊ ကျုပ်ရဲ့အိမ်ထောင်ရေး ဒဿနတစ်ခုကတော့ ကျုပ်ဘဝမှာ ဘယ်တော့မှ ပန်တော်ကျဆိုတာကို မယူမိဖို့ပဲ၊ ခု ကျုပ်နဲ့လက်ထပ်တော့မယ့် မာ ဆိုတဲ့ မိန်းကလေးဟာ အင်မတန်

www.burmeseclassic.com

www.burmeseclassic.com



ချော၊ အင်မတန်လှ၊ အင်မတန်မှလည်း ကျက်သရေရှိပြီး တကယ့်ကို မိုင်းကောင်းကျောက်ဖိလေးဗျ’

‘နေပါဦး၊ ခင်ဗျားနဲ့ ဘယ်လိုလုပ်တွေ့ကြတာလဲ’

‘ရိုးရိုးစင်းစင်းလေးပါဗျာ၊ သူ့ဘကြီးနဲ့အတူ အုန်းသီးတွေလာသွင်းရာကနေ ဆုံတွေ့ခဲ့ကြတာပါပဲ၊ သည်လိုနဲ့ပဲ တစ်စတစ်စ ရင်းနှီးလာခဲ့ကြရာက စိတ်ဝင်စားသွားမိတာပဲ၊ အံ့မယ် မာကလည်း အလောသားပဲဗျ၊ သူ့ကိုပိုးပန်းကြတဲ့သူတွေဟာ တစ်ပုံကြီးပဲတဲ့၊ ပြောမယ်ဆိုလည်း ပြောလောက်ပါရဲ့၊ မာကလည်း တကယ့်ကိုချော၊ တကယ့်ကိုလှတဲ့သူကိုး၊ အေး… အဲဒီမှာ ရောဘတ်ဝေသာရယ်၊ ဇော်မိုးဦးဆိုတာရယ်နဲ့ သမီးရည်းစားဖြစ်ခဲ့တာကို နောင်မရှုပ်ရလေအောင် ခုကတည်းက ရှင်းထားမယ်ဆိုပြီး ပွင့်ပွင့်လင်းလင်း ပြောပြရှာတယ်၊ တကယ့်ကို အရိုးခံမလေးပဲ ကိုကောက်၊ သူမအပေါ် အဲသည်နှစ်ကောင်က အပိုင်စည်းရုံးသေးတယ်တဲ့၊ သူ့ခမျာ မနည်းလွတ်အောင်ရှောင်တိမ်းပြီး ခွာခဲ့တယ်တဲ့ဗျ’

‘တယ်ဟုတ်ပါကလားဗျာ၊ ခင်ဗျားတော့ ပွတာပဲ၊ တကယ့်အရိုးခံမလေးနဲ့ ဆုံလိုက်တာ’

‘အို… အဲသလို လွယ်လွယ်မပြောလိုက်နဲ့လေဗျာ၊ ကျုပ်က ဘယ်သူဘယ်ဝါပြောပြော အလွယ်တကူ ယုံတတ်တာမျိုးမဟုတ်ဘူး၊ တစ်ရက်တော့ သူ့ဘကြီးမအားလို့ သူ အုန်းသီးတွေလာပို့တုန်း ချစ်ခွင့်ပန်လိုက်တယ်၊ အဖြေက တော်တော်နဲ့မရဘူး၊ နောက်မှရတာ၊ ဒီလိုနဲ့ တစ်နေ့မှာ ကျုပ်တစ်ယောက်တည်း ရှိနေတဲ့ ဘန်ဂလိုကိုရောက်လာတယ်၊ သူ့ဆီက ခက်ခက်ခဲခဲပဲ အဖြေရလိုက်တယ်၊ အဲဒီမှာ ကျုပ်က



လည်း အံ့တိုနေပြီဖြစ်တဲ့ ကြောင်ဘားကြီးမို့ နည်းပေါင်းစုံသုံးပြီး ဟီဟိ၊ အစွံထုတ်လိုက်ရသဗျာ၊ မာ့ခမျာ ရှိုက်ကြီးတငင် ငိုလိုက်တာ၊ သူ့အမြတ်တနိုးထားတဲ့ ဘဝတော့ဆုံးပါပြီပေါ့၊ ဘာပေါ့၊ ညာပေါ့နဲ့၊ အစရှိရင် အနှောင်နှောင်ဆိုပေမဲ့ သိက္ခာကျွန့်ခြေကိုတော့ အင်မတန်ထိန်းတဲ့ မိန်းကလေးမှန်း တဖြည်းဖြည်းသိလာရတယ်၊ အတွေ့အကြုံလည်း ဘာမှမရှိလို့ ကျုပ်ကပဲ ဟဲ… ဟဲ… ဟဲ…’

တကယ်တော့ မာဟာ ကျုပ်တွေ့ဖူးတဲ့ မိန်းကလေးတွေထဲမှာ တကယ့်ကို အပျိုစစ်စစ်ပါ။ ကျုပ်အဖို့ ပန်တော်ကျူမဟုတ်ဘဲ အပင်မှာတင် ဖူးရာမှငုံ ငုံရာမှပွင့်လာတဲ့ လန်းလန်းဆန်းဆန်း ကံ့ကော်ပန်းကို မှ ရှိုက်နမ်းပန်ဆင်ခွင့်ရလိုက်လို့ ငါလိုလူ ဖမ္ဗူမှာရှိရဲ့လားလို့တောင် ကြုံးဝါးလိုက်ချင်ပါရဲ့။ ကျုပ်တို့လက်ထပ်မယ့်နေ့မှာ သက်သေလိုက်ပေးဦး။ ပြီးတော့ ချောင်းသာကမ်းခြေမှာ ညစာစားပွဲလုပ်မယ်။ သူ့မိဘတွေရှိတဲ့နယ်မှာ မင်္ဂလာဆွမ်းကျွေးမယ်’

‘ကောင်းတာပေါ့လေ ဂိုဒေါင်ကြမ်းခင်းမယ့် ကိုမောင်သန်းဝင်းရယ်’

နှစ်ယောက်သား ဘီယာခွက်ကိုယ်စီကိုင်ကာ မော့လိုက်ကြသည့်အခိုက်ဝယ် မိရွှေမာ၏ ဓာတ်လမ်းတစ်စသည် ဤမှာတင် နိဂုံးကမ္ဗတ်အဆုံးသတ်ခဲ့ပါလေသတည်း။

၀

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ပါတယ် အပျိုကြီးရယ်
ကျုပ်...
အပျိုကြီးကို အားကိုးပါတယ်
မိတုံ... ကျုပ်အပေါ် စိတ်မကုန်အောင်
နားချပေးပါ
ကျုပ်မှာ ခုမှ
ဇာတ်လမ်းစကာရှိသေး
ဇာတ်သိမ်းပိုင်းကို တန်းရောက်သွားရင်
ဖန်တင်ငံနဲ့
ဂန့်သွားမှာ သေချာတယ်'

www.burmeseclassic.com

www.burmeseclassic.com

အပျိုကြီး ဒေါ်သာရှင်အဖို့ ကိုယ်ဖော်သည့်ဆေး ကိုယ်ပြန်စားရမည့်ကိန်း ဆိုက်လေပြီလားမသိ။

သည်အသက်အရွယ်အထိ ဝါသနာဘာဂီအရ အောင်သွယ်လုပ်ငန်းတွေလုပ်ဆောင်ခဲ့ရာဝယ် ဘာမျှချွတ်ချော်တိမ်းပါးခြင်းမရှိခဲ့။ သို့ပါသော်ငြား… အပွဲပွဲနွှဲလာသမျှ သည်ပွဲကျကာမှ အနှပ်ခံလိုက်ရလျှင် ရေမရှိသည့်ချောင်း၌ နှာခေါင်းဖော်၍ သေပစ်လိုက်ဖို့သာကောင်းတော့သည်။

ဟုတ်သည်လေ…။

ကျော်ကွန့်နှင့် မိထုံတို့ကို သူပဲ အာဝါဟဝိဝါဟမြောက်စေရန် အောင်သွယ်တော်ဖိုးလမင်းလုပ်ပေးခဲ့သည်။ ဘာမျှ အခက်အခဲမရှိ။ တစ်လလောက်အတွင်း မိထုံကို ဘေးတီးပေးလိုက်ရုံနှင့် သကောင့်သား ကျော်ကွန့်တစ်ယောက် အောက်သွားမရှိသည့် နွားပြာကြီးဖြစ်သွားခဲ့ရသည်။

သည့်နောက်… ဘာကြာမှာတဲ့နည်း…။

စပါးပေါ်ချိန်ငွေပေါ်ချိန်မှာပင် ကျော်ကွန့်နှင့် မိထုံတို့ နှစ်ဖက်မိဘများရှေ့မှောက် စေ့စပ်လိုက်ကြကာ တစ်မြန်နေ့မှာပင် မိထုံတို့အိမ်ရှေ့ မြေကွက်လပ်၌ မင်္ဂလာမဏ္ဍပ်ကြီးထိုးပြီး ခမ်းနားသိုက်မြိုက်စွာ

www.burmeseclassic.com



မင်္ဂလာပွဲကြီး ဆင်နွှဲကျင်းပခဲ့လေပြီ။ မင်္ဂလာပွဲ၌ ဝက်သားကို အာလူး မရှော၊ ဂေါ်ဖီမနှော့ဘဲ ပြောင်ကျွေးလေသည်မို့ ဒေါ်သာရှင်တို့ မြို့ သေလာတစ်ရွာလုံး ဝက်ဝက်ကိုကွဲတော့သည်။ မင်္ဂလာပွဲသို့ လာကြ သူတွေအထဲ အပျိုကြီးဒေါ်သာရှင်တစ်ယောက် အတော်ကလေးကို မျက်နှာပန်းပွင့်လှ၏။

မျက်နှာပန်းပွင့်မည်ဆိုလည်း ပွင့်ချင်စရာ။

ဘာကြောင့်ဆို သည်သတို့သားနှင့်သည်သတို့သမီးတို့ ခုလို မျိုး နှစ်ပါးဂဟေဆက်ဖို့ရာ ဝတ္တိနဲ့ဆော်ပေးခဲ့သူက ဒေါ်သာရှင်ပဲ မဟုတ်ပါလား။

သတို့သားနှင့် သတို့သမီးတို့ အုန်းစက်ရာခန်းသဘ္ဘာဆောင် တွင်းသို့ မဝင်ခင် ရွှေကြိုးငွေကြိုးတွေတားကြတော့ တားကြသူတွေ အထဲ ငွေကြေးအများဆုံးရလိုက်သူကား ချစ်အကျိုးတောဆောင် အောင်သွယ်တော်ကြီး ဒေါ်သာရှင်ပင်ဖြစ်လေသည်တကား။

'သည်လင်သည်မယား အိုအောင်မင်းအောင် ရိုးမြေကျ ပေါင်း ရပါစေတော်'

သည်သို့ပင် ဒေါ်သာရှင်မှ နှစ်နှစ်ကာကာ ဆုတောင်းပေး လိုက်ပါသေး။

ဒေါ်သာရှင်အဖို့ လင်တစ်ခါမှ မရဖူးသေးသည့် အပျိုစင်ကြီး တစ်ယောက်ဖြစ်ပေရာ မင်္ဂလာအိပ်ခန်းကြီးကို မျက်စိအရောက်၌ ရင် ထဲ ဒိန်းခနဲ ဒိန်းခနဲ ဖြစ်သွားရသည်။ ရင်ထဲမှာလည်း တလှပ်လှပ်နှင့်။

မွေ့ရာကြီးကလည်း တစ်ထွာလောက်အထူ။

ကျွန်းခုတင်ကြီးကလည်း ခိုင်ခိုင်ခန့်ခန့်။

သည်ခုတင်ကြီးပေါ်၌ ချစ်ခြင်းကို စစ်တလင်းခင်းလိုက်ရ



လေလျှင်...။ တကယ်စစ်ခင်းမည့် မိထုံတော့မည်သို့နေလေမည်မသိ။ ကိုယ့်ဘာသာကိုယ် တွေးနေမိသည့် ဒေါ်သာရှင်မှာတော့ အမျိုးအမည် မသိသည့် ဖသေဖသဝေဒနာများကို ခံစားနေရလေသည်။

'အင်း... ကျော်ကွန့်ဆိုတဲ့ကောင်က တကယ့်ကိုအားကောင်း မောင်းသန်၊ မိထုံကလည်း လုံးလုံးကျစ်ကျစ်၊ တစ်တစ်ကားကား၊ ငါသာ မိထုံနေရာမှာဆိုရင် အဟိ...'

ကိုယ့်ဖါကိုယ်ပြင် ကိုယ့်ဖါကိုယ်ချုံးလျက် အတွေးတွေက ဓောက်ထိုးမိုးမျှော်...။ ရင်တဖိုဖိုနှင့် ပျော်သလိုလို ဟိုလိုလို ဒီလိုလို။

သည်လိုမျိုး ကာယကံရှင်မဟုတ်ဘဲ ကြားထဲက ရင်ခုန်နေမိ သော ဒေါ်သာရှင်အဖို့ ထိုညကား လွန်စွာမှ ညတာရှည်လွန်းလေစွဟု ကောက်ချက်ချရင်းဖြင့် ညဉ့်အတော်နက်လေမှသာ အိပ်ပျော်သွားခဲ့ လေတော့၏။

ဟော... နောက်တစ်နေ့ရောက်လေတော့ ဘာတွေဘယ်လို ဖြစ်ကုန်ကြပါလေသနည်း။

အိမ်ပေါ်သို့ တက်လာသည့် ကျော်ကွန့်၏ မျက်နှာက တိုက်ပွဲ ကျလာသည့်ရုပ်။ မျက်တွင်းက ဟောက်ပက်နှင့်။ မျက်လုံးတွေက လည်း ကလယ်... ကလယ်။

'ဟဲ့... ကျော်ကွန့်၊ ဘာကိစ္စလဲ'

'ဟူး... ပြောမပြောချင်ပါဘူး အပျိုကြီးရာ'

'အယ်... နင်တို့ကိစ္စနဲ့ နင်တို့ ငါ့ကိုလာပြောလို့ဖြစ်မလား၊ နားရှက်စရာတွေ ပြောလို့ကတော့ နင့်ဂျိုစောင်းနဲ့ ငါ့ကွမ်းအစ်တို့ ညားသွားလိမ့်မယ်နော်'

'အဲဒါပဲ ကောင်းပါလိမ့်မယ် အပျိုကြီးရာ၊ ညက မိထုံ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ကို စိတ်ဆိုးပြီး သူ့အမေနဲ့ သွားအိပ်တယ်၊ မနက်ကျတော့ ကျုပ်နဲ့ မပေါင်းချင်တော့ပါဘူး၊ ကျုပ်ကို ဆင်းသွားဆိုပြီး နှင်ချလိုက်လို့၊ ကျုပ်တော့ မိထုံကို ဘယ်လိုမျိုး နားလည်ရမှန်းမသိတော့ဘူးဗျာ၊ အဲဒါ မိထုံကို ဖြောင့်ဖျပေးပါဦး၊ ရှစ်ကြီးခိုးပါရဲ့ အပျိုကြီးရယ်၊ တကယ်... တကယ်... အပျိုကြီးရဲ့ကျေးဇူးကို ကျုပ် ဘယ်တော့မှ မမေ့ပါဘူးဗျာ၊ နော်... ကူညီပါဦး'

ကျော်ကွန့်၏လေသံက လူမမာအမဲခြောက်ဖုတ်တောင်းခံနေသည့်အသံမျိုး။ သည်စကားကြားရတော့ ဒေါ်သာရွှင်လည်း စိတ်အတော်ဆိုက်သွားခဲ့ရသည်။

'လင်နှင့်မယား လျှာနှင့်သွား' ဆိုသောစကားနှင့်အညီ အခန့်မသင့်ပါက သည်ပုံသည်နည်းဖြစ်လာရမည်မို့ အဆန်းဟူ၍မဆိုသာ။

ဒါပေသည့် ခုလိုမျိုး မင်္ဂလာဆောင်၍ ပေါင်းသင်းရသည်မှာ တစ်ညသာရှိသေးလျက် နောက်တစ်ရက်ရောက်တော့ အကွဲအပြဲဇာတ်လမ်းက ဝွမ်းခနဲပေါ်လာလေရကား ချစ်အကျိုးတော်ဆောင်ကြီးအဖို့ ရုတ်တရက် ချက်ချင်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ဖြစ်သွားရသည်။ သည်မှာတင် ကျော်ကွန့်၏ စကားအသွားအလာပေါ်မူတည်၍ စဉ်းစားတွေးခေါ်ကြည့်ရသည်။

'မနက်ကျတော့ ကျုပ်နဲ့မပေါင်းချင်တော့ပါဘူး၊ ကျုပ်ကို ဆင်းသွားဆိုပြီး နှင်ချလိုက်လို့၊ ကျုပ်တော့ မိထုံကို ဘယ်လိုမျိုးနားလည်ရမှန်း မသိတော့ဘူးဗျာ၊ အဲဒါ မိထုံကို ဖြောင်းဖျပေးပါဦး၊ ရှစ်ကြီးခိုးပါရဲ့' ဆိုစကားအရ သည်အကောင် ကျော်ကွန့် မိထုံ စိတ်ဆင်းရဲအောင် ဘာတွေဘယ်လိုလုပ်လေသည်မသိ။ သိရအောင်လည်း မေးဖို့ရာကျတော့ အပျိုကြီးပီပီ နှုတ်ကမရဲ။ မိန်းမချင်းဆိုလျှင်တော့ ကိစ္စ



မရှိ။ မရဲမက ပြူးပြဲဝူးဝဲဆိုပြီး ပေါက်ပေါက်ရှာရှာကို မေးမြန်းမိမှာ သေချာသည်။ သည်ကိစ္စနှင့် သတ္တုချရလျှင် မဟုတ်ခါမှလွဲရော သကောင့်သားကျော်ကွန့်၏ အပြစ်သာဖြစ်ချိမ့်မည်။ မည်သို့ဖြစ်စေ တစ်ဖက်သားကခုလိုမျိုး မျက်နှာအောက်ကို့၍ အကူအညီတောင်းခံလာလေတော့လည်း စိတ်ရှုပ်သည်ကို အပထား။ ကူညီသမှုတော့ ပြုရပေလိမ့်မည်။

'ကဲ... ကဲ... နင့်ဘာသာနင် အလုပ်လုပ်စရာရှိတာ သွားလုပ်ချေ၊ ညနေဘက်လောက်ကျတော့ ငါ့အိမ်ကိုဝင်ပြီးအကျိုးအကြောင်းမေးချေပေါ့၊ ငါ မိထုံနဲ့ သွားတွေ့ပြီး တီးခေါက်ကြည့်ပါဦးမယ်၊ ဒါမှလည်း ကိစ္စအရင်းခံကို သိရမယ် မဟုတ်လား'

'ဟုတ်ပါတယ် အပျိုကြီးရယ်၊ ကျုပ် အပျိုကြီးကို အားကိုးပါတယ်၊ မိထုံ ကျုပ်အပေါ် စိတ်မကုန်အောင် နားချပေးပါ၊ ကျုပ်မှာ ခုမှဇာတ်လမ်းစကာရှိသေး၊ ဇာတ်သိမ်းပိုင်းကို တန်းရောက်သွားရင် ဖန့်တင့်ငံ့နဲ့ ဂန့်သွားမှာသေချာတယ်'

ကျော်ကွန့်ကြည့်ရသည်မှာ ဒိန်းတလိန်းနတ်၏ ဖမ်းစားခြင်းကို ခံနေရသူနှင့်မခြား။

ဟုတ်ပေမပေါ့။ သည်ကနေ့ မင်္ဂလာဆောင် နောက်နေ့ကွဲ ဆိုတာမျိုးကတော့ အသည်းမာသူအတွက် ကိစ္စမရှိလင့်ကစား အသည်းငယ်သူအတွက်ကျတော့ တကယ့်ကို အခံရခက်သည့် ဖသေဖသ ဝေဒနာမဟုတ်ပါကလား။

'ကိုင်း... ကိုင်း... သွားတော့ ကျော်ကွန့်၊ ငါ ထမင်းအိုးကျက်တာနဲ့ ရှာထဲဟင်းစားရှာထွက်ရင်း မိထုံဆီ ဝင်လိုက်မယ်၊ ဟုတ်ပြီလား'

www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပါပဲ အပျိုကြီးရာ၊ သူများအကျိုးဆောင်ရင် ကိုယ့်အကျိုးအောင်ပါတယ်၊ တူသောအကျိုးပေါ့ဗျာ'

'ဟဲ့… သေနာကောင်၊ ငါက နင်တို့လို အပူမရှာချင်လို့ တစ်ကိုယ်တည်း အပျိုကြီးလုပ်နေတာဟဲ့၊ သွား… သွားစမ်း'

စိတ်ပေါက်ပေါက်နှင့် အော်ငေါက်ပစ်လိုက်တော့ ကျော်ကွန့်လည်း ရှုးကြောင်မှုးကြောင်နဲ့ ခြံထဲမှ ထွက်သွားလေတော့သည်။

[

မိထုံရှိရာ ရောက်သွားတော့ အဆင်သင့်ပင် တွေ့ရပါချေ၏။

'ဘယ်လိုဖြစ်ရတာလဲ မိထုံရယ်၊ မင်္ဂလာဆောင်တာဖြင့် တစ်ရက်တည်းရှိသေးတယ်၊ ဘယ့်နှယ် ကျော်မကောင်းကြားမကောင်းအေ'

သည်ကတည်းက ကျော်ကွန့်တစ်ယောက် ဒေါသာရှင့်ထံ အခစားဝင်ရောက်ခဲ့ပြီမှန်း မိထုံ နားလည်လိုက်သည်။

'ဟွန်း… တစ်ရက်တည်းရှိသေးလို့ပေါ့၊ တစ်လလောက်သာဆိုရင် သင်းရဲ့ဒဏ်ကို မခံနိုင်တာနဲ့ အသက်ဘယ်ကထွက်ရမှန်းတောင် သိမှာမဟုတ်ဘူး'

'အမလေးတော်'

မိထုံ၏ စကားက ယင်ဖိုတောင်မသမ်းဖူးသည့် အပျိုကြီးတစ်ယောက်အဖို့ ရင်တွေတုန်လှုပ်ရုံမက အူတွေကလီစာတွေပါ ပြုတ်ပြုတ်ပြန့်မတတ် လှုပ်ခါသွားခဲ့ရ၏။ ဧကန္တ ကျော်ကွန့်တစ်ယောက် အားကောင်းမောင်းသန်နှင့် နွားသိုးကြိုးပြတ်ခဲ့လေသလား။

'ပြော… ပြောစမ်းပါဦးအေ၊ ညည်းတို့ဖြစ်ပုံ'



'ပြောမပြောချင်တော့ပါဘူး အပျိုကြီးရယ်၊ သင်းနှိပ်စက်လို့ မင်္ဂလာဦးညက တစ်မှေးမှတောင် မမှေးရဘူး၊ အိပ်ပျော်ဖို့ဆို ဝေလာဝေးရော'

မိထုံ၏စကားကြောင့် ကျော်ကွန့်အပေါ် ဒေါသဖြစ်ရသည်။ လင်ရယ် မယားရယ်ဖြစ်လာကြပြီပဲ၊ တစ်သက်တာ ခရီးသွားရမည့်အရေး ပွဲဦးကျိုးအောင် ဘယ်ကလောက်များ သောင်းကျန်းလိုက်လေသနည်း။

'ဟဲ့… ကျော်ကွန့်က အဲသလောက်တောင်ပဲလား၊ ညည်းက သူနားဝင်အောင် မပြောမဆိုဘူးလား'

'မပြောဘဲ ဘယ်နေပါ့မလဲ အပျိုကြီးရယ်၊ မိထုံလည်း ပြောတာပေါ့၊ တစ်သက်လုံး ဒီလိုချည်း ခရီးသွားနေမယ်ဆိုရင် ဘယ်ဖြစ်ပါ့မလဲ၊ ခုဟာက တစ်ညတည်းနဲ့ကို စိတ်ကုန်စရာ ကောင်းသွားပြီ၊ ဒီတော့ ကျွန်မ သည်းမခံနိုင်တာလည်း မပြောနဲ့'

'ဟုတ်ပါရဲ့အေ၊ ညည်းအကောင်က အရှုးကို အမဲသားကျွေးမိသလိုမျိုးဖြစ်နေပြီ၊ ဒါပေမဲ့အေ ဒါမျိုးဆိုတာကတော့ ကြာတော့လည်း ရိုးသွားမှာပါ၊ တဒင်္ဂခဏတော့ ဒီလိုပဲ အလိုက်သင့် သည်းခံပြီး စခန်းသွားပေါ့၊ သူစိမ်းတွေမှ မဟုတ်တော့ပဲ၊ ကိုယ့်လင်ကိုယ့်သားဖြစ်နေပြီပဲဟာ'

'အို… အပျိုကြီးနှယ် ဘာတွေအတွေးခေါင်ပြီး ပြောနေသလဲ မသိဘူး၊ ကျွန်မ ပြောနေတာ အဲဒီ ဟိုသင်းဟိုဟာကိစ္စကိုပြောနေတာ မဟုတ်ဘူးရှင့်'

'အယ်'

အပျိုကြီးအဖို့ သူမတွေးထင်ထားခဲ့သည့်ကိစ္စ။ ခုတ်ရာတခြား

www.burmeseclassic.com

www.burmeseclassic.com



ရှုရာတခြားဖြစ်သွားလေသည့်အတွက် ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ ကနဦးတုန်းက ဟိုသင်းဟိုဗွာကိစ္စကြောင့်ပဲဟု တွေထင်ထားခဲ့သည်။ မိထုံ၏စကားအသွားအလာကလည်း တွေးထင်မည်ဆိုလျှင် တွေးထင်ချင်စရာ။

ခုတော့ သူမ ထင်ထားတာတွေ မဟုတ်ပါဘူးတဲ့။

သို့ဆိုလျှင် အခြေခံအကြောင်းရင်းကမည်သို့ဖြစ်ပါမည်နည်း။

'ရှင်းရှင်းပြောစမ်းပါအေ၊ မိန်းမချင်းတွေပဲ၊ နင့်အကောင်ကျော်ကွန့်က ဘာတွေဖြစ်လို့လဲ'

'ဘာတွေဖြစ်ရမလဲ အပျိုကြီးရယ်၊ မင်္ဂလာဦးည အိပ်ရာထဲလည်းဝင်ရော ပေါက်လိုက်တဲ့အီး၊ သန်းလွန်ရဲ့ မော်တော်စက်သံကအရှုံးပေးလောက်တယ်၊ တဖွတ်ဖွတ်နဲ့ကို ဖွတ်လို့မဆုံးတော့ဘူး၊ ပြီးတော့လည်း ဟောက်လိုက်တာ နားကွဲလုမတတ်'

သည်ရွှေသည်မျှလောက်ဆိုလျှင်ဖြင့် ကျော်ကွန့်၏ အရေးကိစ္စသည် သူမနှင့်မဆိုင်တော့ဘဲ လေလည်မှုကို ထိန်းချုပ်နိုင်ရန် ဟောက်တတ်သောအလေ့ ကင်းပျောက်စေရန် နားလည်တတ်ကျွမ်းသော ဆေးပညာရှင်တစ်ဦးဦးနှင့် တိုင်ပင်ကုသရမည်မှန်း အပျိုကြီးဒေါ်သာရွှင်သဘောပေါက်နားလည်လိုက်ပါသတည်း။

ဩော်… တစ်ခါတလေတော့လည်း အိမ်ထောင်ရေးကိစ္စဟူသည် တိမ်မယောင်နဲ့နက် လွယ်မယောင်နဲ့ခက်တတ်ပါကလား။

၍

'ခက်တာပဲ ကြိုးတော်ဆုံရယ်
ကျွပ်က လူပျိုလူလွတ်
အပျို အပျိုလွတ်တွေကိုပဲ
ကြုံခန်အောင်သွယ်တတ်တာ။
သည်လိုမျိုး
လင်ကောင်ဖော်ရတဲ့ကိစ္စတွေတော့
တစ်ခါမှ လုပ်ဖူးတာမဟုတ်လို့
စိတ်အိုက်နေရတာပါ'

www.burmeseclassic.com

www.burmeseclassic.com

မြိုင်သေလာရွာ၏ အမိန့်တော်ရ ဦးကျော်ပြောင်၏ဖနီး သူကြီးကတော် ဒေါ်ခင်ဆုံက အရေးတကြီး တိုင်ပင်စရာကိစ္စရှိ၍ နေ့လည်နေ့ခင်းလာခဲ့ပါဦးဟု လူကြုံဖြင့် အမှာရှိလိုက်သည့်အတွက် အပျိုဟိုင်းကြီးဒေါ်သာရှင်အဖို့ မျက်ခုံးနှစ်ဖက်တွန့်သွားရသည်။

ဘာများပါလိမ့်။ ဘာကိစ္စတွေ အကြောင်းရှိနေပါလိမ့်။ သူမနှင့် ဘယ်လိုများ ပတ်သက်နေပါလိမ့်ဟူ၍ တောင်တောင်အီအီရောက်တက်ရာရာ ဘာညာကွိကွ စဉ်းစားကြည့်ပါသော်ငြား အဖြေကား ပေါ်မလာ။

'သူကြီးခေါ်တာမှ မဟုတ်ဘဲ၊ သူကြီးကတော်ကခေါ်တာဆိုတော့ ပြဿနာအမှုအခင်းဖြစ်လောက်တဲ့ ကိစ္စတော့ မဟုတ်နိုင်ပါဘူးလေ'

သည်သို့ပင် ဖြေတွေးတွေးရသည်။

စိတ်ထဲမှာတော့ မတင်မကျနှင့် တအုံအုံတနွေးနွေး။

သည်တော့ မနက်ခင်း လုပ်စရာကိုင်စရာကိစ္စများကို သူ့အပိုင်းနှင့်သူ ရှင်းပြတ်အောင် အကြောဖြတ်ပစ်လိုက်သည်။ ငိုစားရယ်စားမည့်သူတွေဆိုလို့ ဘယ်သူမှ မရှိ။ ပူစရာပင်စရာ အပိုဆာဒါး

www.burmeseclassic.com

www.burmeseclassic.com



တွေ နတ္တိ။ တစ်ကိုယ်ရည် တစ်ကာယမို့ ဗာဟီရတွေက သိပ်မများလှ။ မနက်စာချက်ပြုတ်စားသောက်ပြီး အပျင်းကြောဟူလျှင် သင်းဖြူးဖျာခင်းလျက် တစ်အောင့်တနားပင် ထမင်းလုံးစီ၍ ပျင်းကြောဆန့်နိုင်ပါသေး။

သို့သော် သူမစိတ်ထဲ . တောနေမိသည်။

လာမည့်ဘေး ပြေးတွေ့ချင်နေမိသည်။

သည်တော့လည်း တစ်ပတ်နွမ်းတစ်ဘက်ကလေးကို ခေါင်းပြုလျက် ဦးခေါင်းထက်တင်ကာ သူကြီးကတော် ဒေါ်ခင်ဆုံတို့အိမ်ဘက်သို့ ခြေတုံးလုံးဖြင့်ပင် ထွက်လာခဲ့လေသည်။

'ဝုတ်… ဝုတ်… ဝုတ်… ဝုတ်.. ဝုတ်'

'ဟဲ့… ခွေး၊ ဟဲ့… ခွေး၊ လုပ်ပါဦး၊ ခွေးကြည့်ပါဦး'

'ဟဲ့… ဘယ်သူလဲ၊ သြော်… ဘယ်သူများမှတ်တယ်၊ မယ်သာရှင်ကိုး၊ လာ… လာ… လာဟဲ့၊ ညည်းကိုမျှော်နေတာ'

'ကျုပ်ကိုမျှော်တာအရေးမကြီးဘူး၊ အရီးရဲ့ခွေးတွေကို ကြည့်ပါဦး'

'အယ်… ဟုတ်ပါ့တော်၊ ဟဲ့… ခွေး၊ တောက်… သွားစမ်း၊ သွားကြစမ်း၊ လူကောင်းသူကောင်းဆိုရင် အဲသလိုပဲ၊ တကယ်ပဲအမဲဖျက်တော့မယ့်ပုံ၊ တကယ့်တကယ်ကျ သူခိုးနင်းလို့ သေမယ့်ခွေးတွေ'

အိမ်ကြီးရှိုင်အတွင်းမှ သူကြီးကတော် ဒေါ်ခင်ဆုံက ဝမ်းသာအားရဖိတ်ခေါ်ကြိုဆိုလိုက်သည်။ ခွေးတွေက သူကြီးကတော် ဟိန်းဟောက်လိုက်တော့လည်း အဟုတ်သား။ အမြီးကလေးတွေ အသာကုပ်ကာ ခြံထောင့်ရှိ စပါးကျီတဲအောက်သို့ ဝင်သွားကြသည်။



'လာအေ မယ်သာရှင်၊ လာ… လာ… ညည်းကို သိပ်တွေ့ချင်နေလို့ အခေါ်လွှတ်လိုက်ရတာ'

'ဘာကိစ္စများပါလိမ့် ကြီးတော်ဆုံရယ်'

'ပြောမှာအေ၊ မပြောမဖြစ် ပြောကိုပြောရမှာပေါ့၊ ကိုင်း… ထိုင်ဦး၊ ရေနွေးကြမ်းသောက်ဦး၊ ငရုံ့ခြောက်ဖုတ်ဆီဆမ်းလေးကို မြည်းကြည့်စမ်းပါဦး၊ ကွမ်းအစ်နဲ့ ဆေးလိပ်ခွက်လည်း အရံသင့်ပဲအေ့'

သည်ရွှေသည်မှု ဖော်ဖော်ရွေရွေ လှိုက်လှိုက်လှဲလှဲ သဘောမနောတွေ အများကြီးလွှတ်ကောင်းနေသည်ဆိုတော့ သူမနှင့်တွေ့ဆုံချင်သည့်ကိစ္စမှာ နှယ်နှယ်ရရမဟုတ်တာတော့ သေချာသည်။ သည်တော့လည်း ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထား လေးစားသည့်အနေနှင့် ငရုံ့ခြောက်ဖုတ်ဆီဆမ်းကို အသားမြှောင်းချည်း ရွေးလျက် လျှာကြောဆိမ့်အောင်ဝါး၏။ ပြီးနောက် ပင်လောင်းလက်ဖက်ခြောက်ခတ်ထားသော ရေနွေးကြမ်းဖြင့် မျှောချ၏။ ပြောင်းဖူးဖက်ကို အားရပါးရဖွာ၏။ ခံတွင်းချဉ်လာတော့ ကွမ်းအစ်ကိုဆွဲကာ ကွမ်းယာပြီးဝါးပြန်၏။

'ကဲ… ပြောပါဦး ကြီးတော်ဆုံ၊ ကျုပ်ကို တွေ့ချင်တယ်ဆိုတဲ့ကိစ္စ'

'အင်း… ကိစ္စကတော့ ငါတို့လင်မယားနှစ်ယောက်ခေါင်းကို ဆင်နင်းတော့မယ့်ကိစ္စပါပဲအေ'

'အယ်… ကြီးတော်ဆုံက မဟုတ်ကဟုတ်ကပြောရော့မယ်၊ ကျုပ်တို့ မြိုင်သေလာရွာကို ဘယ်ဆင်မှ လာတာမှမဟုတ်ဘဲဟာ'

'ဟဲ့… ဥပမာပုံခိုင်းပြီးပြောတာဟဲ့၊ အဲသလိုမျိုးခံရတော့ရမယ့် အနေအထားရောက်နေပြီလို့ဆိုတာ'

www.burmeseclassic.com

www.burmeseclassic.com



'သိပေါင်တော်၊ ကိုင်း… ပြောပါဦး ကျုပ်က သိပ်ပြီးစာတတ်ပေတတ်တာမဟုတ်တော့ ကိစ္စကို ဝေ့လည်ကြောင်ပတ်တွေမ ပြောနဲ့နော်၊ တိုက်ရိုက်တည့်ပဲပြော၊ ဒါမှ နားလည်မှာတော့'

'အေးပါဟယ်၊ အေးပါ၊ ကိစ္စကတော့ပ ရန်ကုန်မှာရှိတဲ့ ငါ့လင်သူကြီးကျော်ပြောင်ရဲ့တူမ ခုအိမ်အပေါ်ထပ်မှာ ရောက်နေတယ်'

'ဟုတ်လား၊ ကျုပ် တစ်ခါဖူးမှ မမြင်ရပါလားတော်'

'မမြင်ဆို မနေ့ညနေကမှ ရောက်လာတာအေ့၊ ခု ညည်းကို ခေါ်တွေ့တာလည်း အဲသည့်ကိုကျော်ပြောင်တူမ ကိစ္စပဲ'

'နေပါဦး၊ အသက်ကကော ဘယ်လောက်ရှိပြီတုန်း'

'နှစ်ဆယ့်လေးလောက်ရှိပြီပေါ့'

'အရွယ်ကောင်းပဲ၊ ဒါထက် အိမ်ထောင်ရက်သားကျပြီလား'

'အေး… အဲသည့်ကိစ္စအတွက်ပဲ ညည်းကိုခေါ်တွေ့ရတာပဲ မယ်သာရှင်ရယ်၊ ပြောရရင်တော့ မကောင်းပါဘူးဟယ်၊ မိန်းကလေး နာမည်က ယမုံတဲ့၊ လုံးလုံးကစ်ကစ်နဲ့ ချစ်စရာကလေးပါပဲ၊ ဒါပေမဲ့ နားနဲ့မနာ ဖဝါးနဲ့နာဆိုသလို ဘယ်ကဘယ်လို ကိုယ်ဝန်ရလာသလဲ မသိဘူး၊ ရန်ကုန်မှာရှိတဲ့ ကိုကျော်ပြောင့်အစ်ကိုအစ်မတွေကလည်း အမျိုးမျိုး ချော့မေးမေး ခြောက်မေးမေး ရေငုံနှုတ်ပိတ်ပဲ၊ ဖြေကိုမဖြေဘူး၊ တင်းခံနေတယ်၊ မျိုးရိုးဂုဏ်ကျက်သရေကလည်း ရှိလေတော့၊ လင်ကောင်မဖော်နိုင်ဘဲ ကလေးမွေးလိုက်ရင် ရန်ကုန်မှာရှိတဲ့ သူတို့ အသိုင်းအဝိုင်းဟာ လူအများရဲ့တံတွေးခွက်ထဲ ပက်လက်မျောကြမယ် မဟုတ်လား၊ သည်တော့ ကြံရာမရတဲ့အဆုံး ငါတို့တောကို ပို့လိုက်တာပဲ'



သူတို့ကတော့ မျက်နှာလွှဲခဲပစ်ပေါ့။ ဒါပမဲ့ မယ်ရွှေသာရယ် ညည်းစဉ်းစားကြည့်စမ်းပါ။ ဒီမြို့သေလာမှာ ငါတို့ကလည်း ပေါ်သေးသေးမဟုတ်ပါဘူး။ ငါ့လင် ကျော်ပြောင်ဆိုတာ မြို့သေလာကိုအုပ်ချုပ်ရတဲ့ အမိန့်တော်ရသူကြီး။ ငါက သူကြီးကတော်။ ဒင်း အဖြစ်မရှိလို့ သားသမီးမထွန်းကားပေမယ့် တို့လင်မယားရဲ့ ဘဝဟာ အေးအေးချမ်းချမ်းပဲ မဟုတ်လား။

ခု… လင်ကောင်မပေါ်တဲ့တူမ ဒီကိုရောက်လာတော့ ဘယ်ကလောက်သိက္ခာကျလိုက်မလဲ။ အဲသည့်အတွက် ညည်းဆီက ဘာလုပ်ရင်ကောင်းမလဲဆိုတဲ့ အကြံဉာဏ်လေး လိုချင်လွန်းလို့ အားကိုးတကြီး လှမ်းမှာလိုက်တာပေါ့အေ။ ကူညီပါဦး မယ်သာရှင် ရယ်၊ ညည်းရဲ့ ကျေးဇူးကို ကြီးတော်ဆုံ မမေ့ပါဘူး'

'ဟင်း… နော်၊ ခက်တော့တာပဲ'

သူကြီးကတော်ထံမှ နားဝမသက်သာသော အကြောင်းကိစ္စများကြောင့် ဒေါ်သာရှင်ခမျာ ညည်းညည်းညူညူလေးဖြစ်သွားရသည်။

'မယ်သာရှင်ကလည်းအေ၊ ယမုံကို လင်ကောင်ဖော်ပေးနိုင်ရင် တော်ပါပြီ၊ ဘယ်သူပဲဖြစ်ဖြစ် တစ်သက်လုံးပေါင်းသွားမယ်ဆိုလည်း ပေးစားမယ်၊ မပေါင်းနိုင်ဘူးဆိုလည်း အမည်ခံပေးတာနဲ့ ကျေနပ်ပါတယ်၊ နို့မဟုတ်ရင်ဖြင့် ငါတို့တော့ အရှက်ကွဲလိမ့်မယ်၊ မယ်ရွှေသာရယ်၊ ကူညီပါဦး၊ ညည်းက ဒီလိုကိစ္စတွေမှာ အင်မတန်မှ ဉာဏ်ပြေးပါတယ်၊ ပါရမီထူးပါတယ်'

'ခက်တာပဲ ကြီးတော်ဆုံရယ်၊ ကျုပ်က လူပျိုလူလွတ်၊ အပျို၊

www.burmeseclassic.com



အပျိုလွတ်တွေကိုပဲ ကြံဖန်အောင်သွယ်တတ်တာ၊ သည်လိုမျိုး လင်ကောင်ဖော်ရတဲ့ကိစ္စတွေတော့ တစ်ခါမှ လုပ်ဖူးတာ မဟုတ်လို့ စိတ်အိုက်နေရတာပါ'

'အို… ဘာပဲဖြစ်ဖြစ် ကြံစမ်းဖန်စမ်းပါဦး အေရယ်၊ ညည်းကြံရင် ဘာမဆိုဖြစ်မှာလို့ ကြီးတော်ဆုံ ယုံပါတယ်'

သည်သို့သော သူကြီးကတော်၏ မြှောက်ပင့်စကားလုံးတွေက ချစ်အကျိုးတော်ဆောင် အောင်သွယ်တော် ဒေါ်သာရွှင်၏ စိတ်အား မရိုးမရွဖြစ်သွားစေခဲ့သည်။

'နေဦးတော်၊ ကျုပ်ကို တစ်ရက်နှစ်ရက် အချိန်ပေးဦး၊ ဘာကို ဘယ်လိုလုပ်ရင်ကောင်းမယ်ဆိုတာ စဉ်းစားလိုက်ဦးမယ်၊ ဒါထက် သူကြီးတူမကတော့ ကျုပ်တို့စီမံတာကို လက်ခံမှာတဲ့လား'

'အို… သည့်အတွက်တော့ မပူနဲ့၊ ဘာဆိုဘာမှမပူနဲ့၊ အဲသည်အပိုင်းက တို့များရဲ့တာဝန်၊ ညည်းဘက် လိုအပ်တာတွေသာပြော'

'အင်း… လိုအပ်တာပြောရရင် နေပါဦးတော်၊ ကျုပ်စဉ်းစားပြီးမှပဲ ပြောပါရစေ၊ ကိုင်း… ကျုပ်သွားဦးမယ်နော်၊ မုန့်လာဉတွေ အခြောက်လှန်းထားခဲ့တာ ဘယ်လိုနေမယ်မသိဘူး'

'အေး… အေး… စဉ်းစားပြီးတာနဲ့ ပြန်လာခဲ့ပါဦးအေ၊ နေဦး နေဦး အိမ်စားဖို့ ငါးရံ့ခြောက်နှစ်ပြားပေးလိုက်မယ်၊ ယူသွားဦး'

သူကြီးကတော်က တစ်ဖက်သား သူ့ဘက်ပါအောင် မည်သို့ ဆွဲဆောင်ရမည်ကို သိနေသည်။ ထို့ကြောင့်လည်း မစားရက်မသောက်ရက် သိမ်းဆည်းထားသည့်အထဲမှ ငါးရံ့ခြောက်ပြားနှစ်ချပ်အား ရက်



ရက်ရောရောဖြင့် လောကွတ်ပျူငှာစွာ လာဘ်ထိုးလိုက်လေတော့ ဒေါ်သာရွှင်ခမျာ အတော်ကလေးကို ဘဝင်ခွေ့သွားပါတော့၏။

သြော်… ပေးကမ်းခြင်းသည် အောင်မြင်ရာ အောင်မြင်ကြောင်းပင် မဟုတ်ပါကလား။

---

ဒေါ်သာရွှင်တစ်ယောက် ဆန်ကောတစ်ချပ်ဖြင့် စကွဲတွေ ခုတ်နေခိုက် ခြံထဲသို့ လူတစ်ယောက်ဝင်လာသည်။

'ဟဲ့… ငပိန်၊ ငါ့ခြံထဲ ဘာလာလုပ်တာလဲ၊ နောက်ဖေးမှာ ထဘီတွေလှန်းထားတယ်နော်၊ ပျောက်လို့ကတော့ နင်ပဲ'

'ဟာဗျာ အပျိုကြီးကလည်း ပြောရှာမယ် မဦးမချွတ်၊ ငပိန်တို့က မလစ်ရင် အဲ… စားနိုင်သောက်နိုင် ပြေပြေလည်လည်ဆို ဒါမျိုးကို စိတ်ကူးထဲ မထည့်ပေါင်ဗျာ'

'ဒါဖြင့် ခု ဘာလာလုပ်တာလဲ'

'ဟိုမှာ အုန်းသီးတွေ ခြောက်တော့မယ်၊ မခူးသေးဘူးလား၊ တော်ကြာလေတိုက်လို့ ပြုတ်ကျရင် အပျိုကြီးအိမ်ခေါင်တည့်တည့်ဗျို၊ မတော် အပေါက်ကြီးဟောင်းလောင်းဖြစ်သွားမှာစိုးလို့ အဟီး'

'ဟဲ့… သေနာကျ၊ ငါ့ကို ဘာတွေကမောက်ကမ လာပြောနေတာလဲ၊ အဲ… နင်ပြောမှ သတိရတယ်၊ အနောက်ပိုင်းက မုန့်လက်ဆောင်းသည်မိပိုင်းက အုန်းသီးရရင် လိုချင်တယ်လို့မှာနေတာနဲ့ အတော်ပဲ၊ အခြောက်တွေရယ်၊ ခပ်ရင့်ရင့်တစ်နိုင်ရယ် ခူးပေးပါ၊ နောက်ပြီး အလက်ခြောက်တွေကိုလည်း ခွာချပေးခဲ့ဦး'

www.burmeseclassic.com



'စိတ်ချ၊ စိတ်ချ၊ စိတ်တိုင်းကျစေရမယ်၊ ကြိုးနဲ့ဓားမ ခဏ ပေးဗျာ'

ဒေါ်သာရှင်လည်း ငပိန်အား ကျပ်လုံးခန့်အုန်းဆံကြိုးခွေနှင့် ဓားမတိုတစ်ချောင်းအား ယူပေးလိုက်သည်။ ငပိန်လည်း အပေါ်ပိုင်း ဗလာကျင်းလျက် နံငယ်ပိုင်းအား ခါးတောင်းမြှောင်အောင်ကျိုက်လိုက်ရာ ခြေသလုံးပလွေရိုးနှစ်ချောင်းသည် အတိုင်းသား။ ထို့အတူ မွေးကွက်တို့တူပြိန်းနေသော ပြားချပ်ချပ်တင်ပါးနှစ်ဖက်ကလည်း မိမွေးတိုင်းဖမွေးတိုင်း။

ထို့နောက် ငပိန်သည် အုန်းပင် ပင်စည်အား မတ်တပ်ရပ်လျက် လက်အုပ်ချီကာ ပါးစပ်မှ ဆိမန်းမန်းသလို တတွတ်တွတ်ရွတ်နေလိုက်၏။ ဘာတွေရွတ်နေသလဲဆိုသည်ကိုတော့ ကာယကံရှင် ငပိန်သာလျှင် အသိဆုံးဖြစ်ပေလိမ့်မည်။ ပြီးလေသော် ပုတ်သင်ညိုတစ်ကောင်အလား အုန်းပင်ပေါ်သို့ တရှေ့ရှေ့ထိုးတက်သွားလေတော့၏။

ဘယ်ရယ်လို့တော့ မဟုတ်။

ဒေါ်သာရှင်အဖို့ ငပိန့်အား အကြောင်းမဲ့ ငေးကြည့်နေရင်းမှ ခေါင်းထဲသို့ အကြံတစ်ခုက လက်ခနဲဝင်လာလေ၏။

ငပိန်ကား ခြေသလုံးအိမ်တိုင်သမား။ နေရာအတည်တကျ မရှိ။ မြိုင်သေလာရွာအပြင် အနီးပတ်ဝန်းကျင်ရွာများသို့ လှည့်ကာကြုံသည့်နေရာ တွေ့သည့်ဇရပ်တွင်အိပ်၏။ အလုပ်ကလည်း အတည်တကျမရှိပြန်။ အုန်းပင်တက်နိုင်းက အုန်းပင်တက်၊ ထင်းခွဲနိုင်းက ထင်းခွဲ၏။ ရလာသမျှက ထန်းရည်ဖိုး အရက်ဖိုးအတွက်သာတည်း။ ဝင်ငွေစုပြေမှုမရှိလျှင် ကြက်ရကြက်ခိုး၊ ဘဲရဘဲခိုး၏။ အဝတ်အထည်



ရုပ်၏။ ၎င်း၏ပေါင်တွင် နယ်လှည့်ဆေးဆရာတစ်ဦးက ကြောင်မျက်ရှင်ဆေးဖြင့် အိမ်မြှောင်ရုပ် အဆင်းတစ်ကောင် အတက်တစ်ကောင် ရုပ်ထိုးပေးရာ ၎င်း၏ စောရလုပ်ငန်းအတွက် လွန်စွာမှ အထောက်အကူပြုသည်ဟူ၏။ တော်ရုံတန်ရုံ အမြင့်လောက်က ကျလို့များကတော့ ဘာမှုမမှု။ တကယ့်သက်ရှိကြောင်နှင့်မခြား။ ပြုတ်ကျလိုက်လျှင် ပေါ့ပေါ့ကလေး။

ပြီးတော့ ဘဝကတစ်ကောင်ကြွက်။

သူ့ရုပ်သွင်၊ သူ့အနေအထား၊ သူ့စီးပွားနေကိုကြည့်၍ အပျိုမဆိုထားနှင့် ဘယ်တစ်ခုလပ်၊ ဘယ်မုဆိုးမကမျှ ကြိုက်မည့်သူမရှိ။

သည်တော့ ခြေသလုံးအိမ်တိုင် ငပိန်လည်း မရှယ်ဘဲ စော်ကဲမင်းဖြစ်ကိန်း၊ သူကြီးကတော် ဒေါ်ခင်ဆုံလည်း ခေါင်းဆင်နင်းခံရမည်မှ လွတ်မည့်ကိန်း၊ နှစ်ဦးနှစ်ဖက် ပြေလည်မည့်အရေးအတွက် သူမစိတ်ကူးနှင့်သူ စိတ်ကူးဖဲရိုက်ထားလိုက်လေ၏။

❀

'ညည်းတကယ်ပြောတာလား မယ်ရွှေသာ'

'အို… တကယ်ပြောတာပေါ့ ကြီးတော်ဆုံရယ်၊ တစ်ခုတော့ရှိတယ်၊ သူကြီးဦးကျော်ပြောင်က သဘောတူပါ့မလား'

'ကိစ္စမရှိဘူး၊ သူက ကြီးတော်ဆုံကို အားလုံးလွှဲထားတာ၊ သင့်တော်မယ် ထင်တာလုပ်တဲ့၊ သူ့တူမ ဗိုက်ထဲကကလေးကို ကလေးအဖေအမည်ခံမယ့်သူဆိုရင် ဘယ်လူပျိုလူလွတ်မဆို သဘောတူပြီး

www.burmeseclassic.com

www.burmeseclassic.com



သွားပဲတဲ့၊ ကလေးမျက်နှာမြင်ပြီးရင် ဆက်ပေါင်းချင်လည်းပေါင်း၊ မပေါင်းချင်လည်း ကွာရှင်းနိုင်သတဲ့အေ’

‘ဒါဆိုလည်း အဆင်ပြေတာပေါ့ ကြီးတော်ဆုံရယ်၊ ကျုပ်တွေ့ထားတဲ့သူက လူပျိုလူလွတ်ပါ၊ မိန်းမလိုချင်ပေမဲ့ သူ့ကိုယူမယ့်သူမရှိလို့ ကြိုက်မယ့်သူမရှိလို့ တစ်ကိုယ်တည်းဖြစ်နေတာ၊ လူက ပိန်ပိန်ကပ်ကပ်၊ ဒါပေတယ်လို့ သူ ကျွမ်းတဲ့အလုပ်ဆို တကယ့်ကို မိုးမိုးစော်စော်နိုင်တဲ့သူပါ’

‘ကြိုက်ပြီအေ၊ ညည်း ဘယ်လိုစီမံထားသလဲ၊ ပြောပါဦး’

‘ကျုပ် တစ်ဖက်ကို နားသွင်းထားပါတယ်တော်၊ လာမယ့်လကွယ်နေ့ကျရင် ရန်ကုန်ပေါက်ရှာမှာ သွင်းမယ်မဟုတ်လား၊ အဲဒီကို သူကြီးတို့လင်မယား ညလုံးပေါက်သွားကြလိမ့်မယ်လို့ ပြောထားတယ်၊ အဲသည်နေ့ညသန်းခေါင် ကြီးတော်တို့အိမ်ပေါ်ကိုတက်လိမ့်မယ်၊ သူ့အိမ်ပေါ်ရောက်ပြီး သိပ်မကြာခင် ကြီးတော်တို့ အဓိဖမ်းပေါ့၊ ဒါဆို လက်ဆုပ်လက်ကိုင်ဖြစ်နေပြီ၊ ငြင်းရင် ထောင်ကျမှာကိန်းသေတာမို့ ကြီးတော်ဆုံတို့အလိုကျ ဆက်စခန်းသွားကြပေါ့တော်၊ ဟုတ်ပြီလား’

‘အောင်မလေးလေး၊ ကောင်းလိုက်တဲ့ အကြံပါပဲလား မယ်သာရွှင်ရယ်၊ ညည်းဦးနှောက်ကို ရွှေချထားလိုက်ချင်တယ်၊ တကယ်တကယ်’

‘ပိုပိုရိရိတော့ ရှိပါစေကြီးတော်ဆုံရယ်၊ ပြဿနာဖြစ်လို့ ကျုပ်နာမည်ပါသွားရင် တစ်သက်လုံး ထိန်းလာခဲ့တဲ့ ကျုပ်နာမည် ရေစုံမျောသွားမှာတော့’



‘အိုအေ ကျုပ်တို့ရဲ့ ကျေးဇူးရှင်တစ်ယောက်ကို သည်လိုဘယ်အဖြစ်ခံမလဲ၊ စိတ်ချ၊ တစ်ခုခုဖြစ်လာခဲ့ရင်တောင် ညည်းရဲ့နာမည် သိုးကာသီကာလေးမှကို မပါစေရဘူး’

သည်တော့လည်း ချစ်အကျိုးတော်ဆောင်ကြီးခမျာ စိတ်လက်ပေါ့ပါးသွားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

'ကဲ...

စားပြီးသောက်ပြီးဆိုတော့

စကားဆက်ရဦးမယ်၊

မင်း...

ဒီလိုမျိုး တို့မသိအောင်

ငါတို့တူမ အခန်းထဲဝင်တာ

ဘယ်... ဘယ်လောက်တောင်ကြာပြီလဲ

ငြင်းဖို့တော့ မစဉ်းစားနဲ့နော်

ခုပဲ

ခြင်ထောင်ထဲက မိလာတာ'

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းကင်မှာတော့ မိုတ်တုတ်မိုတ်တုတ်နှင့် ကြယ်ပြာလေးတွေမှ တစ်ပါး မည်သည့်အလင်းရောင်မျှမရှိ။

မရှိဆို… လကွယ်ညပေကိုး။

သည်လိုလကွယ်ညမှာမှ မြိုင်သေလာနှင့်မနီးမဝေးရှိ ရန်ကုန်ပေါက်ရွာမှာ အလှူပွဲကရှိနေသည်။ အလှူပွဲအကြီးညအဖြစ် အလှူရှင်မိသားစုက နာမည်ကြီးဆိုင်းအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွာစားကျော်ဘိုကလေးစိန်မြင့်မားဆိုင်းအဖွဲ့ကို ငှားရမ်းခဲ့သည်။ ဘိုကလေးစိန်မြင့်မားဆိုင်းအဖွဲ့က ပြီးခဲ့သော နှစ်က ငှင်းရွာဘုန်းကြီးပျံ၌ လက်စွမ်းပြခဲ့၍ ပရိသတ်အကြိုက်ဖြစ်ခဲ့ရပြီး သည်နှစ်၌လည်း သည်ရွာနှင့်ရေစက်ဆုံရပြန်သည်။ ရှေ့ပိုင်းမှာတော့ လူငယ်ကာလသားအကြိုက် ခေတ်ပေါ်သီချင်းတွေကို အော်ဂင်ကီးဘုတ်ကို အထောက်အကူပြု၍ စည်တိုနှင့်ပေါင်းစပ်လိုက်သောအခါ လူငယ်ထုပရိသတ်တို့ တိုးမပေါက်အောင်ဖြစ်သွားကြသည်။

ခေတ်ပေါ်အမျိုးသမီးအဆိုတော် ကျုံမငေးမြမွှူ၊ သုဝဏ္ဏမြနှန်းယှဉ်၊ ဖန်းဘဲတန်းဝါဝါအင်ကြင်း၊ ကလောသူ မနွယ်၊ ကမာရွှတ်မေနှင်း၊ မရမ်းကုန်းနွယ်ဖင်ဖူးတို့၏ ဝါစာကာမာပီယတေးသကလေးများက ရွှေပွဲလာ လူငယ်ထုပရိသတ်ကို ဖမ်းစားနိုင်ကြသည်။

www.burmeseclassic.com



အမျိုးသား အဆိုတော် ဒေါ်ပုံဖိုးထောင်၊ ဖင်းကျိုက်ပေတုံး၊ သရဲသပိန် မောင်ရစ်၊ ဓနုတ်ပြုံးဖော်၊ ယင်းတော်ထုံကြီးတို့ကလည်း ခေသူများ မဟုတ်ကြ။ ဟော့ပ်တွေ ပေါ့ပ်တွေနှင့်။ အထူးသဖြင့် ဆိုင်းနောက်ထ လူရွှင်တော်များဖြစ်ကြသော ဂျပန်ဝတုတ်၊ တောင်စွန်းငန်းစောင်း၊ ဂေါ်လီစိုးဝေနှင့်ဘာမထီအံ့ပွားကြီးတို့ကလည်း အခေါ်အပြောညက် သလို ပတ်တုပ်၍မရနိုင်လောက်အောင် ဟာသအကွက်တွေ ဖောက် နိုင်သဖြင့် ပွဲပြတ်သော ပွဲငတ်သော ဤနေရာ ဤဒေသ၌ ကိုယ့်ရွာခံ သာမက ရွာနီးချုပ်စပ်ကပါ လှေတစ်တန်လှည်းတစ်တန်နှင့် အရောက် လာကြသည်ဆိုတော့ သည်ပွဲမစည်ဘဲ နေနိုင်ပါတော့မည်လား။

ငပိန်အဖို့ အပျိုဟိုင်းကြီး ဒေါ်သာရွှင်၏ လက်ဆောက်ချမှု ဖြင့် သည်တစ်ညတော့ စားရက်ကြုံသဖြင့် မုတ်ဆိတ်ပျားစွဲကိန်းဆိုက် ပတော့မည်။

'ငါ လက်ဆောက်ချတယ်လို့ မပြောနဲ့နော်၊ ငါက နင့်အနာ ဂတ်ကောင်းစားရေးအတွက် ပွဲသိမ်းတစ်ခုကို ညွှန်ပြလိုက်တာ၊ သည် ည သူကြီးလင်မယားမရှိကြဘူး၊ အစောင့်တစ်ယောက် အိမ်မှာထားပြီး တစ်ညလုံးဆိုင်းသွားနားထောင်ကြမှာ၊ အဲသည်အစောင့်ကလည်း အင် မတန်အစားကြီးရုံမက အအိပ်အနေလည်းကြီးတဲ့အစောင့်၊ နင်မယုံရင် အကဲခတ်ကြည့်၊ ညဥ့်တောင်မနက်သေးဘူး၊ တခေါခေါနဲ့ဟောက် နေမှာ၊ ပြီးတော့ လှောင်တာအိုက်တာ သက်သာအောင်ဆိုပြီး ပြတင်း တံခါးကို ဖွင့်ပြီး အိပ်တတ်တာ၊ ဒီတော့ နင့်အတွက် အကွက်ချည်းပဲ'

အိမ်ထဲရောက်တာနဲ့ လည်သလိုဖန်တီးပြီး ပစ္စည်းကောင်းတွေ ကိုအလစ်သုတ်ပြေးပေါ့ဟာ၊ ပစ္စည်းသုတ်ပြီးရင်လည်း ဒီရွာကို ယောင်



လို့တောင် အနားလာမသီနဲ့။ ဘယ်သူမှနင်လို့ထင်ကြမှာ မဟုတ်ဘူး။

အုန်းသီးခူးပေးခဲ့စဉ်က ကြားခဲ့ရသော အပျိုဟိုင်းကြီး၏ စကား။ သည်စကားအသွားအလာကိုထောက်ရှုလျက် ငပိန်တို့တော့ ကောင်းစားလေဦးမည်တကား။

သည်လိုမျိုး အတ္တာပဟိ အတ္တာနော နာထောစိတ်ကို မွေးမြူ လျက် ပုဆိုးကိုကတောင်းကျိုက် လွန်ပူတစ်ချောင်းကို လိုအပ်လျှင် အသုံးပြုရန် ခါးကြားထိုးလျက် ချွတ်နင်းသံကို အားပြုရင်း သူကြီးမင်း ဦးကျော်ပြောင်၏ အိမ်ဂေဟာရှိရာသို့ မှောင်ရိပ်ခို လှမ်းလင့်လာခဲ့လေ သတတ်။

ခြံထဲသို့လှမ်းဝင်မိတော့ ရင်တွေက တဒုန်းဒုန်းခုန်လာသည်။ တော်ပါသေးရဲ့။ အချိန်ကာလကလည်း လမိုက်ည။ ခြံထဲရှိ သစ်ပင် တွေကလည်း အုပ်အုပ်ဆိုင်းဆိုင်း။ သည်တော့ ပတ်ဝန်းကျင်အနေ အထားက ငပိန့်အပေါ် သဘောကောင်းနေခဲ့ကြသည်။ အပျိုဟိုင်းကြီး ဒေါ်သာရွှင်ပြောသည့်အတိုင်းပင် အခန်းတစ်ခု၏ ဘေးပြတင်းပေါက် သည် ဖွင့်လျက်ရှိ၏။

'ဟား… အတော်ပဲ၊ အဲသည်ပြတင်းပေါက်ကနေ အိမ်ထဲဝင် ရမယ်၊ အသံဗလံတွေ တိတ်ဆိတ်နေပုံထောက်ရင် အထဲကအိမ်စောင့် တော့ ထမင်းဆိပ်တက်ပြီး အိပ်မောကျနေမှာ သေချာတယ်'

ငပိန်ကလည်း သူ့တွက်ကိန်းနှင့်သူ။

သည်တွက်ကိန်းကို အခြေပြုလျက် ပြတင်းပေါက်အနီး လျှောက်သွားပြီး ဘယ်ဘက်ပေါင်ကို ဖတ်ခနဲရိုက်ကာ လွှားနဲ့ပြတင်း ဘောင်ကို လှမ်းခိုလိုက်၏။ ကြောင်မျက်ရှင်ဆေးတန်းခိုးကြောင့် မဆို

www.burmeseclassic.com

www.burmeseclassic.com



သာ။ မည်သည့်ကြီးမားသော အသံဗလံမျှ ပေါ်ထွက်လာခြင်းမရှိဘဲ ငပိန်တစ်ယောက် ပြတင်းဘောင်ကိုကျော်လျက် အခန်းထဲသို့ အောင်မြင်စွာ ရောက်ရှိသွားခဲ့ပါ၏။

အခန်းတွင်းကား အပြင်လောကထက်ပင် ပို၍ပိန်းပိတ်အောင် မှောင်လှ၏။ သည့်အတွက် ငပိန်သည် သူ့တွင်ပါလာသော လက်နှိပ်ဓာတ်မီးအသေးစားကလေးကို ခလုတ်နှိပ်လျက် အခန်းတွင်းသို့ ရှူးစမ်းလိုက်လေသည်။ သူရောက်ရှိနေသော အခန်းကား သေးပေါက်ခန်းဖြစ်ဟန်တူ၏။ မိန်းမထဘီတန်းနှင့်သေးခွက်ကြီးနှစ်ခွက်နှင့် ရေအင်တုံတစ်ခုကို တွေ့ရလေသည်။ သည်တော့ သူ ဘာဆက်လုပ်ရမည်ကို တောင်အီအီ စဉ်းစားလိုက်၏။

'အဟမ်း… အဟမ်း'

အိမ်အပြင်ဘက်မှ အသံ။

ငပိန် ခေါင်းငယ်နားကြီးသွား၏။ ပြီး လူတစ်ဦးထက်မကသော ခြေသံအချို့။

'ဟော့… ဆင်ပေါက်၊ အိမ်ဘေးပြတင်းပေါက်တံခါးကြီးဖွင့်လို့ပါလားကွ'

'ဟုတ်တယ် သူကြီး၊ ကေန္တ အိမ်ထဲတစ်ယောက်ဝင်နေပြီထင်တယ်၊ မဟုတ်မှလွဲရောပဲ'

'ဟုတ်… ဟုတ်၊ မဟုတ်ဟုတ်၊ ငါတော့ မသင်္ကာဘူးကွာ၊ မင်း အဲဒီပြတင်းပေါက်နားကစောင့်၊ တစ်ယောက်ယောက်ခုန်ဆင်းလာရင် အလွှတ်မပေးနဲ့ ကြားလား'

'စိတ်ချပါ သူကြီးရယ်၊ ဆင်ပေါက်ပါ၊ သူခိုးဆိုတာမျိုးကို ခြင်လောက်ပဲ သဘောထားပါတယ်'



'အေး… ငါနဲ့ခင်ဆုံတို့ ရှေ့ကတံခါးဖွင့်ဝင်မယ်'

အတိုင်းသားကြားရသည့် အသံများကြောင့် ငပိန့်အဖို့ ထိတ်ထိတ်ပျာပျာဖြစ်သွားကာ သေးပေါက်ခန်းမှသည် အနီးကပ်အခန်းတစ်ခန်းသို့ လှမ်းဝင်လိုက်သည်။ အခန်းတွင်းရှိ အခြေအနေကို အကဲခတ်ရန် ဓာတ်မီးထိုးကြည့်တော့ ခြင်ထောင်တစ်လုံး။

ခြင်ထောင်က ကိစ္စမရှိ။

ခြင်ထောင်၏အပြင်ဘက်သို့ ကိုယ်တစ်ဝက်ထွက်နေသည့် မြင်ကွင်းက သူ့အတွက် ပြဿနာ။ ကိုယ်တစ်ဝက်ထွက်နေသည်ကို ကြည့်လိုက်မိတော့ အာခေါင်တွေခြောက်လာသလို ခံစားရသည်။ မြင်ကွင်းကလည်း ရင်တုန်းပန်းတုန်ဖြစ်ချင်စရာ။ ဖြူစင်ဝင်းလဲ့နေသော ပေါင်တံနှစ်ချောင်းသည် ခြင်ထောင်အပြင်သို့ ထွက်လျက်ရှိသည်။ သည်ပေါင်တံနှစ်ချောင်းပိုင်ရှင်ကား ယောကျ်ားသားမဟုတ်တာတော့ သေချာသည်။ ငပိန်လည်း ရုတ်ခြည်းဆိုသလိုပင် ဓာတ်မီးကို ပိတ်လိုက်ရသည်။ ရင်တွေပန်းတွေကလည်း တဒိန်းဒိန်း။

'ကိုကျော်ပြောင် မီးထွန်းလိုက်လေ ပြီးတော့ အခန်းထဲလိုက်ပြီး မီးထိုးကြည့်ပါဦး'

'အေးပါ ဆုံဆုံရယ်၊ ငါလည်း သင်္ကာမကင်းဖြစ်နေတာပါ၊ တို့မရှိတုန်း အခွင့်ကောင်းယူပြီး ဝင်လာတဲ့သူခိုးတော့ လုံးဝကို မလွယ်ဘူးမှတ်'

သူတက်လာသည့် အိမ်ကသူကြီးအိမ်ဆိုတော့ အတော်ကလေးကို ဖျားသွားမိ၏။ အိမ်ရှေ့ခန်းလည်း လင်းနေပေပြီ။ မကြာခင် သူရှိနေသော အခန်းတွင်းသို့ ဝင်လာလျှင်အခက်။ ခုတောင် ခြေသံကြားရပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ငပိန် ဘာမျှစဉ်းစားမနေတော့။

ရတ်ခြည်းဆိုသလိုပင် မျက်စိရှေ့အောက်တွင် ရှိနေသော ခြင်ထောင်တွင်းသို့ ဝင်လိုက်၏။ သူခြင်ထောင်တွင်းသို့ ဝင်ရောက်သည့်တိုင်အောင် အိပ်မောကျနေသော မိန်းကလေးသည် နိုးမည့်အရိပ်အယောင်မရှိသေး။ ဆင်အော်သည့်တိုင် နိုးမည့်အနေအထားမရှိ။

သူကြီးဦးကျော်ပြောင်သည် မီးတိုင်ကို ကိုင်စွဲလျက် အခန်းထဲဝင်လာသည်။ သူ့နောက်မှ သူကြီးကတော် ဒေါ်ခင်ဆုံလည်း ကပ်ပါလာ၏။

'ဟာ… ယမုံကလည်း အအိပ်အနေကြမ်းလိုက်တာ'

'ဟုတ်ပါ့ကွာ၊ အမျိုးကိုက ပြောကိုမပြောချင်တော့ဘူး'

ကိုယ်ခန္ဓာအောက်ပိုင်းတစ်ပိုင်းထွက်နေသော သူကြီးတူမ၏ အဖြစ်ကို ဒေါ်ခင်ဆုံက ဝေဖန်၏။ လင်တော်မောင်ကလည်း ကန့်ကွက်ခြင်းမရှိ ထောက်ခံ၏။

'နေဦး၊ ကျုပ် သင်းကို ခြင်ထောင်ထဲ ပြန်သွင်းလိုက်ဦးမယ်'

စိတ်ထဲမှာလည်း သည်လိုမျိုး အအိပ်အနေကြမ်းတမ်း၍ ဘယ်သူဘာနှင့်ဘာထိထိ မနိုးတတ်သဖြင့် ခုလိုကလေးအဖေ မည်သူ မည်ဝါဟု မပြောနိုင်သည်လားဟူ၍ပင် အတွေးဝင်လာမိပြန်၏။

'အဲ… အဲတော့… လူ… လူ'

'ဟဲ့… ငါ့တူမဟာ လူလေကွာ၊ လူမဟုတ်လို့ သရဲလား ဆုံဆုံရဲ့'

'တော့်တူမကို ပြောနေတာ မဟုတ်ဘူး၊ တော့်တူမဘေးမှာ လူတစ်ယောက် ငုပ်တုတ်ထိုင်နေတာကို ပြောတာ'



'ဟေ… ဟုတ်လား'

သူကြီးလည်း နီးစပ်ရာ လက်နက်တစ်ခုကို ဆွဲယူလိုက်သည်။ ပြီးတော့မှ အောင်မြင်ဝင့်ကြွားစွာဖြင့်…

'အဟမ်း… အဟမ်း… ဟေ့ကောင် အေးအေးလူလူ ထွက်ခဲ့စမ်း၊ ငါတို့မရှိတုန်း ကျူးကျူးကျော်ကျော်နဲ့ အိမ်ပေါ်တက်ပြီး စော်ကားမော်ကားလုပ်တဲ့ကောင် မင်းတော့ ဒီည ထိပ်တုံးခတ်ပြီး ခြင်စာ ကျွေးမယ်၊ ထွက်… မထွက်ရင် ထမ်းပိုးစာမိမယ်၊ ရာရာစစ သူကြီး အိမ်မှ ရွေးပြီးတက်ရတယ်လို့ကွာ'

ငပိန် ဘာမျှမတတ်နိုင်တော့။

ခြင်ထောင်ထဲမှ ခပ်ကုပ်ကုပ်ကလေး ထွက်လာသည်။

'ဟေ့… မင်းနာမည် ဘယ်သူလဲ'

'င… ငပိန်ပါ အဒေါ်'

'အေး… မင်းနဲ့ငါ စကားပြောစရာရှိတယ်၊ အရှေ့ခန်းကို လိုက်ခဲ့စမ်း၊ ငါ့စကားနားထောင်ရင် မင်း ဘာမှမဖြစ်ရဘူးလို့ အာမခံတယ်'

'တ… တကယ်နော် အဒေါ်'

'စိတ်ချ၊ ငါက သူကြီးကတော်ဆိုပေမဲ့ သူကြီးထက် အာဏာ စောင်းထက်တယ်ဆိုတာ မှတ်ထား၊ ဘာမဆို ငါမပြီးဘဲနဲ့ သူပြီးလို့ မပြီးစေရဘူး၊ ဟွန်း… ဟွန်း'

စကားတွေက ဘယ်ကိုရောက်၍ ဘယ်သို့ပေါက်နေပြီမှန်း မသိ။ သို့ရာတွင် သူပြောသည်လည်းမမှား။ ထို့ကြောင့် ဇနီးသည်ကို သူကြီးဦးကျော်ပြောင်ဘာမှမတုန့်ပြန်တော့။

www.burmeseclassic.com



'ဒါထက် မင်း ညစာကို စားပြီးခဲ့ပြီလား'

'ဟာ... ဟာမှမစားရသေးပါဘူးခင်ဗျ'

'ဒါဆိုရင် ကိုင်း... ကိုကျော်ပြောင် မောင်ငပိန်စားဖို့ရာ ထမင်းပေါ် ဟင်းပုံပြီး ဇွန်းတပ်ယူလာခဲ့ပါ၊ ရေနွေးကြမ်းအိုးလည်း ဆွဲခဲ့ချေ၊ သွားတော် မြန်မြန်'

'အေး... အေး... အေးပါကွာ'

သူကြီးအဖြစ်ကိုကြည့်၍ ငပိန် အတော်ကလေး တရားကျ သွားသည်။ ပြီးတော့ ထွက်ပြေးရန်အပေါက်ကို စူးစမ်းကြည့်သည်။ မလွယ်။ တံခါးတွေမှန်သမျှ ဂျက်ချထားတာတွေချည်း။ အပြင်ရောက် လျှင်လည်း သူကြီး၏တပည့်ကျော် ဆင်ပေါက်ဆိုသူက ဆည်းပြီးဆော် မထည့်ဟု မပြောနိုင်။

'မင်းနဲ့ ငါတို့တူမ ခုလိုဖြစ်နေကြတာ ဘယ်လောက်ကြာ ပြီလဲ'

ဒေါ်ခင်ဆုံက သိသိကြီးနှင့် မသိသလို အမေးထုတ်နေသည်။ ငပိန်မှာတော့ အိုးတိုးအန်းတန်း။

ထိုခဏ သူကြီးဦးကျော်ပြောင် ထမင်းပန်းကန်နှင့် ရေနွေး အိုးကိုဆွဲ၍ ရောက်လာသည်။

'ကဲ... မောင်ပိန် မင်းမလည်း အတော်လေးကို ဆာနေရော ပေါ့၊ ကိုင်း စားလိုက်ဦး၊ ပြီးတော့မှ စကားဆက်ကြတာပေါ့ကွယ်'

'ဟုတ်... ဟုတ်ကဲ့ ခင်ဗျ'

ဤသို့ဤပုံ ဟင်းကျွေးဟင်းကောင်းနှင့် ဝေးနေရသည်မှာ ကြာပြီဖြစ်သည့်အတွက် ငပိန်လည်း နွားတော်ရေကျဆိုသလို ဟ



ကလေးမှုပင် မစောင့်နိုင်ဘဲ တစ်လုတ်ပြီးတစ်လုတ် အုပ်နေပါတော့ သည်။ သူကြီးဦးကျော်ပြောင်မှာတော့ ဇနီးသည်လုပ်နေပုံကို နားမလည် အကြောင်းတစ်ခုခုတော့ ရှိလိမ့်မည်ဟု သဘောထားရင်း မသိကျိုးကျွံ ပြုနေလိုက်သည်။

'ဒီကောင်... ဒီလိုမျိုး စားသောက်နေပုံကိုကြည့်ရတာ ဒုဗ္ဘိ ကန္တာရကပ်ဆိုက်လာပုံရတယ်၊ အင်း... အားလည်းသိပ်ရှိပုံမရဘူး၊ အရိုးက မီးတောက်နေတာများလား'

သည်လိုနှုတ်က ရုတ်တရက်ထွက်တော့ ဒေါ်ခင်ဆုံက မကျေ နပ်။

'ဒီမယ် ကိုကျော်ပြောင်၊ ကျွန်မ အလုပ်လုပ်နေတာကို ရှင် ဝင်မရှုပ်ရင် ကောင်းလိမ့်မယ်ထင်တယ်နော်'

'အေး... အေး... အေးပါကွယ်'

သို့ဆိုပြီး မလှမ်းမကမ်း၌ ထိုင်ကာ အရိပ်အကဲကြည့်နေလိုက် သည်။

'ကဲ... စားပြီးသောက်ပြီးဆိုတော့ စကားဆက်ရဦးမယ်၊ မင်း ဒီလိုမျိုးတို့မသိအောင် ငါတို့တူမအခန်းကို ဝင်တာ ဘယ်လောက် ကြာပြီလဲ၊ ငြင်းဖို့တော့ မစဉ်းစားနဲ့နော်၊ ခုပဲ ခြင်ထောင်ထဲကနေ မိလာတာ'

ဒေါ်ခင်ဆုံ၏ စကားက ချည်ပြီးတုပ်ပြီး ကား။ သည်တော့ ငပိန်လည်း စိတ်ထဲတွေ့ရာ ကောက်ပြောလိုက်တော့၏။

'အဲ... ခြောက်လကျော်လောက်တော့ ရှိပြီခင်ဗျ'

'အေး... အဲသလိုဝန်ခံမှပေါ့၊ ခု... ငါတို့တူမမှာ ကိုယ်ဝန် ရှိနေပြီ'

www.burmeseclassic.com



'ဗျာ'

'မင်း သိနေတယ် မဟုတ်လား မောင်ငပိန်'

'ဟုတ်… ဟုတ်ကဲ့၊ သိ… သိပါတယ်ခင်ဗျ'

'ဒါဖြင့် မင်းဘက်က ဘာလုပ်ရမယ်ဆိုတာ သိမှာပေါ့'

'သိပါတယ်ခင်ဗျ၊ ကျွန်တော့်အနေနဲ့ မိသားဖသားပီပီ'

'ဟုတ်ပြီ၊ အဲသလိုစိတ်ဓာတ်မျိုးမှ အဒေါ်က ကြိုက်တာ၊ ဘယ့်နှယ် ကိုယ်ကျူးလွန်ထားတဲ့ကိစ္စ ကိုယ်တာဝန်ယူရမှာပေါ့ကွယ်၊ မဟုတ်ဘူးလားလို့'

'ဟုတ်ပါတယ်ခင်ဗျ၊ သည့်အတွက် ကျွန်တော့်ဘက်က သက်ဆိုင်ရာလူကြီးမိဘတွေကို ဖွင့်ဟပြီး မိသားဖသားပီပီ လာတောင်းပါမယ်ခင်ဗျ'

ငပိန်ခမျာ ကိုယ်လွတ်ရုန်းရန်အတွက် ဖင်ကြွနေသည်။

သည်လိုမျိုးတော့ ဒေါ်ခင်ဆုံတို့က မရ။

သင်းကို သည်ည သည်အိမ်မှာထားမည်။ မနက်ဖြန် လူကြီးစုံရာနှင့် အကျိုးအကြောင်းပြောကာ ရပ်သိရွာသိဖြစ်အောင် လုပ်မည်။ နောက်ပိုင်းကိစ္စကို ဘာမျှထည့်စဉ်းစားစရာမလိုတော့။ မိုက်တရားခံကို ဖော်ထုတ်နိုင်လျှင် ကိစ္စပြတ်ပြီပဲ။

'ကိုင်း… ကိုကျော်ပြောင် ရှင် သူ့ကိုဘယ်မှ မသွားစေနဲ့။ ယမ့်ကို ကျွန်မ သွားနှိုးပြီး ခေါ်ခဲ့မယ်'

'အေး… အေး'

အကြံပိုင်သော ဖနီးအလိမ္မာကို သူကြီးဦးကျော်ပြောင်အဖို့ ထိုင်ကန်တော့ချင်လောက်အောင် ကျေးဇူးတင်နေမိတော့သည်။



'သ… သ… သူကြီး'

'ဟေ့ကောင်… ဘာများလဲကွ'

'ကျုပ်… ကျုပ်… အပေါ့သွားချင်တယ်'

'ဟာ… မရဘူး၊ အောင့်ထားကွာ'

'အောင့်လို့မရဘူးခင်ဗျ၊ ကျွန်တော်က အာရုံကြောသိပ်မကောင်းဘူး၊ သိပ်အောင်ထားရင် နေရာတင်ပဲ ပုဆိုးထဲပေါက်ချမိတတ်တာ'

'ထွီ… အတော်ညစ်ပတ်တဲ့ကောင်ပဲ၊ ဒါ… ဘုရားခန်းကွ၊ ရှုပ်ပါတယ်ကွာ၊ ငါ အရှေ့တံခါးဖွင့်ပေးမယ်၊ ချုံဘေးမှာပန်းလိုက်၊ ပန်းပြီးတာနဲ့ ပြန်လာခဲ့၊ ဟုတ်ပြီလား'

'ဟုတ်… ဟုတ်'

ငပိန်လည်း သူကြီးနောက်မှ အသာကပ်လိုက်၏။ သူကြီးက တံခါးဂျက်ဖွင့်တော့ ပုဆိုးကို ပြင်ဝတ်၏။ ထိုအခိုက် ဝှက်ယူလာသော လွန်ပူသည် ကြမ်းပြင်ပေါ်သို့ ခေါက်ခနဲကျ၏။ သည်မှာတင် သကောင့် သားမောင်ပိန်လည်း နောက်ကျတဲ့ခြေထောက်သစ္စာဖောက်ဟု ဦးနှောက် ဒွိတံဆိပ်ရိုက်နှိပ်ကာ 'သေတဲ့ထိတိုင် မြင်သေလာကို ခြေဦးမလှည့် တော့ပါဘူးခင်ဗျ' ဟု နောင်တအပြည့်နှင့် ရှေ့ရှုတ်ရင်း အမှောင်ထု အတွင်း တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

ငပိန်ကျောခိုင်းခဲ့ရာ သူကြီးအိမ်မှာတော့ ဘာတွေဘယ်လိုဖြစ်ပျက်ကုန်သည်ကို မသိတော့။ ငပိန့်အဖို့ရာ သည်တစ်ညတာအတွေ့အကြုံကိုဖြင့် သေသည့်တိုင် မေ့နိုင်လိမ့်မည် မဟုတ်ပါလေတကား။

www.burmeseclassic.com

www.burmeseclassic.com

'စေလောကမှာ
ပူးစာကံဆိုတာကလည်း
အဆန်းသားပဲ လူလေးရယ်
လူလေးနဲ့ ဂွတ်ထော်မဟာ
ပူးစာဆုံရအောင်လို့
သူလင် အညာသားက
ပင်သွားတာဖြစ်ရမယ်
သားသမီးမရှိတာလည်း
နောက်ကြောင်းအေးတာပေါ့လေ။
လူလေးလိုပဲ ကလေးမလေးက
သူ့အဖေကို ဂရုစိုက်တာ
သည်တော့...'

www.burmeseclassic.com

www.burmeseclassic.com

ခုတလော ဒေါ်ဆွဲမိတစ်ယောက် အကြောင်းမရှိ အကြောင်းရှာပြီး ဆေါ်သာရွှင်အိမ်သို့ မကြာခဏဆိုသလို ရောက်ရောက်လာသည်။

ဒေါ်ဆွဲမိသည်က မြိုင်သေလာရွာဇာတိပဲဖြစ်၏။ လင်သေမုဆိုးမဖြစ်ပြီး သားတော်မောင် ပုလုံးနှင့် အမေတစ်ခု သားတစ်ခုဆိုသလို နေထိုင်သူဖြစ်၏။ မောင်ပုလုံးကိုလည်း တစ်ယောက်ဆိုတစ်ယောက် သားကောင်းတစ်ယောက် ကျောက်ကောင်းတစ်စေ့အလား။ မအေမုဆိုးမကြီးကို လယ်ယာလုပ်ငန်းခွင်ဝင်ပြီး လုပ်ကိုင်ကျွေးမွေးလာခဲ့သည်မှာ အသက်အစိတ်ကျော်ခဲ့ပြီဖြစ်၏။ ၄င်းနှင့်သက်တူရွယ်တူတွေဆိုလျှင် သားတွဲလွဲ သမီးတွဲလွဲနှင့်။

ပုလုံးကတော့ တစ်ကိုယ်တည်းမှ တစ်ကိုယ်တည်း။

ပုလုံးအဖို့ မိခင်မုဆိုးမကြီးကို မပူမပင် မကြောင့်မကြမတောင့်တရအောင် လုပ်ကျွေးနိုင်လျှင် တာဝန်ကျေပြီဟု မှတ်ယူထားသူဖြစ်သည်။ တခြားဘာတစ်ခုကိုမျှ တောင်တောင်အီအီမတွေး။ ဒါကို အလိုမကျသူကား မိခင်ဒေါ်ဆွဲမိပဲဖြစ်သည်။ သူမျက်လုံးမမှိတ်ခင် သားလိမ္မာအား တင့်တောင်းတင့်တယ် ဖြစ်သွားစေချင်သည်။ ပြီးတော့ မြေးကိုလည်း ချီလိုက်ချင်သေးသည်။ ယမမင်းကြီးက အဘောကောင်းခဲ့ဦးမည်ဆိုလျှင် မြေးသက်နှန်းစည်းသည်ကိုလည်း ပီတိအဟုန်

www.burmeseclassic.com



ဖြင့် ကြည့်လိုက်ချင်ပါသေးသည်။ သည့်အတွက် မကြာခဏဆိုသလို ပင်…

'သား… လူးလေး ပုလုံး'

'ဗျာ… အမေ၊ ဘာလဲဟင် ဘာပြောမလို့လဲဟင်'

'အမေလေ မျက်စိနှစ်လုံး မမှိတ်ခင် ချွေးမလေးရဲ့ မျက်နှာကို မြင်သွားချင်လိုက်တာကွယ်'

'ဟာ… အမေကတော့ လုပ်ပြီဗျာ၊ အပူမရှိ အပူရှာ၊ လောကမှာ ယောက္ခမနဲ့ သမက်၊ ယောက္ခမနဲ့ ချွေးမဆိုတာ ကမ္ဘာ့ရန်တဲ့ဗျ။ သည်အတိုင်းနေသွားတာပဲ ကောင်းလိမ့်မယ်ထင်ပါတယ် အမေရယ်'

'အယ်… ဒီလိုတော့လည်း ဘယ်ဟုတ်ပါ့မလဲ သားရယ်၊ လူဆိုတာမျိုးက သစ်ပင်ပန်းပင်တွေလိုပဲ သီးချိန်တန်သီးရတယ်၊ ပွင့်ချိန်တန် ပွင့်ရတယ်၊ သဘာဝကို မလွန်ဆန်ကောင်းဘူးကွယ်'

'အို… ကျွန်တော်ကတော့ ခုလိုပဲ အမေ့ကို လုပ်ကိုင်ကျွေးမွေးနေရတာပဲ သဘောကျပါတယ်ဗျာ'

ပုလုံးသဘောထားက ဤသို့ဤပုံပါတည်း။

အိမ်ထောင်ရေးကိစ္စ။ သူ့ခေါင်းထဲ၌ လုံးလုံးလျားလျား မရှိ။ အကယ်တန္တုသည်လိုအချိန်၌ မိခင်ကြီးသာ မျက်ကွယ်ပြုသွားခဲ့လျှင် ရာသက်ပန် သပိတ်တစ်လုံးနှင့် သင်္ကန်းစည်းသွားလေမည်လားမသိ။

သူ့ခေါင်းထဲမှာတော့ မိခင်ကြီးမှ မိခင်ကြီးပဲဖြစ်သည်။

အိမ်မှာ မိခင်ဖြစ်သူအား ဘာတစ်ခုမျှ ပင်ပင်ပန်းပန်း မလုပ်စေရ။ အိမ်၏ဝေယျာဝစ္စမှန်သမျှ တစ်ခုမကျန် ထောင့်စေ့နေအောင် သူပဲလုပ်သည်။ ချက်တာပြုတ်တာလည်း သူ့အလုပ်။ လျှော်တာဖွတ်



တာလည်းသူ့အလုပ်။ အိမ်ဗာဟီရသန့်ရှင်းရေးလုပ်တာလည်း သူ့အလုပ်။ ဒေါ်ဆွဲမိအဖို့ ချွေးမဆိုတာကြီးကိုသာ မတောင့်တလျှင် သူတို့သားအမိ၏ အိမ်ဂေဟာလေးသည် သီရိဂေဟာမှ သီရိဂေဟာပါပဲကလား။

ဒေါ်ဆွဲမိအဖို့ ချွေးမတစ်ယောက် ရရှိရေးကို စဉ်းစားလိုက်သောအခါ သူ့လိုဘပြည့်စေရေးအတွက် အကောင်းဆုံးအကူအညီပေးနိုင်သူမှာ အောင်သွယ်တော်ကောင်းဖြစ်သည့် အပျိုဟိုင်းကြီး ဒေါ်သာရှင်ကို ပြေးမြင်လိုက်သည်။ သည့်အတွက်ကြောင့်လည်း ဟိုးခါတိုင်းတုန်းက ကူးလူးဆက်စပ်ခြင်းမရှိခဲ့သမျှ ခုကျတော့လည်း ဒေါ်ဆွဲမိ၏ ခြေလှမ်းတွေက ဒေါ်သာရှင်ထံသို့ ချောင်းပေါက်မတတ်ဖြစ်ချေပြီ။

'ငါလည်း အသက်ကြီးပါပြီအေ၊ ငါ့သားပုလုံး အသက်ကလည်း ငယ်တော့တာ မဟုတ်ဘူး၊ အစိတ်ကျော်လို့ သုံးဆယ်နားကပ်နေပြီ၊ အသက်အစိတ်မှာ ပုခက်မချိတ်ရင် တစ်သက်မနိုင်တော့ဘူးဆိုလားပဲ၊ ဒီတော့ ငါမျက်စိမမှိတ်ခင် ငါ့အတွက် ချွေးမလေးတစ်ယောက်လောက်ရအောင် စွမ်းဆောင်ပေးစမ်းပါအေ၊ ညည်းက ဒီလိုကိစ္စမျိုးမှာ နှစ်ယောက်မရှိ ဦးနှောက်ပြေးပါတယ်၊ သူကြီးတူမကိစ္စကိုတောင် ညည်းကူညီဖြေရှင်းပေးခဲ့တယ် မဟုတ်လား'

သည်လိုမျိုး မြှောက်ထိုးပင့်ကော်ပြောလာတော့လည်း ဒေါ်သာရှင်အဖို့ သိသိကြီးနှင့်ပင် ဘဝင်တော့အကျသား။

'ခက်တာက တော့်သားပုလုံးကမှ အိမ်ထောင်ပြုချင်စိတ်မရှိတဲ့ဟာ၊ ဘယ်လောက်ပြောဆို တိုက်တွန်း တိုက်တွန်း ကျွဲပါးစောင်းတီးဖြစ်နေမှာပေါ့ အရီးဆွဲမိရဲ့'

www.burmeseclassic.com



'အိုအေ သစ်ငုတ်တိုတွေတောင်မှ တွန်းတိုက်ပါ၊ နှုံပါများရင် ရွှေလာနဲ့လာရသေးတာပဲဟယ်၊ ငါ့သားပုလုံးက ဘာသားနဲ့ ထုထားလို့လဲ၊ ပြောဆိုပါ တိုက်တွန်းပါများလာရင် အာရုံကျလာမှာပါ၊ ညည်း သင့်တင့်တဲ့သူတွေ့ရင် စပ်ဟပ်ကြည့်စမ်းပါအေ၊ အားကိုးပါရဲ့'

သည်တော့လည်း မြိုင်သေလာရှိ အပျိုတွေ၊ တစ်ခုလပ်တွေ၊ မုဆိုးမအရွယ်တော်တွေကို စာရင်းဇယားဆွဲရသည်။ ပြီးတော့ ပုလုံးနှင့် ချိန်ထိုးကြည့်ရပြန်သေးသည်။ ပုလုံးအဖို့ သားလိမ္မာဖြစ်သည်မှာ မှန်၏။ သည့်အတွက် လူကြီးသူမများက ချီးမွမ်းကြ၏။ သို့ရာတွင် အရုပ်အမောင်းက နာမည်နှင့်လိုက်လျောညီထွေစွာ ခွေးပစ်တုတ်သာသာ။ အသားကသပိတ်ရောင်ထနေသည်။ မျက်လုံးကပြူးပြူး။ နှာယောင်ကကောက်ကောက်၊ ဝက်ခြံပုန်းတွေ လျှောင်းစက်နေသောပါးက မို့မို့ဖောင်းဖောင်း၊ နှုတ်ခမ်းက လန်လန်၊ သည်တော့လည်း ဘယ်အပျို တစ်ခုလပ်၊ မုဆိုးမကမှ ပုလုံးအပေါ် စာမလိတ်သလိုစိတ်မလာကြ။ ဒါကိုပဲ သင်းကိုယ်သင်း ကျွန်တော်ကတော့ ခုလိုပဲအမေ့ကို လုပ်ကိုင်ကျွေးမွေးနေရတာကိုပဲ သဘောကျပါတယ်ဗျဟု အသံကောင်းဟစ်သတဲ့လား။

'အိမ်ထောင်မြန်မြန်ပြုတယ်ဆိုတာ အပြောလွယ်သလောက်တကယ့်တကယ်ကျ လက်တွေ့မှာ လွယ်တာမဟုတ်ဘူး အရီးဆွဲမိရဲ့'

'အေး… အဲဒါကြောင့်ပဲ ညည်းကိုအားကိုးတကြီး အကူအညီတောင်းရတာပေါ့ မယ်သာရှင်ရယ်'

သည်တော့လည်း အောင်သွယ်တော် အပျိုဟိုင်းကြီးအဖို့ ပုလုံးတစ်ယောက် မိန်းမရရေး (ဝါ) ဒေါ်ဆွဲမိတစ်ယောက် ချွေးမရရှိရေး



အတွက် အိမ်ထောင်ရေးကျားကွက်ကို ဆုတ်တက်လှုပ်ရှား ကစားရပြန်ပါသတည်း။

၆

တကယ်ဆိုတော့ ပုလုံးဆိုသည်က ဘုရားရဟန္တာမှ မဟုတ်တာပဲ။

သူ့စိတ်ထဲက ကြံလိုက်သည်နှင့်ပင် လန်လန်သွားကြသည်မို့ ထိုင်နေရအကောင်းသား ဟူ၍ သဘောထားလိုက်ခြင်းပါပေ။

ခု… အောင်သွယ်တော် ဒေါ်သာရှင်က သူ့အတွက် လုပ်ငန်းအကောင်အထည်ဖော်တော့မည်ဆိုလေသောအခါ ရင်တွေဒိန်းဒိန်းခုန်ရပါချေပြီ။ ထို့ကြောင့်ပင် မိခင်ကြီးဒေါ်ဆွဲမိအိမ်တွင် ရှိနေသည့်အခိုက် အောင်သွယ်တော် ဒေါ်သာရှင့်ထံ လစ်ထွက်လာခဲ့သည်။

'နေ… နေပါဦး၊ ကျုပ်… ကျုပ်အတွက် ဘယ်သူ့ကိုများတွေ့ထားသလဲဟင်၊ ပြောစမ်းပါဦးဗျာ၊ ကျုပ် ရင်တွေခုန်လွန်းလို့ပါ'

'အေး… ငါတွေ့ထားတာကတော့ အနောက်ဖျားက ဖုဆိုးဖိုဦးပေါ်လုရဲ့သမီး ဥတ်ထော်မပဲ'

'အယ်… ဥတ်ထော်မက တစ်မြန်နှစ်က ဒေါင်းကွေ့ရွာက ထန်းသမားလှသိန်းနဲ့ ညားခဲ့တာ မဟုတ်လား'

'ဟုတ်တယ်လေ၊ မနှစ်ကညားခဲ့တာပဲ၊ ဒီနှစ်ကျစိတ်သဘောချင်း မတိုက်ဆိုင်လို့ အညာသားလှသိန်းလည်း ထန်းပစ္စည်းတွေယူပြီး သူ့အညာပြန်သွားပြီ၊ ဒီတော့ ဥတ်ထော်မမှာ လက်ဆုပ်လက်ကိုင်ပြစရာ ဘယ်လင်မှမရှိတော့ဘူး၊ အပြတ်ကို ညောင်ညိုပင်လမ်းခွဲလိုက်တာ'

www.burmeseclassic.com



ပြောမယ့်သာပြောတာပါတယ်။ ဠွတ်ထော်မလေးဟာ အဖေ တစ်ခု သမီးတစ်ခုဆိုသလို နင့်လိုပဲ မိဘကို သိပ်ရိုသေတယ်။ အိမ် ထောင်မှုလည်း နိုင်နိုင်နင်းနင်းရှိတယ်။ ဘယ်အလုပ်မှ ဖုံမရွေးဘူး။ ဒေါင်းတိမောင်းတိလုပ်နိုင်လို့ စားနိုင်သောက်နိုင်ရှိတယ်။ အဲဒါ နင်နဲ့ သာ စပ်ဟပ်လိုက်လို့က ရွှေနဲ့မြ၊ နေနဲ့လပဲ ပုလုံး။

ဒေါ်သာရှင်၏ အပြောက ချောမှချော…။

သည်အပြောထဲ၌ ပုလုံး မျောနစ်နေမိသည်က အမှန်။ ဠွတ် ထော်မကို စိတ်ကူးနှင့်မြင်ယောင်ကြည့်လိုက်၏။ သွက်သွက်လက် လက်၊ ဖျတ်ဖျတ်လတ်လတ်၊ ဒေါင်ကျကျ ပြားကျကျ လောကခံကို ကြံ့ကြံ့ခံမည့်အနေအထား။ လင်ပစ်သွားသည်ကိုပင် နည်းနည်းလေးမှ မမှု။ မျက်ရည်ကျဖို့ဆို ဝေးပါသေး။ စိတ်ဓာတ်ကိုက သံမဏိစိတ် ဓာတ်။ ပြီးတော့ လုံးလုံးကျစ်ကျစ်ကလေး။ ဖျစ်ချင်ညှစ်ချင်စရာ ကောင်းလှသည့် အနေအထား။

အဲ… ဒါပေသည့် သူက လူပျိုမှ လူပျိုစစ်စစ်။

ဠွတ်ထော်မကျတော့ ပန်တော်ကျ အပျိုစစ်စစ်မဟုတ်တော့ သည့် တစ်ခုလပ်မ။ သည့်အတွက်တော့ ပုလုံးနည်းနည်း စိတ်ထွေရ သည်။

'ပုလုံးရယ် အပျိုစစ်မစစ်က အရေးမကြီးပါဘူး၊ စစ်တယ်ဆို လည်း ညားပြီးတာနဲ့ မစစ်တော့ဘူး၊ နင်မကြားဖူးဘူးလား၊ စပါးဆိုရင် စကုဖျတ်စပါးဟာ အကောင်းဆုံး၊ မယားဆိုရင် တစ်ခုလပ်မယားဟာ အကောင်းဆုံးတဲ့'

အောင်သွယ်တော်ကြီးထံမှ သူ့နှလုံးသားအား ယိုင်နဲ့စေမည့် စကားများ။



'ဆေးပေါ့လိပ်ဆိုရင်လည်း ကြည့်ဦး၊ အသစ်ကို မီးညှိပြီး သောက်တာထက် သူများသောက်ပြီးသားကို မီးညှိဖွာသောက်ရတာ ပိုကောင်းသတဲ့၊ တစ်ခုလပ်ဆိုတော့ ဘာဘာညာညာသင်ပေးစရာ တောင် မလိုဘူး၊ သူ့ဘာသာသူ ဦးဆောင်သွားမှာဟဲ့'

ဒါလည်း ဟုတ်သားဟု ပုလုံးနားလည်လိုက်ရပြန်သည်။

'သံချပ်တစ်ခုတောင် ရှိသေး၊ ဘာတဲ့'

'တစ်ခုလပ်နဲ့ အပျိုစင်

ဘယ်သင်းသာလို့ ယဉ်သလေလေ့'

'အပျိုစင်နဲ့ အပုံကြီးကွာ

တစ်ပြုံကြီးသာတာ တစ်ခုလပ်ဟေ့'တဲ့။

ဒါလည်း မှန်ပေသားပဲဟု ပုလုံး သဘောပေါက်ရပြန်သည်။ သည်သို့ နားလည်ရင်း သဘောပေါက်ရင်းမှ ဠွတ်ထော်မအပေါ် တိမ်း ညွှတ်မိမှန်းမသိ တိမ်းညွှတ်သွားရသည်။

သို့သော် တစ်ဖက်ကလည်း စဉ်းစားစရာရှိပြန်သည်။ တကယ်တန်း ဠွတ်ထော်မကို သူ ယူလိုက်မိပြီဆိုပါစို့။ ဤ၌ ပတ်ဝန်း ကျင်က…

'ပုလုံးတစ်ယောက်ကွာ လူပျိုစစ်စစ်ဖြစ်ပါလျက်နဲ့ အပျိုစစ် စစ်ကိုတော့ ရအောင်မယူဘူး၊ ဘယ်နှယ် ပန်တော်ကျ တစ်ခုလပ်မကို မှ ယူရတယ်လို့ အံ့ရောကွာ၊ အံ့ရော… အံ့ရော'

ဟူ၍ ကဲ့ရဲ့ကြလျှင် သူ့အနေနှင့် ထိုကဲ့ရဲ့မှုကို ကြံ့ကြံ့ခံနိုင်ပါ့ မည်တဲ့လား။

သည်သို့ အောင်သွယ်တော်ကြီးဒေါ်သာရှင်က သူ့သားပုလုံး

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဂွတ်ထော်မကို အောင်သွယ်နေသည့်အကြောင်း ကြားသိရလေတော့ ဒေါ်ဆွဲမိ စိတ်မဆိုးသည့်အပြင် သဘောတောင်ကျနေမိပါသေး။

'လောကမှာ ဖူးစားကံဆိုတာကလည်း အဆန်းသားပဲ လူလေးရယ်၊ လူလေးနဲ့ ဂွတ်ထော်မဟာ ဖူးစာဆုံရအောင်လို့ သူ့လင်အညာသား ပစ်သွားတာဖြစ်ရမယ်၊ သားသမီးမရှိတာလည်း နောက်ကြောင်းအေးတာပေါ့လေ၊ ပြီးတော့ လူလေးလိုပဲ ကလေးမလေးက သူ့ဖအေကို ဂရုစိုက်တာ၊ သည်တော့ လူလေးနဲ့ ဂွတ်ထော်မတို့ဟာ ကံတူအကျိုးပေးလို့ ဆိုရမယ်'

နောက် ဂွတ်ထော်မရဲ့ အဖေ ကိုပေါလုဆိုတာကလည်း သူစိမ်းတွေမှမဟုတ်တာပဲ။ အမေနဲ့ဆိုရင် ငယ်သူငယ်ချင်းတွေပါ။ သူ့အကြောင်းကိုယ်သိ ကိုယ့်အကြောင်း သူသိကြတဲ့သူတွေချည်း။ သည်တော့ သားတို့အိမ်ထောင်ရေးဆိုတာ ဘာမှအဆင်မချောစရာ မရှိပါဘူးကွယ်။ အမေကတော့ ဂွတ်ထော်မကလေးကို မိန်းမချင်း ကိုယ်ချင်းစာတယ်။

သည်လောက်ဆိုလျှင်ဖြင့် မိခင်၏ သဘောကို ပုလုံးနားလည်သွားပါပြီ။ သူကိုယ်တိုင်က သဘောကျချင်ချင်ဖြစ်နေသည့်အပေါ် မအေကပါ ထပ်ဆင့်သဘောကျနေလေတော့ ဘာပြောကောင်းမှာတဲ့နည်း ကိုင်း… အဆင်ပြေအောင်သာ အောင်သွယ်ပေးပါတော့ ဒေါ်သာရှင်ရေပဲ မဟုတ်ပါကလား။

❀



အများတကာ သိတော်မူကြတဲ့အတိုင်း သည်လိုကိစ္စမျိုး၌ ဒေါ်သာရှင်အဖို့ ဘယ်ကလောက်မှ အောင်မသွယ်လိုက်ရ။

ပုလုံးနှင့် ဂွတ်ထော်မတော့ မေးထူးခေါ်ပြောမှသည် ရင်းနှီးခင်မင်မှုတွေ ရှိလာသည်။ ဂွတ်ထော်မအဖေ ဦးပေါလုကလည်း ကြည်ကြည်ဖြူဖြူ။

'တံခွန်မရှိတဲ့ဘုရား၊ အလံမရှိတဲ့ရထားဆိုတာ မတင့်တယ်ဘူး၊ ဆွေတစ်ရာမောင်တစ်ကျိပ်ရှိလင့်ကစား လင်မရှိတဲ့မိန်းမဆိုတာ မတင့်တယ်ဘူးကွယ့်၊ သည်တော့ မယ်သာရှင်ရေ ညည်းပဲ ကြည့်ကျက်ပြီး ကောင်းသလိုသာ စီမံပေရော့ကွယ်'

ဦးပေါလုထံမှ ကြားလာရသောစကား။

နှစ်ဖက်အနေအထားတွေက ဘာမျှမပြေလည်စရာအကြောင်း မရှိ။

သည်လိုနှင့်ပင် ဒေါ်ဆွဲမိတို့ သားအမိသည်လည်းကောင်း ဦးပေါလုတို့ သားအဖသည်လည်းကောင်း ရွာအရှေ့ဖျားနှင့်ရွာအနောက်ဖျား နှစ်အိမ့်တစ်အိမ်သဖွယ်ဖြစ်ကာ အဝင်အထွက်တွေ ရှိလာခဲ့သည်။

သည်သို့ ပုလုံးနှင့် ဂွတ်ထော်မတို့ တစ်အိမ်နှင့်တစ်အိမ် ရင်းနှီးကျွမ်းဝင်လှစွာ အဝင်အထွက်ရှိလာခဲ့ကြသော်လည်း ပုလုံး၏ နှုတ်ဖျားမှ ချစ်ကြောင်းကြိုက်ကြောင်း လက်ထပ်ပေါင်းသင်းလိုသည့်အကြောင်း နှုတ်ဖျားမှ မဖွင့်ဟဖြစ်သေး။

သို့ပါသော်ငြား မြိုင်သေလာတစ်ရွာလုံးကတော့ဖြင့် ပုလုံးနှင့် ဂွတ်ထော်မတို့ မကြာမြင့်မီမှာပင် ပုဆိုးတန်းတင် အကြင်လင်မယား ဖြစ်ကြတော့မည့်သတင်းက မွှေးလှုက်နေတော့သည်။ ဘယ်ထဲသွား

www.burmeseclassic.com

www.burmeseclassic.com



မောသည်းအတူတူ။ လယ်ထဲမှပြန်တော့လည်းအတူတူ။ တစ်ခါတစ်ရံ ငွတ်ထော်မတို့အိမ်သို့ ပုလုံးတို့သားအမိ သွားရောက်လည်ပတ်၍ စားသောက်ပြီးမှ ပြန်တတ်သလို ငွတ်ထော်မတို့ သားအဖသည်လည်း ပုလုံးတို့သားအမိအိမ်သို့ သွားရောက်လည်ပတ်စားသောက်ပြီးမှ ပြန်လာတတ်ကြသည်ချည်း။

ခင်မင်ရင်းနှီးမှုအတိုင်းအတာက သည်သို့သော အခြေအနေ။

အထူးသဖြင့် သူ့အိမ်ကိုယ့်အိမ် အလည်ရောက်ကြပြီဆိုလျှင် ဒေါ်ဆွဲမိနှင့် ဦးပေါလုတို့ မုဆိုးမ မုဆိုးဖိုတို့နှစ်ယောက်သားမှာ စကားတွေ ပြောရ၍မကုန်ကြ။ ရှေးဟောင်းနှောင်းဖြစ် ငယ်စဉ်ကာလအကြောင်းတွေက နှစ်ယောက်သားအဖို့ ရေပက်မဝင်။ သည်စကားတွေထဲ၌ သားရေးကိစ္စ သမီးရေးကိစ္စတို့မှာဆွဲအနေခဲ့ကြသည်။ မြင်းကမလှုပ် ခုံကလှုပ်ဖြစ်မည့် အရေးကြောင့်လားတော့ မဆိုသာ။

ဘုရားသွားကျောင်းတက်ရာကို ကြည့်ကြဦးမလား။ ဦးပေါလုနှင့်ဒေါ်ဆွဲမိတို့မှာ ပုလုံးနှင့် ငွတ်ထော်မတို့နှင့်အပြိုင်။

သည်တော့ ကြားထဲက မနေနိုင်မထိုင်နိုင်ဖြစ်ရသည်က အောင်သွယ်တော်ဒေါ်သာရှင်ရယ်ပါတည်း။

သည့်အတွက် ငွတ်ထော်မတို့အိမ်ဘက် ထွက်လာခဲ့သည်။

အိမ်ရောက်တော့ ရေကပြင်ပေါ် ခြေလှမ်းရုံလေးရှိသေး။ အိမ်ထဲမှ ဦးပေါလုတစ်ယောက် သမီးဖြစ်သူ ငွတ်ထော်မအား ပြောဆိုနေသော စကားသံကြောင့် ပါးစပ်အဟောင်းသားဖြစ်ကာ လာရာလမ်းသို့ ခြေဦးပြန်လှည့်ခဲ့ရတော့၏။

ပြန်မလှည့်လို့ကော ဖြစ်ပါ့မလား။



ကြားလိုက်ရသည့် စကားက ယုံရက်စရာပင်မရှိ။

'သမီးရေ… အဖေလေ သမီးကို ပြောမယ်၊ ပြောမယ်နဲ့ မပြောဖြစ်ခဲ့တာ ကြာပြီ၊ ခုတော့ အောင့်အည်းမထားနိုင်လို့ ပြောရတော့မယ်၊ ဒီလို သမီးရဲ့၊ အဖေနဲ့ ပုလုံးအမေ မဆွဲမိတို့ဆိုတာက ငယ်ငယ်တုန်းက သမီးရည်းစားဖြစ်ခဲ့ဖူးတယ်၊ အခြေအနေက သမီးရည်းစားမက လင်မယားမကျတဲ့ အခြေအနေပေါ့၊ ဒါပေမဲ့ မဆွဲမိရဲ့ မိဘတွေကြောင့် အဖေနဲ့ ဖူးစာမဆုံခဲ့ကြဘူး'

ခုတော့ သမီးရယ် အဖေလည်း အသက်ကြီးပါပြီ။ အဖေ့အတွက် သမီးက ဆေးပေးမီးယူဆိုပေမဲ့ တကယ့်တကယ်တမ်း ဝတ်ကြီးဝတ်ငယ်ပြုစုဖို့ကျတော့ ဘယ်လိုနည်းနဲ့မှ သမီးမိန်းကလေးနဲ့ မသင့်လျော်မအပ်စပ်ပေဘူး။

ဒါကြောင့် အဖေလေ အဖေ မဆွဲမိနဲ့ နားလည်မှုရပြီး သူနဲ့ တစ်အိုးတစ်အိမ်ထူထောင်တော့မယ်ကွယ်။ အဲဒါ သမီးအနေနဲ့ အဖေ့ကို နားလည်ခွင့်လွှတ်စေချင်တယ် နော်… နော်တဲ့။

သို့ဖြင့် မြင်သေလာရှာ၌ အောင်သွယ်တော်ဒေါ်သာရှင်အဖို့ မှန်းချက်နှင့်နှမ်းထွက်လွဲခဲ့လေသော ပါးစပ်ရာဇဝင်လေးဖြစ်တည်ခဲ့ရပါသတည်း။

❀

www.burmeseclassic.com

www.burmeseclassic.com

အစ်မရေ

အစ်မပေးတဲ့အကြံ

လွှတ်ကိုကောင်းလှချည်လားဗျာ။

ဟိုး... စောစောပိုင်းကတည်းကသာ

အစ်မဆီ ရောက်လာခဲ့ရင်

ခုဆို ကျော်တင့်တော့

ကလေးတောင် ချီနေရပြီ။

အလာနောက်ကျခဲ့လေခြင်းဗျား

ဟင်း... ဟင်း... ဟင်း...'

www.burmeseclassic.com

www.burmeseclassic.com

ကျော်တင့်ဆိုသည်က ဆွေမျိုးစပ်လျှင်ဖြင့် ဒေါ်သာရှင်အတွက်တော့ မောင်တစ်ဝမ်းကွဲတော်သည်။

အိမ်သို့လာခဲ့သည်။

လာခဲ့ဆို ကျော်တင့်က မိုးငနဲ။ မိဘများက တတ်နိုင်၍ ပညာတတ်ကြီးဖြစ်စေရန် အတန်းကျောင်းသို့ ပို့ခဲ့၏။ ပညာအခြေခံ မဆိုး။ ရှစ်တန်းကြီးများတောင် အောင်ခဲ့သည်။ ရှစ်တန်းကြီးများ တောင်ဟု ဆို၍ ကြွားဝါလှချည်လားဟု မထင်ပါလေနှင့်။ မြိုင်သေလာရွာမှာက လေးတန်းအောင်သူပင် ခပ်ရှားရှား။ လေးတန်းကျော်ရောက်လျှင်ပင် ပညာစုံသွားဘိသည့်အလား အတန်းကျောင်းမှ နုတ်ထွက်ကာ မိရိုးဖလာ လယ်ယာလုပ်ငန်းခွင်အတွင်းသို့ ဝင်သွားကြသူတွေချည်း။

သည်အထဲမှာမှ ကျော်တင့်က ရှစ်တန်းတောင်အောင်လေသည်ဆိုတော့ မြိုင်သေလာမှာတော့ ကြွားမည်ဆို ကြွားလောက်ပါပေရဲ့။

တကယ်ဆိုလျှင် မိဘတွေလိုလားတောင့်တသော ပညာတတ်ဖြစ်ဖို့ကို ကျော်တင့်အာရုံစိုက်သင့်ပါလျက် မြို့ကျောင်းတက်လေတော့ ကြေးရတတ် လတ်လျား လတ်လျားတွေနှင့် တွဲဖက်မိကာ အပျော်

www.burmeseclassic.com

www.burmeseclassic.com



အပါးတွေများလာသည်။ အသောက်အစားတွေခုံမင်လာသည်။ သည်မှာတင် ကိုးတန်းစာမေးပွဲကျတော့သည်။ တစ်နှစ်ရှုံး၍ နောင်တရကာ နောက်နှစ်အောင်ဖို့ ကြိုးစားလေမလားဆိုတော့ မကြိုးစား။ အရင်အတိုင်း အချိုးကမပြောင်း။ သည်တော့လည်း နောင်နှစ်မှာလည်း ဒုံရင်းကဒုံရင်း။ ရှေ့ဆက်ထားလို့က ထူးလာမှာမဟုတ်သည့်အတွက် ရွာကိုပဲ ပြန်ခေါ်လာရသည်။

ရွာပြန်ရောက်တော့လည်း ဟိုနေရာမှာလည်း သုံးမရ၊ သည်နေရာမှာလည်း အံမဝင်။ တကာယ်ကို ဇော်ကန့်လန့်။ သူနှင့်အံဝင်ခွင်ကျသည်ကား ကဇော်ဆိုင်ပဲဖြစ်သည်။ အချိန်တန်အရွယ်ရောက်ပြီမို့ အိမ်ထောင့်ရက်သားချပေးရန် လုပ်ပြန်တော့ အလုပ်မရှိ အကိုင်မရှိ သည်ကြားထဲ အချိန်ရှိသရွေ့ ကဇော်ဆိုင်ထဲ၌ ခေါင်းစိုက်နေလေ့ရှိသော ၄င်းအား ဘယ်သမီးရှင်ကမှ သဘောမကျခဲ့။ ၄င်းသာ ပညာကြိုးစား၍ ပညာတတ်ကြီးဖြစ်လာခဲ့လျှင်တော့ မည်သည့်မိန်းကလေးကိုမဆို ခေါင်းခေါက်ယူနိုင်မည့်အနေအထား။ ခုတော့ တစ်ကိုယ်တည်းအထီးကျန်။

အမျိုးစပ်၍ မောင်တော်နေပြန်တော့ သူ့အစား ဒေါ်သာရွှင်မကျေနပ်ချင်။

သည်လိုအခြေအနေမျိုးမှာပင် အစ်မဝမ်းကွဲဖြစ်သူ ဒေါ်သာရွှင်ထံသို့ ကျော်တင့်တစ်ယောက် မမျှော်လင့်ဘဲ ရောက်ချလာခဲ့သည်။ ကိုယ့်မောင်တစ်ယောက် အစ်မဖြစ်သူထံ ရောက်လာတော့လည်း ဝမ်းသာအယ်လဲဖြင့် ဆည်းကြိုရသည်သာ။

သို့သော် ကျော်တင့်ကို ကြည့်ရသည်မှာ ကြောင်တောင်



တောင် ငေးတေးတေး။ လန်းလန်းရွှင်ရွှင်မရှိ။ ခွေးအကြီးလှည်းဘီးအကြိတ်ခံရသည့်ပုံစံမျိုး။ သည်တော့လည်း အစ်မဖြစ်သူမှာ မေးရစမ်းရသည်။

'ဟဲ့… ကျော်တင့် နင်ကြည့်ရတာ စိတ်မသက်သာလိုက်တာ၊ ဘယ်လိုများဖြစ်နေသလဲ ပြောစမ်း'

ကျော်တင့်ကား မတုန်မလှုပ်။

ငေးငူငိုင်ငေါင်လျက် ကျက်သရေမဲ့ကင်းနေသည်။ သူ့ပုံစံကား ရှိရှိသမျှ ဝေနေယျသတ္တဝါတွေအားလုံးက ဝိုင်းဝန်းသနားကြရမည့်အသွင်မျိုး။

'ဟဲ့… ကျော်တင့် နင် အရက်နာကျနေတာလား၊ ဒါမှမဟုတ် မိန်းမရချိန်တန်တာမရလို့ သွပ်ချောင်ချောင်ဖြစ်နေတာလား'

သည်သို့ ခပ်စပ်စပ်ကလေးပြောတော့မှ အသံသြောင်နှာနှာကလေးထွက်လာသည်။

'အစ်မပြောတာတွေ တစ်ခုမှ မလွဲပါဘူးဗျာ၊ ဟုတ်တယ်၊ ကျွန်တော် ခု အရက်နာလည်း ကျနေတယ်၊ မိန်းမရချိန်တန်တာမရလို့ အချစ်ကြောင်ကြောင်နေတာအမှန်ပဲ၊ ကျွန်တော်တစ်ဖက်သတ်ကြိုက်နေတဲ့ ခင်မြမူကို ကျွန်တော် ရင်ဖွင့်ပြတော့ ဘာပြောတယ်မှတ်သလဲ အစ်မ'

'ဟဲ့… ခင်မြမူ ပြောတာ ငါမှမကြားတဲ့ဟာ၊ ဘယ်လိုလုပ်သိမှာတုန်း ကျော်တင့်ရဲ့'

ခင်မြမူ ဆိုသည်ကား ရာအိမ်မှူး ဦးတုတ်ပေါ၏ သမီးဖြစ်သည်။ တုတ်တုတ်ခဲခဲနှင့် ချစ်စရာကောင်းသလို မိန်းကလေးဣန္ဒြေ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ပြည့်စုံကာ ပိပိပြားပြားနေတတ်သူလေးလည်းဖြစ်သည်။

'သူက ကျွန်တော့်ရဲ့ အတန်းပညာကို ကြည့်ပြီး သည်ပညာလောက်နဲ့ဆို စာရေးစာချီလောက်ရနိုင်တယ်ဆိုတာ သိထားတော့ ငြင်းရက်စရာမရှိပါဘူးတဲ့၊ ဒါပေမဲ့ သူ့ဘဝမှာ ဘယ်တော့မှ အရက်သမားမယားအဖြစ်မခံနိုင်ဘူး၊ အရက်သမားဆို သိပ်ကိုမုန်းတာတဲ့ခင်ဗျ၊ သူက ကျွန်တော် အရက်သမားဆိုတာကို သိနေတယ်၊ သည်တစ်ချက်တည်းနဲ့တင် ကျွန်တော့်မှာ ဖန်လန်လက်ပြီး ပက်လက်ကိုလန်ပါရောလား အစ်မရာ'

'ဟဲ့… ရှင်းနေတာပဲ၊ နင် ခင်မြမူနဲ့ ညားချင်ရင် အရက်ကိုဖြတ်ပစ်လိုက်ပေါ့'

'အဲဒါ ခက်နေတာပေါ့ အစ်မရာ၊ ကျွန်တော် ခင်မြမူကို နှစ်နှစ်ကာကာချစ်သလို အရက်ကိုလည်း ပစ်ပစ်ခါခါ မလုပ်ရက်ဘူးဗျာ၊ ကျွန်တော် အရက်ကို သိပ်ကြိုက်တယ်ဆိုတာ အစ်မတင်မဟုတ်ဘူး၊ တစ်ရွာလုံးကလည်း သိကြတဲ့ဥစ္စာများ အော… အော… အရက်ဆိုတာနဲ့ ပြောရင်းဆိုရင်း လေချွဲတောင် တက်လာတယ်၊ ဒီတော့ ကျွန်တော့်ကို သားရွှေအိုးထမ်းလာတဲ့ကိန်းဆိုက်အောင် ကြံဖန်ပေးစမ်းပါ အစ်မရယ်၊ အစ်မက သူတစ်ပါးတွေရဲ့အကျိုးကို ဆောင်ပေးခဲ့တာ မနည်းဘူး၊ ကိုယ့်မောင်တစ်ယောက် ခုလိုမျိုး ဒုက္ခသုက္ခဖြစ်နေတာကို မျက်နှာလွှဲခဲပစ်မလုပ်လိုက်ပါနဲ့နော်၊ ကူညီပါ အစ်မရယ်၊ နော်… နော်'

ကျော်တင့်အသွင်က လူမမာ အမဲခြောက်ဖုတ်တောင်းခံနေသည့်အနေအထားနှင့်မခြား။



'ဟင်းနော်… ခက်တော့တာပဲ'

'မခက်ပါဘူး အစ်မရယ်၊ အစ်မက နေရာတကာ ကြံတတ်ဖန်တတ်ပါတယ်၊ အစ်မရဲ့ အရည်အချင်းကို ကျွန်တော် လွှတ်ပြီးယုံတယ်ဗျာ၊ အစ်မသာ မကယ်ရင် ကျွန်တော့်ဘဝတော့ ရေစုံမျောပြီဗျာ'

သည်တော့လည်း မြွေမသေ တုတ်မကျိုးဆိုသလို ဗျားလည်းစွဲသာ ရှဉ့်လည်းလျှောက်သာဆိုသလို ဒေါ်သာရွှင်အဖို့ ကြံရဖန်ရစဉ်းစားရတော့သည်။ နောက်တော့ ခန်းခြောက်နေသော ဦးနှောက်အိုင်အတွင်းသို့ ကြံရည်ဖန်ရည်များက အလိုလိုစီးဆင်းဝင်ရောက်လာခဲ့တော့သည်။

'ကိုင်း… ငါ အကြံရပြီ၊ နင် ကြိုက်တဲ့အရက်လည်းသောက်ရမယ်၊ ခင်မြမူနဲ့လည်း စွံရစေမယ်'

'တ… တကယ်ပြောတာလား အစ်မ'

'ကျားကိုက်ပါတယ်ဆိုမှ အပေါက်ကလေးနဲ့လားလို့ မေးရသေးလား ကျော်တင့်ရယ်၊ ဒါပေမဲ့ ခုကိစ္စမှာ ငါပေးတဲ့အကြံအတိုင်းတော့ လိုက်နာဖို့ အထူးလိုအပ်လိမ့်မယ်'

'ဟာဗျာ အရက်လည်းသောက်ရ၊ ခင်မြမူနဲ့လည်း စွံရမယ်ဆိုတော့ အစ်မကြိုက်သလိုနိုင်း၊ ကျွန်တော် လုပ်မယ်ဗျာ၊ အစ်မရဲ့နည်းကမ်းကို ကျွန်တော် လိုက်နာမယ်၊ ကိုင်း… ဘယ်လိုလုပ်ရမလဲသာပြော'

'အေး… လုပ်ရမှာက မင်းဘယ်တော့မှ အရက်ဆိုင်မသွားရဘူး၊ လူမြင်သူမြင်မခံရဘူး'

'ဟာ… အရက်ဆိုင်မသွားရဘူးဆိုတော့ ကျွန်တော် ဘယ်လိုလုပ် အရက်သောက်ရတော့မှာလည်း အစ်မရာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… တစ်ယောက်ယောက်ကို မုန့်ဖိုးပေးပြီး ဝယ်ခိုင်းပေါ့ ဟဲ့၊ လူမသိ သူမသိ အိမ်မှာပဲ ခိုးကြောင်ခိုးဝှက် ခွက်ပုန်းဆွဲပေါ့၊ နင်အရက်သောက်တဲ့ ကိစ္စက အရက်ပုလင်းနဲ့နင်၊ နင်နဲ့အရက်ပုလင်း ပဲ သိပါလေစေ့၊ အေး… အရက်သောက်ပြီးရင်လည်း ဘယ်တော့မှ အိမ်ပြင်မထွက်နဲ့တော့၊ ဟုတ်ပြီလား'

'ဟုတ်ပြီ၊ အစ်မ ညွှန်ကြားတဲ့အတိုင်း ကျွန်တော် လိုက်နာ မယ်'

'ငါ့အနေနဲ့ နင်အရက်ဖြတ်လိုက်ပြီဆိုတဲ့အကြောင်း ခင်မြမူ သိအောင်ကိုလုပ်ရမယ်၊ ဒါမှ သူ တအံ့တသြဖြစ်ပြီး သည်သတင်း သေချာ မသေချာဆိုတာ စုံစမ်းလာမှာ၊ ငါကလည်း သူနဲ့ဆုံနိုင်တဲ့သူ တွေ သည်သတင်းဟုတ်မှန်တဲ့အကြောင်း ထောက်ခံလာအောင် လုပ်ရ ဦးမယ်'

'ပိုင်လိုက်တာဗျာ၊ အစ်မစကားကြားရတာနဲ့တင် ကျွန်တော် တော်တော်လေးကိုလန်းလာပြီ'

'နောက်ရှိသေးတယ်၊ ခါတိုင်း နင် အရက်မူးနေကျအချိန်မျိုး မှာ အရက်လုံးဝမသောက်ဘဲနဲ့ ခင်မြမူနဲ့ ရင်ဆိုင်တွေ့ဖြစ်အောင် ကြိုးစားရမယ်၊ မတွေ့ဖြစ်ရင်လည်း တွေ့ဖြစ်အောင် ငါ အကွက်ဆင် ပေးမယ်၊ အဲဒီအခါကျရင် ခင်မြမူရဲ့ စိတ်ထဲ သြော် ကိုကျော်တင့်ဟာ ငါ့ကို တော်တော်လေးချစ်လို့ သူအလွန်မတန်ကြိုက်တဲ့ အရက်ကို ဖြတ်ရှာတယ်လို့ အတွေးဝင်လာလိမ့်မယ်'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ဒါ… သိပ်ဖြစ်နိုင်တယ်'

'နင် မှတ်ထားရမှာက ဒါ ရေရှည်လုပ်ရမှာနော်၊ သူနဲ့မညား



မချင်း လုပ်ရမှာ၊ ငါပေးတဲ့အကြံအတိုင်း ပိရိဖို့ကတော့ နင့်တာဝန်ပဲ၊ သိရဲ့လား'

'စိတ်သာချပါ အစ်မရာ၊ ကျော်တင့်တို့က မလုပ်ရင် အရှင်း၊ လုပ်ရင် ပိပိရိရိကိုလုပ်မှာ၊ ကိုင်း… သွားပြီ အစ်မရေ၊ အစ်မရဲ့ ကျေးဇူးကို တစ်သက်မမေ့ပါဘူး၊ သည်ကနေ့ ဘယ်နတ်ကောင်း နတ်မြတ်တွေက ညွှန်လိုက်တယ်မသိဘူး၊ အစ်မဆီကို ဆိုက်ဆိုက် မြိုက်မြိုက် ရောက်လာတယ်'

ကျော်တင့်လည်း ဝမ်းသာအားရ အစ်မဖြစ်သူ အောင်သွယ် တော် ဒေါ်သာရှင်ကို နှုတ်ဆက်လျက် ပေါ့ပါးစွာ ထွက်ခွာသွားလေ တော့၏။

❁

ကျော်တင့်တို့များ လာပြီဆိုလျှင် ကဒီးကဒီး။

ရောက်မလာပြန်တော့လည်း တကယ့်ကို တစ်မျှော်တစ်ခေါ်။

ဟော… ပေါ်မလာတာ တစ်လနီးပါးကြာလေမှ မမျှော်လင့် ဘဲ ကျော်တင့်ပေါက်လာခဲ့ချေပြီ။ သည်တစ်ခါတော့ ဟိုးလာခါစနှင့် မတူ။ မျက်နှာက ကြည်လင်ပြီး ပြုံးရွှင်နေသည်မှာ မှိုကျင်းတွေလိုက် သူနှင့်မခြား။

သည်မျက်ခွက်ကြီးကို မြင်လိုက်ကတည်းက ကျော်တင့်တစ် ယောက် အတော်ကလေး ခရီးရောက်နေပြီဆိုသည့်သဘော။

သည်လိုခရီးရောက်အောင်လည်း ဒေါ်သာရှင်အနေဖြင့် ယုံ လည်း ယုံလည်း ခင်မြမူအပေါ်တွင်သော်လည်းကောင်း၊ ကော်စပ်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်သူတွေအပေါ်တွင်လည်းကောင်း သူ့မောင်ကျော်တင့်တစ်ယောက် အရက်ပြတ်သွားပြီဖြစ်သည့်အကြောင်း ရွှန်းရွှန်းဝေဖျှ ကြေညာမောင်းခတ်ခဲ့ရသည် မဟုတ်ပါလော။

'အစ်မရေ အစ်မပေးတဲ့အကြံက လွှတ်ကိုကောင်းလှချည်လားဗျာ၊ ဟိုး… စောစောပိုင်းကတည်းကသာ အစ်မဆီကို ရောက်လာခဲ့ရင် ခုဆို ကျော်တင့်တော့ ကလေးတောင်ချီနေရပြီ၊ အလာနောက်ကျခဲ့လေခြင်းဗျာ၊ ဟင်း… ဟင်း… ဟင်း'

'မဟုတ်မှလွဲရော ဒါဆို နှင် ခင်မြမူနဲ့ အဆင်ပြေနေပြီပေါ့၊ ဟုတ်စ ကျော်တင့်'

'သေချာတာပေါ့ အစ်မရယ်၊ တစ်လောကတင်ပဲ အစ်မနဲ့ ခင်မြမူတွေ့သေးဆို'

'အေး… ဆီသွားကြိတ်ရင်း တွေ့တယ်လေ'

'အဲဒီမှာ ခင်မြမူကို ကျွန်တော် အရက်ပြတ်သွားတဲ့အကြောင်း အစ်မ ပြောခဲ့သေးတယ် မဟုတ်လား'

'အေးလေ ငါ့အစီအစဉ်အတိုင်း ပြောခဲ့တာပဲ'

'အဲသည်လုပ်ရပ်ကလေးဟာ ကျွန်တော့်အတွက် အတော်ကလေး တာသွားတယ်အစ်မရဲ့၊ အဲသည်အတွက် ကျေးဇူးအများကြီးတင်ပါတယ် အစ်မရာ'

'အောင်မာ… ကျေးဇူးကို ပါးစပ်နဲ့တင်ရမှာတဲ့လား၊ ဟွန်း… နှင်မှ အပြောတော်တော်ကောင်း'

'စိတ်ချပါ အစ်မရဲ့၊ အစ်မကျေးဇူးကို မမေ့ပါဘူးဗျာ၊ ကျွန်တော်တို့ မင်္ဂလာဆောင်ကျရင် အစ်မဝတ်ဖို့ အင်္ကျီစရော ထဘီပါ



ဝယ်ပေးမယ်ဗျာ၊ ဒီတစ်ပတ် မြို့ကပြန်လာရင် ကိတ်မုန့်ခြောက်ရယ် အရိုးတောင်းလက်ဖက်ရည် ဝယ်လာပေးဦးမှာ'

'နှင့်ကတိနဲ့နှင်နော်'

'စိတ်ချပါ အစ်မရယ်၊ စိတ်ချပါ'

'ဒါထက် ကြံ့တုန်းဆုံခိုက် မေးလိုက်စမ်းပါရစေဦး၊ နှင်နဲ့ ခင်မြမူတို့အခြေအနေ ဘယ်လိုရှိနေပြီလဲ'

'ကျွန်တော် အရက်ပြတ်ပြီဆိုတာ သေသေချာချာစုံစမ်းပြီး ပြတ်မှန်းသိကတည်းက ကျွန်တော် လိုချင်တဲ့အဖြေကို ပေးတယ် အစ်မရဲ့၊ ခု သူ့အမေကြီး မြန်မာနိုင်ငံအထက်ပိုင်းက တန်ခိုးကြီးဘုရားတွေကိုဖူးရအောင် ဘုရားဖူးအဖွဲ့နဲ့ လိုက်သွားတယ်၊ အဲဒါ ပြန်လာရင် အကျိုးအကြောင်းပြောပြီး လက်ထပ်မင်္ဂလာပွဲကြီး ကျင်းပတော့မှာ အစ်မရဲ့'

'ဝမ်းသာပါတယ်ဟယ်၊ တကယ်ပါပဲ၊ ဒါထက် နှင် အရက်ကော'

'ဘယ်ပြတ်ပါ့မလဲ အစ်မရယ်၊ အစ်မသင်ပေးသလို အိမ်နားက ပေတူးဆိုတဲ့ ချာတိတ်ကလေးကို ကိုသခင့်ဘုံဆိုင်ဆီ စာရေးလွှတ်ရတော့တာပေါ့၊ မုန့်ဖိုးပဲဖိုးလေးရတော့လည်း ပေတူးက အသွက်သား၊ ညနေပိုင်းဆို ပုလင်းတစ်လုံး၊ စပါးကျီဘေးက ချောင်ထဲရောက်နေတာပါပဲ၊ အဲဒီကျမှ လူသူအသိမခံဘဲ ခွက်ပုန်းဆွဲရတာပေါ့ အစ်မရယ်၊ အဲဒါဆွဲပြီးရင် ထမင်းစားပြီး ဘယ်ကိုမှ မထွက်တော့ဘဲ အခန်းအောင်းနေတော့တာပါပဲ'

'အေး… သတိဝီရိယတော့ ထားပေါ့ဟယ်၊ ခင်မြမူနဲ့က

www.burmeseclassic.com

www.burmeseclassic.com



ညားသေးတာ မဟုတ်ဘူး၊ ဟိုကအရက်ဆို သေမလောက်အောင် မှန်းတာ၊ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ကိန်းဆိုက်ရင် မကောင်းဘူး'

'စိတ်ချပါ အစ်မရာ၊ ကျော်တင့်တို့က မပိုင်ရင် ခြင်တောင်မရိုက်ပါဘူး၊ အဟဲ… ဟဲ၊ ကိုင်း… အစ်မရေ ခင်မြမူနဲ့လည်းတွေ့ပြီးပြီ၊ သမာမိနိုင်ခိုင်နဲ့ ချစ်စကားလေးတွေလည်း ကြုံခဲ့ပြီးပြီ၊ မကြာခင် နေညိုစောင်းတော့မယ်၊ နေညိုရင် လေကပြိုတယ်ခင်ဗျ၊ တော်ကြာနေ လက်ငင်းပေးစရာမရှိလို့ အကြွေးမှတ်ပါဆိုပြီး ကိုသခင်ဆီ စာရေးလွှတ်လိုက်တဲ့ ချာတိတ်ပေတူးလေး ရောက်လာတော့မှာဗျ၊ ကိုင်း… သွားပြီ၊ ကျေးဇူးရှင်အစ်မရေ သွားပြီဗျို့'

သို့ဖြင့် မှိုကျင်းထဲမှ မှိုင်များစွာ ဆွတ်လာခဲ့ရသူဟန်ပန်ဖြင့် ကျော်တင့်လည်းရင်ကော့လျက် ထွက်သွားလေတော့၏။

၈

နေလုံး ဝင်သွားခဲ့ပေပြီ။

သစ်ပင်ကြီးငယ်တို့က ခြံပတ်ပတ်လည်၌ အုံ့အုံ့ဆိုင်းဆိုင်း မှိုင်းမှိုင်းညို့ညို့ရှိလေသည်မို့ နေလုံးဝင်ပြီဆိုသည်နှင့်ပင် မှောင်ခြည်သမ်းလာခဲ့ပြီကော။

'ဂွတ်… ဂွတ်… ဂွတ်ဂွတ်ဂွတ်'

'ဂွတ်… ဂွတ်… ဂွတ်ဂွတ်ဂွတ်'

ခြံဝမှ လေးလုံးတို့ ဂွတ်ကျားတို့အုပ်စုက ခြံတကယ်လုံ့လုသည်။ လူရိပ်လူခြည်တွေ့သည်နှင့် သုနက္ခောဘာသာဗေဒဖြင့် တားဆီးဟန့်တားစမြဲ။ ခုလည်း ခြံဝမှာ လူရိပ်ရှိ၍ဖြစ်ရမည်။



'ဗျို့… အစ်မ၊ အစ်မရေ ခွေးကြည့်ပါဦးဗျ'

သေချာသည်။ ခြံဝမှာ လူရှိတာသေချာသည်။

အသံကို သရုပ်ခွဲကြည့်တော့ လားလား ညနေမစောင်းခင်က မှ ကြွားလုံးတွေ မောင်းထုသွားခဲ့သည့် ဂေါ်ဇွဲပုဂ္ဂိုလ် ကျော်တင့်၏ အသံပေတည်း။

'ဟဲ့… ကျော်တင့် မဟုတ်လား၊ လာ… လာ၊ တောက်… ဂွတ်ကျားတို့ လေးလုံးတို့ သွားကြစမ်း'

ခွေးတွေက ၎င်းတို့သခင်၏ ခွင့်ပြုချက်ကို သဘောပေါက်နားလည်သွား၍ အသံတွေ အလဟဿမကုန်ရလေအောင် ဟန်လုပ်ပန်လုပ်၍ပင် မဟောင်တော့။ နောသာသပလေညှာဆိုသော သဘောမျိုးဖြင့် ထင်းရုံးနဘေးသွားကာ သုံးပတ်လောက်လှည့်ပတ် အွမ်ဟုအသံမြည်ကာ ခွေနေလိုက်လေတော့၏။

ကျော်တင့်ကြည့်ရသည်မှာ သည်အချိန်သည်အခါဆို အရှိန်ကလေးတက်နေကျ၊ မှန်နေကျဖြစ်၏။ ယခုမူ ဘာမျှပက်ထားဟန်မတူ။ မည်သည့်အနံ့အသက်မျှလည်း မထွက်။ ပြီးတော့ မျက်နှာက မန်ကျည်းသီးအစိမ်းစားမိသူပမာ ရှုံ့တွ၍နေသည်။

'ဟဲ့… ဘယ်လိုဖြစ်လို့ ပြန်လာရတာလဲ ကျော်တင့်'

'ပြော မပြောချင်တော့ပါဘူး အစ်မရယ်၊ ဆင်ပြောင်ကြီး အမြီးတစ်ပြီဗျ၊ ဆင်ပြောင်ကြီး အမြီးတစ်ပြီဗျ'

'ဟဲ့… ဘယ်လိုဖြစ်ရတယ်ဆိုတာ သေသေချာချာပြောမှပေါ့ဟဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုအစ်မရေ ထုံးစံအတိုင်း ပေတူးဆိုတဲ့ ချာတိတ်လေးကို အရက်တစ်လုံးပေးလိုက်ဖို့ ကိုသာခင့်ကို စာရေးပြီးမှာလိုက်တယ်၊ စာထဲမှာ အရင်ကြွေးတွေနဲ့ ပေါင်းမှတ်ဖို့ပါရေးပေးလိုက်တယ်'

အဲဒါ ကိုသာခင်က ပုလင်းတစ်လုံးတော့ ပေးလိုက်ပါရဲ့၊ ဒါပေမဲ့ ကျွန်တော် ရေးပေးတဲ့စာရဲ့ နောက်ကျောမှာ စာပြန်ရေးပေးလိုက်တယ်ဗျ၊ ဒီမှာ… ဒီမှာ။

ဒေါ်သာရှင်လည်း ကျော်တင့်လှမ်းပေးသည့် စာကို လှမ်းယူ၍ စာလုံးပေါင်းဖတ်လိုက်သည်။ တွေ့တွေ့ချင်း စာမျက်နှာက ကျော်တင့်ရေးထားသည့်စာ။

***ဖို့ ကိုသာခင်***

*မီးတောက်တစ်လုံးကို ပေတူးနဲ့ပေးလိုက်ပါဦး။ အရင်ကြွေးထဲ ထည့်ထားပါဦးဗျာ။ လကုန်တော့ ပေါင်းဆပ်ပါ့မယ်။ ကျုပ် မင်္ဂလာဆောင်ကြရင် အများကြီးအားပေးမှာနော်။*

***ကျော်တင့်***

ကျော်တင့်ရေးသည့်စာဖတ်ပြီးတော့ တစ်ဖက်မှ ကိုသာခင် ရေးထားသည့်စာကို ဖတ်လိုက်သည်။

***ဟကောင် ကျော်တင့်(ခ)ခွက်ပုန်း***

*မင်းအကြွေးယူတာတွေ များနေပြီနော်။ အေး… လကုန်ရင် ကတိအတိုင်း ဆပ်ချင်ဆပ်ပေါ့ကွာ၊ မဆပ်လို့ကတော့*



*မင့်ကောင်မလေး ခင်မြမူ မင်း ခွက်ပုန်းဆွဲပြီး သူတော်ကောင်းယောင်ဆောင်နေတဲ့အကြောင်းကို ဖောက်သည်ချလိုက်မှာနော်။ ဒါပဲ။*

***သာခင်***

စာတွေဖတ်ပြီးတော့လည်း ဒေါ်သာရှင် နားမရှင်း။ သည်စာနှစ်ခုက ဘာကြောင့် ဆင်ပြောင်ကြီး အမြီးတစ်ရလေသနည်း။

'နင့်ဟာ ငါတော့ ဘာမှကို နားမလည်တော့ဘူး၊ ကျော်တင့်ရယ် ဒီစာနှစ်စောင်က နင့်ကို ဘာဒုက္ခပေးမှာမို့လို့တုန်း'

'ဒုက္ခပေးမှာမဟုတ်ဘူး အစ်မရဲ့၊ ဒုက္ခပေးတာ၊ ဒုက္ခပေးတာ၊ ပေတူးက အရက်ပုလင်းဆွဲပြီး ကိုသာခင်ပြန်ရေးပေးတဲ့စာကို ကိုင်ပြီး ပြန်အလာလမ်းမှာ ခင်မြမူနဲ့တိုးသဗျာ၊ ခင်မြမူဆိုတာ ဘုန်းကြီးကျောင်းမှာ ကလေးတွေက စေတနာဆရာမလုပ်နေတာဆိုတော့ ပေတူးဟာ သူ့တပည့်လေ'

ခု တပည့်က အရက်ပုလင်းနဲ့ဆိုတော့ ခေါ်ဆူပါလေရော။ အဲဒီမှာ ပေတူးက ဒီအရက်ပုလင်းဟာ ကျွန်တော်က ဝယ်ခိုင်းတဲ့အကြောင်း နေ့စဉ် ညနေဆို တိတ်တိတ်ကလေး ဝယ်ပေးနေကျဖြစ်ကြောင်း၊ ကျွန်တော်ဟာ လူအထင်ကြီးအောင် အရက်ပြတ်ပြီလို့ စကားဟထားပေမဲ့ ညနေမှောင်ပြီဆိုရင် တစ်ပုလင်းပြောင်တဲ့အထိ ခွက်ပုန်းချတဲ့အကြောင်း၊ မယုံရင် ကျွန်တော်ရေးပေးလိုက်တဲ့စာရယ် အရက်ဖိုက ကိုသာခင်ရဲ့စာကို ဖတ်ကြည့်နိုင်တဲ့အကြောင်း ရိုက်မစစ်ရဘဲနဲ့ ဖြောင့်ချက်ပေးခဲ့တယ်တဲ့ဗျာ၊ အဲသည်မှာတင် အစ်မသိတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ခင်မြမူက ကျွန်တော့်ကို အတော်ကလေးရှုံ့သွားပြီး နောက် ရက်ကျရင် ရန်ကုန်မှာရှိတဲ့ သူ့အဒေါ်တွေရှိရာ အပြီးသွားနေမယ့် အကြောင်း ပြောလိုက်တယ်တဲ့ဗျာ၊ ဖြေရှင်းဖို့သွားပေမဲ့ ဘယ်လိုမှ အတွေ့မခံတော့ဘူး'

'အယ်··· ဖြစ်မှဖြစ်ရလေ ငါ့မောင်ရယ်၊ ဖြစ်မှဖြစ်ရလေ ခြင်းဟယ်'

အောင်သွယ်တော် ဒေါ်သာရှင်အဖို့ ဆင်ပြောင်ကြီး အမြီးကျမှတစ်ဆိုသော စကားပုံကို မောင်ဝမ်းကွဲကျော်တင့်နှင့်ကျခါမှ ပြတ်ပြတ်ထင်ထင် သိနားလည်ရုံမက သဘောအပေါက်ကြီး ပေါက်သွားရပါတော့သတည်း။

❀

'ဘုရားပေးပေး ကျွမ်းပေးပေးပါဗျာ
ကျုပ်မှာ
ကိုယ့်အိမ်ကိုယ်နေရင်း
လူကျဉ်းကြပ် စိတ်ကျဉ်းကြပ်
ဖြစ်နေရတာ
အဲဒါဗျာ
ကျုပ်ကို သနားတဲ့အနေနဲ့
ကူညီဖြေရှင်းပေးပါဦး'

www.burmeseclassic.com

www.burmeseclassic.com

မမျှော်လင့်ဘဲ ခြံထဲဝင်လာသူကို ကြည့်လိုက်တော့ ဝက်ပွဲစား ဝင်းမောင်ဖြစ်နေသည်။

ဝက်ပွဲစားဖြစ်၍ထင့်။

သူ့ပုံက ဝက်ပုံနှင့်တူနေသည်။ ဝက်မှ အသားတိုးသက်သက်အတွက် ရည်ရွယ်မွေးထားသည့် ဝက်ပုံစံမျိုးမဟုတ်။ သားဖောက်ကောင်းသည့် သားတင်ကောင်းသည့် ဝက်သိုးပုံစံမျိုး။ ဘိုသီဘတ်သီနေထိုင်တတ်သော စရိုက်ကြောင့်လားမဆိုသာ။ အုန်းဆီဝေးသည့် ပြောင်းဖူးဆံမွေးဆံပင်တွေက နီကျင်ကျင် ကြောင်တောင်တောင်။

'ဟဲ့… ဝင်းမောင် ဘာကိစ္စလာတာလဲ၊ ငါ့အိမ်က ဝက်မွေးတဲ့အိမ် မဟုတ်ဘူး၊ ဘယ်အကုသိုလ်မှ မများချင်လို့ ကြက်တောင်မွေးမထားဘူး'

ဒေါ်သာရှင်၏ အငေါ်တူးစကားအပေါ် ဝက်ပွဲစားဝင်းမောင်ခမျာ ဘာမှအမှတ်ထားပုံမရ။

'သိပါတယ်ဗျာ၊ ကျုပ် ဝက်ဝယ်ဖို့ လာတာမဟုတ်ပါဘူး၊ ခင်ဗျားဆီ သက်သက်မဲ့လာခဲ့တာပါ'

သည်စကားကြားရတော့ အံ့အားသင့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီလာကြသူအတော်များများဆိုသည်က ဖူးစာကံနံ့ချာ၍ စွံရာစွံကြောင်းအတွက် လူအား အကြံဉာဏ်အား လာတောင်းကြသူတွေချည်း။ ခု ဝက်ပွဲစားဝင်းမောင်ကျတော့ ဇနီးမယားနှင့်။ ဒါဆို ဘာများအကြောင်းကိစ္စရှိပါလိမ့်။ မျက်နှာကိုအကဲခတ်ကြည့်လိုက်တော့ ရွှင်ရွှင်ပြပြ လန်းလန်းဆန်းဆန်းမရှိ။

'ဒါဆို ဘာအကြောင်းရှိလို့လဲ၊ နှင့်မိန်းမ မြင့်မြင့်ရီနဲ့ စကားများလာပြန်ပြီလား'

ဒါက ဒေါ်သာရွှင်၏ ထင်ကြေးစကား။

'ဟုတ်တာပဗျာ၊ ဒေါ်သာရွှင်တို့များ ချက်ဆိုနားခွက်က မီးတောက်ပြီးသားပဲနော်၊ ကျုပ်မိန်းမ မြင့်မြင့်ရီနဲ့ ခုတလော အပေါက်အလမ်းတည့်တယ်မရှိဘူးဗျာ၊ ခဏခဏ ပူညံပူညံနဲ့'

ပြီးတော့ ယောက္ခမကြီးနဲ့ ခယ်မကလည်း ရောက်နေတယ်။ အခုတလော ဝက်အရောင်းအဝယ်ကလည်း မကောင်းဘူး။ အိမ်စားစရိတ်တွေကလည်း တရိပ်ရိပ်နဲ့။ ယောက္ခမကြီးနဲ့ ခယ်မကလည်း ကိုယ်တိုင်စီးပွားမရှာရလို့လားမသိဘူး။ အကောင်းကြိုက်တာကလည်း လွန်ပ။ ကျုပ် သိပ်စိတ်ညစ်တာပဲ ဒေါ်သာရွှင်ရာ။

'သူတို့ရောက်တာ ကြာပြီလား'

'ကြာပြီဗျ၊ အလည်လာတယ်သာဆိုတယ်၊ သုံးလေးမိုးနဲ့ တောင် ပြန်ပါ့မလား မသိဘူး'

'နှင့်ခယ်မလေးက အပျိုပဲလား'

'အပျိုပဲဗျ၊ ယောက္ခမကြီးကတော့ သင့်တော်တဲ့သူနဲ့တွေ့ရင် အိမ်ထောင်ရက်သားချပေးချင်တယ်လို့တော့ ပြောသံကြားတယ်၊ အဲဒါ



ဗျာ ကျုပ် ခယ်မနဲ့ သင့်တဲ့သူ၊ ကျုပ်ခယ်မကို ကြိုက်နေတဲ့သူတွေ့ရင် အဲဒါ ကူညီပါဦးဗျာ'

'ဟယ်… ကာယကံရှင်သဘောမပါဘဲနဲ့ ငါ ဘာမှမလုပ်ဘူး ဝင်းမောင်၊ နှင့်နှယ် ရှုပ်ရှုပ်ယှက်ယှက်ပြဿနာကို ငါ့ဆီခေါ်လာရတယ်လို့၊ နင်တို့ယောကျ်ားတွေ ပြောပြောနေတာ ကြားဖူးတယ်၊ ဘာတဲ့၊ ဘဝဆိုတာ မိုက်ပွဲ၊ ခယ်မဆိုတာ လိုက်ပွဲဆိုလား၊ ဒီတော့ နင့်ဘာသာ'

'တော်… တော်… တော်ပါတော့ဗျာ၊ သူ့အစ်မ မြင့်မြင့်ရီနဲ့တင် လုံလောက်နေပါပြီဗျာ၊ သူ့ညီမ မိသင်းရီနဲ့ဆိုရင် ကျုပ် လူ့ပြည်မှာ ကြာကြာနေရမယ်မထင်ဘူး၊ ကိုယ်လုံးကိုယ်ပေါက်ကတော့ မက်စရာပါပဲ၊ ဒါပေမဲ့ မိမ်းဇတ်ဇတ်ကလေးဗျ၊ ဆက်ကော့လပ်ကော့နဲ့၊ ကျုပ်တော့ ကြည့်မရပါဘူးဗျာ'

မှန်ပါပေစွ မှန်ပေစွ။

ဝက်ပွဲစားဝင်းမောင်၏ခယ်မ မိသင်းရီဆိုသည်မှာ အပျိုပေါက်ဖြစ်၏။ အဆင်အပြင်ကလည်း တကယ့်ကိုခွတီးခွကျ။ စကားအပြောအဆိုကလည်း အမြီးအမောက်မတည့်။ ပြောရလျှင် မည်သူမည်ဝါနှင့်မျှ ပလဲနံ့ပမသင့်။

အကယ်တန္တု သူ့မောင်ကဇော်သမား ကျော်တင့်နှင့်ပေးစားကြည့်လျှင်ကော။ အိုး… မဖြစ်ရေးချ မဖြစ်သေး။ အရက်သမားနှင့် ဆက်ကော့လတ်ကော့။ ဘာတွေလုပ် ဘာတွေဘယ်လိုကိုင်၍ ဘယ်လိုများ စားကြသောက်ကြပါမည်နည်း။ နှုတ်ခမ်းပဲ့ချင်းမီးမှုတ်သည့်မှ မီးဝါတောက်ချင်တောက်ပေဦးမည်။ သည်တော့လည်း သည်စိတ်ကူးကို စိတ်ကူးထဲမှာပင် နိဂုံးကမ္ပတ်အဆုံးသတ်လိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီတော့ မြင့်မြင့်ရီနဲ့ အဆင်မပြေဖြစ်လာပြီး ငါ့ဆီ ရောက်လာတာတော့ ဟုတ်ပါပြီ၊ ငါက ကာယကံရှင်တွေ အလိုကျ အောင်သွယ်အလုပ်သာလုပ်တတ်တာ၊ ကွဲရေးပြဲရေး လင်ခန်းမယားခန်းပြတ်စဲရေးတွေတော့ ဘာမှလုပ်တတ်တာ မဟုတ်ဘူး'

'ခက်တာပဲဗျာ၊ ဟူး… သေသာသေလိုက်ချင်တော့တယ်'

ဒေါ်သာရွှင်က စကားကိုဖိတ်ပြောလိုက်သည့်အတွက် ဝက်ပွဲစားဝင်းမောင်ခမျာ ဝက်ခေါက်သုတ်စားပွဲပေါ်ရှိ ဝက်ခေါင်းနှင့်မခြားမသာရုပ်ပေါက်သွားရသည်။

'ကျုပ်မိန်းမကဗျာ ကျုပ်ကို ဓာတ်ရှင်မင်းသားလို့များမှတ်နေသလားမသိပါဘူး၊ သဝန်ကလည်းတိုမှတို၊ မနေ့ညကဆို တစ်ညလုံးဖြောင့်ဖြောင့်ကို မအိပ်ရဘူး၊ အနားမှာ ပွက်စိ ပွက်စိနဲ့'

'ဘာဖြစ်လို့ ပွက်စိပွက်စိ ဖြစ်ရတာတဲ့တုန်း'

'ဘာဖြစ်ရမလဲဗျာ၊ သူ့ညီမ အပျိုနုနုထွတ်ထွတ်လေးနဲ့ မသက်သာဖြစ်နလို့ပေါ့'

'ဟဲ့… နင်ကရော သူထင်သလို မဟုတ်ဘူးလား'

'ဘယ်ကဟုတ်ရမှာလဲဗျာ၊ ကျုပ် မျက်စိထဲမယ် အမှန်အတိုင်းပြောရရင် ဆက်ကော့လက်ကော့နိုင်တဲ့ သူ့ညီမမိသင်းရီကို တစ်စက်ကလေးမှ ကြည့်လို့မရဘူး၊ အဲဒါဗျာ ညဘက် ကျုပ် ရေတော်တာနဲ့ နောက်ဖေးမီးဖိုချောင်ထဲ ရေသွားသောက်တာ သူ့ညီမကို ကြံစည်ဖို့ ကြိုးစားတယ်ဆိုပြီး စွပ်စွဲတော့တာပဲဗျ၊ အဲသလောက်တောင် သဝန်ကြောင်ပြီး သက်သာယန့်မကင်းဖြစ်နေတာ'



'နင်ကလည်း မြင့်မြင့်ရီ သက်သာမကင်းဖြစ်လောက်အောင် စိတ်ထဲက ကြံစည်နေသလားမှ မသိတာ'

'ဘုရားပေးပေး ကျမ်းပေးပေးပါဗျာ၊ ကျုပ်မှာ ကိုယ့်အိမ်ကိုယ်နေရင်း လူကျဉ်းကြပ် စိတ်ကျဉ်းကြပ်ဖြစ်နေရတာ၊ အဲဒါဗျာ ကျုပ်ကို သနားတဲ့အနေနဲ့ ကူညီဖြေရှင်းပေးပါဦး'

သည်လောက်ဆိုလျှင် ကိစ္စကတော့ ရှင်းနေပေပြီ။

ဝက်ပွဲစားဝင်းမောင်က သည်မှာဘက်၌ နာမည်ပျက်မရှိ။ စီးပွားရေးအရ အကုသိုလ်အလုပ်ကို လုပ်ကိုင်နေသည်ဆိုသော်ငြား အသောက်အစား၊ လောင်းကစား၊ အပျော်အပါးမရှိ။ အဓိကပြဿနာက သူတို့အိမ်သို့ ယောက္ခမနှင့်ခယ်မတို့ ရောက်နေ၍သာဖြစ်သည်။ ၎င်းတို့မရှိလျှင် မြင့်မြင့်ရီအနေနှင့် ဘာမျှပူညံပူညံလုပ်စရာအကြောင်းမရှိ။ သည်တော့ ဝက်ပွဲစား စိတ်ချမ်းသာဖို့အရေးတွင် အဓိကအချက်မှာ ယောက္ခမနှင့်ခယ်မတို့ သူ့အိမ်၌ မနေနိုင်ရေးက အချက်အချာကျနေသည်။ သည်တော့လည်း တွဲရေးထက် ခွဲရေးကို အလေးပေးရမည်ဖြစ်သဖြင့် ဒေါ်သာရွှင်လည်း ပြောင်းဖူးဖက်လိပ်ကြီးအား အငွေ့တထောင်းထောင်းမှုတ်ရှိုက်ရင်းမှ အကြံဉာဏ်ရယူလိုက်တော့သည်။ သိပ်တော့လည်း မစဉ်းစားလိုက်ရ။

'ဒီမှာ ဝက်ပွဲစား'

'ဗျာ… ပြော၊ ပြောပါ ဒေါ်သာရွှင်'

'အဓိကအချက်ကတော့ နင့်ခယ်မနဲ့ နင့်ယောက္ခမတို့ နင့်အိမ်ပေါ်ရောက်နေလို့ ပြဿနာဖြစ်နေတာဟဲ့'

'ဟုတ်ကဲ့'

www.burmeseclassic.com

www.burmeseclassic.com



'သူတို့ရှိနေသမျှ နှင့်မိန်းမလည်း မျက်လုံးဒေါက်ထောက် ကြည့်နေမှာပဲ'

'ဟုတ်ကဲ့'

'ပြီးတော့ သဝန်တိုစိတ်နဲ့ ယုန်ထင်ကြောင်ထင်လုပ်ပြီး နိစ္စဓူဝ ပွက်ညံပွက်ညံလုပ်နေဦးမှာပဲ'

'ဟုတ်ကဲ့'

'ဒီတော့ကာ…'

'ဟုတ်ကဲ့'

'နင် သူတို့ကို အိမ်ပေါ်ကဆင်းသွားရအောင် အမြန်ဆုံးလုပ် ပေရော့'

'ဗျာ'

ဒေါ်သာရှင်၏ အကြံကြောင့် ဝက်ပွဲစားအံ့အားသင့်သွားရ သည်နှင့်အမျှ တွေခနဲလည်းဖြစ်သွားရသည်။ ပြီးတော့ ဝမ်းအလွန်ချုပ် ၍ စမြင်းတုံးခံနေသောမျက်နှာဖြင့်…

'ဒါတော့ ကျုပ်လည်း သိတာပေါ့ဗျာ'

'သြော်… နင်က သိတယ်'

'ဟုတ်ကဲ့'

'နင်ကသာသိနေတာများပါတယ်၊ ဘာဖြစ်လို့များ ခြေညောင်းခံ လေကုန်ခံပြီး ငါ့ဆီလာနေရသလဲလို့'

'အဲ… ကျုပ်က သည့်ထက်ကောင်းတဲ့ အကြံဉာဏ်များ ပေးနိုင်မလားလို့ပါ၊ ဒေါ်သာရှင်ပဲ စဉ်းစားကြည့်ပါ၊ ကျုပ်က ယောက္ခ မနဲ့ ခယ်မကို သူတို့မျက်နှာ ကျုပ် လုံးဝကြည့်မရဘူးဗျာ၊ ခင်ဗျားတို့



ရှိနေသမျှ အကုန်အကျလည်းများတယ်၊ ကျုပ်တို့လင်မယားလည်း တကျက်ကျက်ဖြစ်ရတယ်၊ ဒီတော့ ခင်ဗျားတို့နှစ်ယောက်လုံး ဒီအိမ်က နေ ဆင်းသွားကြပါလို့ ပြောလို့ကောင်းမလား'

'အဲ… ဟုတ်သဟဲ့'

'ပြီးတော့ မင်္ဂလာတရားတော်နဲ့ကြည့်ပြန်ရင်လည်း အသေဝ နာစဗာလာနံ အဲ… ဟုတ်ပေါင် ဉာတကာနဉ္စ သင်္ဂဟောတဲ့၊ ဆွေမျိုး ဉာတိဆိုတာမျိုးဟာ ပေးကမ်းထောက်ပံ့ဖို့ရာ ကုသိုလ်မြုပ်နှံရာ မြေဆီ ကောင်းမဟုတ်လား၊ ကလျာဏဗိခ ကလျာဏံ ပါပကာရီစပါပကံ ဆိုသလို သဗ္ဗေသတ္တာအဝေရာဟောန္တု၊ သုခိအတ္တာနံ ပရိဟရန္တု၊ သဗ္ဗာသိတာစ ယာဝါစာ'

'တော်… တော်ပါတော့ ဝက်ပွဲစားရယ်၊ အကုသိုလ်အလုပ် တွေလုပ်နေလို့ပဲ နင် ဘုန်းကြီးသာဝတ်ရင် ကမ္ဘဝါတောင်ဖတ်နိုင်နေ ပြီ၊ ကိုင်း… ဒီတော့ ငါအကောင်းဆုံးအကြံဉာဏ်ပေးလိုက်မယ်'

'အဲသည်လိုလုပ်စမ်းပါ ဒေါ်သာရှင်ရာ'

'အေး… နင့်မိန်းမ မြင့်မြင့်ရီ ထင်ချင်သလိုထင်ပလေ့စေ၊ နောက်မှရှင်းကြတာပေါ့၊ လိုအပ်ရင် သက်သေအနေနဲ့ ငါလည်း ကူပြီး ဖြေရှင်းပေးလို့ရတယ်၊ အေး… နင် လုပ်ရမှာက မြင့်မြင့်ရီ အလစ်မှာ နင့်ခယ်မ ဘယ်သူ အဲ… မိသင်းရီကို လူများသလိုလို ဘာလိုလိုနဲ့ မှားမှားပြီးဖက်၊ ဖက်ပြီးတော့လည်း လက်တွေက အသေ လို မနေနဲ့'

'ဟား… ဟား… ဟား… အမျှိုပ်ဟိုင်းကြီးသာဆိုတယ်၊ ဘာညာသာရကာတွေ သိနေပါလားဗျ'

'တော်စမ်း အရူး၊ အေး ငါပြောသလို လုပ်ကြည့်၊ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



နင့်ခယ်မလည်း နင့်ဒဏ်မခံနိုင်၊ ဖယောက္ခမကလည်း သူ့သမီးနုနုထွတ်ထွတ်ကလေးကို ဒီလိုမျိုး ခဏခဏမှားရပ့်မလားဆိုပြီး ဒေါသထွက်လို့ သူ့သမီးလက်ဆွဲ အိမ်ပေါ်က ဆင်းသွားလိမ့်မယ်'

'ကောင်းလိုက်တဲ့ အကြံအစည်ပါပဲဗျာ၊ ဒါပေမဲ့ ဒါမျိုးတစ်ခါမှ မလုပ်ဖူးတော့ သွေးကတော့ ခပ်လန့်လန့်ပဲဗျာ'

'အစမို့ပါဟယ်၊ နောက်တော့လည်း အစရှိ အနှောင်နှောင် ဆိုသလို အကျင့်ပါသွားမှာတောင် စိုးရတယ်၊ ဒီမှာ ပွဲစား'

'ဗျာ'

'ကုန်စျေးနှုန်းတွေက ကြောက်ခမန်းလိလိတက်နေတာနော်၊ ဒီအိမ်ထောင်ရဲ့ စားဝတ်နေရေးကို ရုန်းကန်ရှာဖွေနေရတာ နင်ပဲ မဟုတ်လား၊ လူတစ်ယောက် တစ်ယောက်ဆိုတာ စားအိုးကလည်း ကြီးမှကြီး'

'ဒါတော့ မှန်တယ်ဗျ'

'အေး… အဲသည်တော့ ယောက္ခမနဲ့ ခယ်မတို့မရှိရင် နင်အသက်ရှူမချောင်ဘူးလား၊ နို့မဟုတ်လို့ကတော့ နင့်ခေါင်းမွေးတွေ ဝက်ရေနွေးဖျောသလို တစ်မွေးမှတောင် ကျန်မှာမဟုတ်ဘူး'

'ဟုတ်ပြီဗျာ၊ ဟုတ်ပြီ၊ ဒေါ်သာရွှင်ပေးတဲ့အကြံအတိုင်း အကောင်အထည်ဖော်တော့မယ်ဗျာ'

ဝက်ပွဲစား ဝင်းမောင်လည်း ဝမ်းသာအားရဖြစ်လျက် ကျေးဇူးတော် အနန္တဖြင့် ဒေါ်သာရွှင်ကို နှုတ်ဆက်ပြီး ပြန်လည်ထွက်ခွာသွားလေတော့၏။



တစ်ပတ်လောက်ကြာတော့ ဝက်ပွဲစားအိမ်၌ ဝက်ပေါ်သဖြင့် ဝက်သားသွားအဝယ် ဝင်းမောင်နှင့်တွေ့သေးသည်။ ဝင်းမောင်က ဝက်သားဖိုးမယူ အဆီအသားကောင်းကောင်း ငါးဆယ်သားတစ်တွဲ အတင်းကာရော ပေးလိုက်သည်။ ၎င်း၏မျက်နှာကား ပျားရည်တစ်ဝက် ထန်းလျက်ရည်တစ်ပိုင်း ပက်ဖျန်းထားသည့်အလား ချိုမြနေသည်။

'ဟဲ့… အခြေအနေ ဘယ်လိုရှိသလဲ ဝင်းမောင်'

'အဲဟီး… မှားမှားပြီးဖက်မိတာ သုံးကြိမ်သုံးခါရှိပြီ'

'အေး… ကောင်းတယ်၊ ကောင်းတယ်'

'မှန်တာပေါ့ဗျာ၊ ကောင်းလိုက်တာမှ အီဆိမ့်နေတာပဲ၊ ကျုပ်ခင်ဗျားကို ကျေးဇူးတင်မှတင်ဗျာ'

'ဒါဆို အကြံအောင်တော့မယ်၊ ဆက်ပြီးတိုက်ပွဲဝင်ပေတော့ ဟုတ်ပြီလား'

'စိတ်ချ ဒေါ်သာရွှင်၊ စိတ်ချ၊ ကျုပ်တော့ ဆုံးဖြတ်လိုက်ပြီဗျာ၊ ပွဲစားယော့နော်၊ တိုက်ပွဲပျော်၊ ကျွန်တော်ခယ်မ ဖက်မှာပဲလို့တောင် ကြုံးဝါးလိုက်ချင်သေး၊ အဟေး… ဟေး'

ဘာပဲဖြစ်ဖြစ် အခက်အခဲတွေကြုံရသူတစ်ဦးအပေါ် တတ်နိုင်သည့် အကြံဉာဏ်ဖြင့် ကူညီလိုက်ရခြင်းအပေါ် ဒေါ်သာရွှင် ကြည်နူးရပါသည်။

ထိုသို့သော ကြည်နူးစိတ်ဖြင့်ပင် အိမ်ပြန်ရောက်တော့ ဝက်သားတချို့ကို နောက်ရက်တွေအတွက် ပြုတ်ထားလိုက်ကာ ကျန်ဝက်သားအား မရမ်းပြားခြောက်ကလေးဖြင့် အစပ်တည့်အောင်ချက်ရင်း လျှာရင်းအတော်မြက်ခဲပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ မိုးကျလာတော့မည်ဖြစ်သည့်အတွက် အိမ်ကိုပျစ်စားထိုးဖို့ သက်ငယ်တွေကို အားလပ်ချိန်၌ တစ်ပိုင်တစ်နိုင် ပျစ်နေရသည်မို့ ဒေါ်သာရှင်တစ်ယောက် ခြံထဲခြံပြင်သို့ ထွက်ရန်ပင် မအားလပ်ခဲ့။

သည်တော့လည်း ဝက်ပွဲစား၏ အခြေအနေကို ဘာမှမသိခဲ့။

ခုဆို တစ်လလောက်တောင် ချဉ်းလာပြီဆိုတော့ ယောက္ခမနှင့် ခယ်မတို့ အထုပ်အပိုးကိုယ်စီဖြင့် အိမ်ပေါ်မှ ဆင်းသွားကြလေပြီလား။

ဒါဆိုလျှင် ကောင်း… ကောင်းပါသေးတော့။ ဝက်ပွဲစားလည်း အသက်ရှူချောင်သွားမည်။ ဝက်ပွဲစားကတော် မြင့်မြင့်ရီလည်း ပါးစပ်ပေါက်ပေါက်ဖောက်ရသည့် အလုပ်မှ သက်သာသွားမည်။ ဒါကြောင့်ပင် ဝက်ပွဲစားဝင်းမောင် သည်ဘက်ခြေဦးမလှည့်တာဖြစ်လိမ့်မည်။

'အင်း… လူတွေကလည်း ခက်ပါတယ်လေ၊ ငါ့ကို အိမ်သာလိုများ သဘောထားကြသလား မသိဘူး၊ သင်းတို့ဗိုက်နာလာမှ မရှူသာ မရှိုက်သာဖြစ်မှ သတိရကြတာကလား၊ ကိစ္စမရှိပါဘူးလေ၊ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဆိုတဲ့စကားလည်း အရှိသားပဲ၊ မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုမွေးတဲ့၊ ဒီဘဝမှာ အများအဆင်ပြေအောင် အကျိုးဆောင်အလုပ်တွေလုပ်နေတာမို့ နောက်ဘဝရောက်ရင်ဖြင့် ခုလိုမျိုး ငါ့ဘဝအထိးမကျန်နိုင်တော့ပါဘူးလေ'

သည်သို့ကိုယ့်ဘာသာကိုယ် နှစ်သိမ့်သည်။ တစ်ခုတော့ရှိသည်။ ဘယ်သူဘယ်ဝါပဲဖြစ်ဖြစ် အကူအညီလိုအပ်တုန်းက လာ



ရောက်၍ နားပူနားဆာလုပ်လေသမျှ ၄င်းတို့အပေါ် အကြံပြုသည့်အတိုင်း လုပ်ဆောင်ရင်းမှ အခြေအနေဟန် မဟန်ကိုတော့ တစ်နည်းမဟုတ်တစ်နည်း အကျိုးအကြောင်းလေးများ မပြောသင့်ပေဘူးလား။

ခုလည်း ပွဲစားဝင်းမောင်သတင်းက ပျောက်နေသည်။ သတင်းသာမဟုတ်။ ခုတလော ရွာထဲဝက်အရှာထွက်သည့်ကို မတွေ့ရ။ သည့်တော့လည်း မသိလိုက်၊ မသိဘာသာ အေးအေးကလူပင်နေလိုက်သည်။

သို့သော် မမျှော်လင့်သည့်တစ်နေ့…။

အဲသည် မမျှော်လင့်သည့်တစ်နေ့မှာတော့ ပူတူးဆိုသော ချာတိတ်ကလေးက စာတစ်စောင်လာပို့သွားသည်။

'ဝက်ပွဲစားပေးခိုင်းလိုက်တဲ့ စာခင်ဗျ'တဲ့။

သည့်အတွက် ဝက်ပွဲစား၏အခြေအနေမှန်ကို သိချင်ဇောဖြင့် လှသူကင်းရှင်းရာ နေရာ၌ ဖွင့်ဖောက်လိုက်သည်။

***ဗျို့… ဒေါ်သာရှင်***

*ကျုပ် ကျေးရူးတင်စွာ လေးစားစွာနဲ့ စာရေးအကြောင်းကြားလိုက်ပါတယ်။ ဝါဝင်ခါနီးရောက်မှပဲ ကျေးရူးရှင်ကြီးကို လက်ဆောင်ပစ္စည်းတွေနဲ့ ဆိုက်ဆိုက်မြိုက်မြိုက်ကို လာကန်တော့ဦးမှာပါ။*

*ဒေါ်သာရှင် အကြံပေးတဲ့အတိုင်း ကျုပ် ခယ်မကို ကျုပ်မှားမှားပြီးအဖက်ကြမ်းရုံမက လက်ပါသရမ်းလိုက်တာ ခုဆို ရွာမှာမနေသာတော့ဘဲ ဒေဝါတူနဲ့တူတဲ့ ဝါးခယ်မကို နှိုးပြေးရပြီဗျို့။*

www.burmeseclassic.com

www.burmeseclassic.com



*ကနဦးတုန်းကတော့ ခယ်မနဲ့ယောက္ခမတို့ အိမ်မှာမနေနိုင်ဘဲ ဆင်းသွားကြဖို့ပါပဲ။ ဒါပေမဲ့ ခုတော့ ကျုပ်နဲ့ မိသင်းရိုတို့ခိုးပြေးဖြစ်အောင် မြားနတ်မောင်ကလုပ်ချလိုက်တော့တာမို့ ဩော်… အိုးအိုးချင်းထား အိုးအိုးချင်းထိ ကြိုးကြိုးချင်းထား ကြိုးချင်းငြိဆိုတာ တယ်မှန်ပါကလားဗျာ၊ ခုတော့ ပွဲစားဟောနော်၊ အလွန်ပျော် ကျွန်တော်ခယ်မသုတ်ပြီဗျို့ဆိုတဲ့ကိန်းပေါ့၊ မိသင်းရိုကလည်း ကျုပ်မှကျုပ်၊ ကျုပ်ကလည်း မိသင်းရိုမှ မိသင်းရိုဆိုတော့ အပေါင်းခွေးခံတွင်းပျက်နဲ့ မိုးပေါ်ကကျလာတဲ့ မစင်တစ်တုံးတို့ဇာတ်လမ်းဖြစ်သွားကြတယ်လို့သာ မှတ်လိုက်ပါတော့။*

*လေးစားလျက်…*

***ဝင်းမောင်(ဝက်ပွဲစား)***

***ခေတ္တ-ဝါးခယ်မ***

သည်စာဖတ်ပြီးသကာလ အကြံပေးကောင်းသော ဒေါ်သာရှင်အဖို့ သူ့နဖူးသူပြန်ရိုက်ရင်း…

'တောက်… ပွဲစားစုတ် ပွဲစားပုံ ကိုယ့်ခယ်မကိုတောင် အလွတ်မပေးတဲ့ အကျင့်ယုတ် သေချင်းဆိုး ကာလနာ'

ဟူ၍ ထောပနာပြုနေပါတော့သတည်း။

'ဟဲ့… မဖြစ်ဘဲနေရမလား ပိုက်ပွမရဲ့
ငါက သူ့စကားကို မျှော်ပြီး
အလိုက်သင့်မြောက်လိုက်
ဖော်လံဖားတာလောက်ပဲတတ်တာ။
သူ မြှောက်ပို့အတွက်တော့
ဘယ်လိုနည်းလမ်းပေးရမယ်ဆိုတာ
မသိဘူးဟ။
အဲဒါ ခက်နေတာ'

www.burmeseclassic.com

ပေးကမ်းခြင်းသည် အောင်မြင်ရာတည်းတဲ့။

သည့်စကားကို ဘယ်သူများထွင်ခဲ့လေသနည်းမသိ။

ကိုထွားမောင် သိသည်ကား ပေးကမ်းခြင်းမရှိသော်လည်း ဖြစ်ရိုးဖြစ်စဉ် ဓမ္မတာသဘောအရ အောင်ကိုအောင်မြင်ရမည်ဆိုခြင်း တည်း။ သို့သော် သူ့အသိကား အသိပင်။

လက်တွေ့မှာကျတော့ အဖော်မဲ့အထီးကျန်တစ်ကိုယ်တည်း လူပျိုကြီးဖြစ်နေခြင်းက သူ့ဘဝအတွက် အိမ်ထောင်ရေးစာမေးပွဲ ကျရှုံးနေခြင်းပဲဟု သူ ယူဆသည်။

သူ့အဖို့ လောကကြီးကို သိပ်နားမလည်နိုင်တော့။

သူကပဲ လောကကြီးကို နားမလည်တာလား။ လောကကြီးကပဲ သူ့ကိုနားမလည်တာလား။ ခွဲခွဲခြားခြား ကွဲကွဲပြားပြား သူမသိ။

ကြည့်စမ်းပါဦးလော့။

သူ့လက်အောက်မှ အလုပ်သမားတစ်ယောက်ဖြစ်၍ သူ့လစာနှင့် နှိုင်းစာလျှင် သုံးပုံတစ်ပုံမျှသာရရှာသော မောင်တက်တူဆိုလျှင် ဇနီးချောကလေးကို ဘယ်လက်ရုံးသဖွယ် ထားရှိပြီးသကာလ ဘဝခရီးလမ်း၌ နှစ်ကိုယ်တူချစ်သမျှ ခွန်းဟာလှစ်ကြူလျက် လျှောက်လှမ်းနိုင်ပါသေးလျှင် သူ့လို ဘာမျှပူပင်စရာမရှိလောက်အောင် လခငွေကြေးပြည့်စုံသောသူတစ်ဦးအနေဖြင့် ဘာကြောင့်များ ကြင်ဖော်ကလေးတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်လောက်အနားမှာမရှိဖြစ်နေရပါသနည်း။ ဒါကို ပြန်တွေးမိလေတိုင်း သူ့ကိုယ်သူအ တော်ကလေး အသည်းနာရသည်။

သူ့သူဌေးဦးချမ်းသာက မြိုင်သေလာရွာထိပ် လှည်းလမ်းနှင့်ချောင်းကမ်းပါးစပ်ဆုံရာနေရာ၌ ဘောဂဗလဆိုသည့် ဆန်စက်ကို တည်ထားသည်။ သူ့သူဌေးဦးချမ်းသာသည် တပည့်ရင်းဖြစ်သည့် သူ့အား အစစအရာရာ ယုံကြည်စိတ်ချလျက် ဘောဂဗလဆန်စက်၏ မန်နေဂျာအဖြစ် တာဝန်ပေးအပ်ကာ အုပ်ချုပ်စေခဲ့သည်။

'သည်တော့' ငါ ဘာလုပ်ရမလဲ၊ ငါ ဘာလုပ်ရင်ကောင်းမလဲ'

သူ့ကိုယ်သူ ပြန်ပြန်မေးဖြစ်နေသည်က သည်မေးခွန်းမှ သည်မေးခွန်းပါပဲ။ သူ့ကိုယ်သူ ပြန်တွေးကြည့်တော့ လူပျိုကြီးဓာတပါနေသလားမသိဆိုသာ။ ဖွဟဲ့… လွဲပါစေ ဖယ်ပါစေ ဟူ၍ အတွေးဝင်ရောက်တိုင်း ဆုတောင်းရလေသည်မှာ အမောသား။ ဘဝတစ်ခုကို သည်လိုမျိုး အထီးကျန်စွာဖြင့် ဖြတ်သန်းရင်း နိဂုံးကမွတ်အဆုံးမသတ်စေချင်။ သည်တော့လည်း ကိုယ်နှင့်ရင်းနှီးသောသူလည်းဖြစ်ရမည်။ ပြီးတော့ ကိုယ့်ကိုဘယ်လိုမှ ကလ္လာကောစမလုပ်နိုင်သည့် တပည့်လည်းဖြစ်ရမည်။ မြာစွံသည့်ဘက်၌ နာမည်တစ်လုံးရှိနေရမည်။ သည်လိုလူမျိုးကို ရှာဖွေလျက် အနီးကပ်ပေါင်းရင်း သူ့ထံမှအကြံဉာဏ်တွေရယူတာ အကောင်းဆုံးဖြစ်လိမ့်မည်ဟု မန်နေဂျာကိုထွားမောင် ယူဆလိုက်သည်။ သို့ဖြစ်၍ ထိုသို့ပသော အရည်အသွေးနှင့်ပြည့်စုံသူ ဘယ်သူဖြစ်မည်ကို လှေလာကြည့်လိုက်တော့ တပည့်ကျော်ဗလစိန်၏မျက်နှာက ဘွားခနဲ ပေါ်လာတော့သည်။

ဟုတ်သပ ဗလစိန်… ဗလစိန်။



ဗလစိန်က ဘောဂဗလဆန်စက်မှ တာလီစာရေး။ မန်နေဂျာကိုထွားမောင်ကို ဆရာ ဆရာနှင့် တလေးတစားရှိလှသောသူ။

ပြီးတော့ ခုလက်ရှိ မပိုက်ပူနှင့်မတိုင်မီက မိန်းမလေးယောက်တိတိရခဲ့ဖူးကြောင်း နာမည်ထွက်သည်။ ဟား… ဒါဆိုလျှင်ဖြင့် ကိုထွားမောင် စိတ်ကူးထဲက သတ်မှတ်ထားသော အရည်အချင်းနှင့် ကွက်တိမှ ကွက်တိ။ သည်တော့ သင်းကိုပဲ လက်ကသုံးတောင်ဓားအဖြစ် သတ်မှတ်ရတော့မည်။

'ဟေး… ဗလစိန်၊ ဆရာ့ဆီ လာပါဦးကွာ'

မခေါ်စဖူး အခေါ်ထူးလေသည့်အတွက် ရေတွက်နေသော တာလီချောင်းများကို ဘေးတွင်အသာချလျက် မန်နေဂျာကိုထွားမောင်ရှိရာသို့ ဗလစိန် ကြို့ကြို့ရှိရှိကလေး သွားခဲ့သည်။

'ဆရာ ကျွန်တော့်ကိုခေါ်တာ ဘာကိစ္စများရှိပါသလဲခင်ဗျာ'

'အေးကွာ၊ ထိုင်စမ်းပါဦး၊ အလုပ်တွေသိပ်မများဘူး မဟုတ်လား'

'ခုလောလောဆယ်တော့ မများပါဘူး ဆရာ၊ ညနေကျမှ ရန်ကုန်ပေါက်က ဟန်သောင်းတို့စပါးတွေဝင်လာမှာ၊ အဲသည်ကျမှ အလုပ်နည်းနည်းများမှာပါ'

'အေးကွာ၊ ငါ မင်းကိုခေါ်ရတာ တခြားတော့မဟုတ်ပါဘူး၊ ဟောဒီဘောဂဗလဆန်စက်ကြီးမှာ မင်းနဲ့ငါ အလုပ်တွဲလုပ်လာတာ နှစ် မနည်းတော့ဘူး'

'ဟုတ်ပါတယ် ဆရာ'

'အေး… တစ်ယောက်နဲ့တစ်ယောက်ဟာ လုပ်ဖော်ကိုင်ဖက်တွေဖြစ်တယ်၊ ဆရာတပည့်တွေလည်းဖြစ်ကြတယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



'မှန်ပါတယ် ဆရာ'

ဗလစိန်အဖို့ သည်ကနေ့ကျကာမှ ထူးထူးခြားခြား သူ့ကိုခေါ်၍ စကားတွေဖောင်ဖွဲ့နေသည့်အတွက် နည်းနည်းတော့ အံ့ဩရသည်။ ဆရာကိုထွားမောင် ဘာတွေရင်ဖွင့်ချင်လို့ပါလိမ့်။

'မင်းသိတဲ့အတိုင်း ငါဟာ လူပျိုလူလွတ်၊ ဟောဒီဆန်စက်မှာပဲ အိပ်တယ်၊ စားတယ်၊ အလုပ်လုပ်တယ်၊ အလုပ်လုပ်တော့ လခရတယ်၊ မန်နေဂျာဆိုတော့ အားလုံးထက်စာရင် လစာအများဆုံးပေါ့ကွာ၊ အပိုသုံးဖြုန်းစရာတွေလည်းမရှိတော့ ဆရာမှာ အထုပ်နဲ့အထည်နဲ့၊ အတော်ကလေးစုမိဆောင်းမိနေပါပြီ'

'ဟုတ်··· ကဲ့'

ခုထိ ဆရာကိုထွားမောင် ဘာကိုရည်ရွယ်နေသည်ကို မသိရသေး။ သည့်အတွက် နဝေတိမ်တောင်နှင့်ပင် သံယောင်လိုက်ပေးနေမိသည်။

'အဲသည်မှာကွာ မင်း ငါ့ကိုကြည့်စမ်း'

သည်သို့ဆိုပြီး ဖြုန်းခနဲ မတ်တတ်ရပ်လိုက်ကာ ဟန်အမျိုးမျိုးပြတော့သည်။ ရုတ်တရက် ကိုထွားမောင် ကြောင်များကြောင်သွားလေသလားဟု အတွေးဝင်မိပါသေးသည်။

'ကိုင်း··· ငါ့ကိုမင်းကြည့်တော့၊ ဘယ်နေရာများ အချိုးမပြေတာရှိသလဲ၊ အားမနာတမ်းဖြေ၊ ခြသေ့်ကြီးရဲ့ပါးစပ်ကို နမ်းခိုင်းတာမျိုးမဟုတ်ဘူးနော်၊ မှန်တဲ့အတိုင်းပြောလို့ မင်းကို ငါ လုံးဝစိတ်မဆိုးဘူး'

'ကျွန့်···ကျွန်တော် ဆရာ့ကိုဘယ်လိုပြောရမှာလဲ ဆရာရယ်'

'ဟ··· မင်းမြင်တဲ့အတိုင်း ပြောပေါ့ကွာ၊ ဘာခက်တာ မှတ်လို့'



သည်တော့လည်း ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဟူ၍ သဘောထားကာ ဆရာကိုထွားမောင်ကို ခြေအဆုံးခေါင်းအဆုံးကြည့်ရင်း ခေါင်းတဆတ်ဆတ်ညိတ်မိလိုက်သည်။

'ကျွန်တော် မြင်သလောက်ပြောရမယ်ဆိုရင် ဆရာဟာ တကယ့်ကိုခန့်ချောချောတဲ့သူ၊ ဥပမိရုပ်ပြောစရာမရှိတဲ့သူပါပဲဆရာ'

'မင်း တကယ်ပြောနေတာလား ဗလစိန်'

'ဆရာ့ကို ဘယ်လိမ်ရဲပါ့မလဲ ဆရာရယ်၊ ဘုရားပေးပေး ကျမ်းပေးပေးပါ၊ မှန်ရာကို သစ္စာဆိုဝံ့ပါတယ်'

'ဟုတ်ပြီကွာ၊ ဟုတ်ပြီ၊ မင်းအပြန် မင်းအိမ်စားဖို့အတွက် ခွံနီစပါးကြိတ်ထားတဲ့အထဲက တစ်တင်းတိတိ အိမ်စားဖို့ ယူသွားဟုတ်ပြီလား'

'ကျေး··· ကျေးဇူးပါပဲ ဆရာ'

စိတ်တော်သိ မောင်းတော်ညိတ်လိုက်လေတော့ ရရှိလာသည့် ဆုလာဘ်အတွက် ဗလစိန်ခမျာ မြူးတူးရွှင်လန်းသွားရသည်။ သို့ရာတွင် ဆရာကိုထွားမောင်၏ စကားအမျှင်တွေက မပြတ်သေး။

'ငါ မင်းကိုယုံတယ် ဗလစိန်၊ ငါ့တပည့်ဖြစ်တဲ့ မင်းဟာ ဆရာဖြစ်တဲ့ငါ့အပေါ်ကို ဘယ်နည်းနဲ့မှ မဟုတ်မမှန်တာကို ပြောလိမ့်မယ် မဟုတ်ဘူးဆိုတာ'

အေးကွာ မင်းပြောသလို ငါဟာ ဥပမိရုပ်ကောင်းတယ်၊ ခန့်ချောလည်းချောတယ်ဆိုပေမဲ့ ဘာကြောင့် ခုထိ ငါဘာဖြစ်လို့ မိန်းမ မရသေးတာလဲ။ အဒါကို မင်း အားမနာတမ်း ဝေဖန်စမ်း ဗလစိန်။ ဒီနေရာမှာတော့ မင်းဟာ ငါ့ရဲ့ဆရာပဲ။ ဘာကြောင့်ဆို ငါက အခုထိ မိန်းမတစ်ယောက်မှ မဖွဲ့သေးဘူး။ မင်းကတော့ မိန်းမတစ်ယောက်ထဲတောင် မဟုတ်ဘူး။ လေးယောက်တိတိတောင် စွံခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



သူဆိုတော့ မကျမ်းကြေလို့ပဲလို့ မှတ်တယ်။ ဒါကြောင့် မင်းကို အနှားကပ်ပြီး ခေါ်ယူတိုင်ပင်တာပဲ။

သည်တော့မှပဲ ကြောင်းလျှားဇစ်မြစ်ကို စိစစ်နိုင်တော့သည်။ ငနဲကြီး သူ့ကိုခေါ်တွေ့သည်မှာ ဒါကြောင့်ကိုးဟူ၍လည်း ဗလစိန် နားလည်လိုက်သည်။

'သည်ကိစ္စမျိုးဟာ အင်မတန်မှ နက်နဲသိမ်မွေ့ပါတယ် ဆရာ၊ မိန်းမဆိုတာမျိုးကလည်း မန်လည်ဆရာတော်ကြီး အမိန့်ရှိဖူးခဲ့သလို စိန်ကဲ ရွှေကဲ ဤနှစ်ကဲထက် မိန်းမကဲခတ် လွတ်တတ်၏။ ဆိုသလို အင်မတန်မှ နက်နက်နဲနဲ ရှိတာမို့ အလျင်စလို ဖုတ်ပူမီးတိုက်ကြီးတော့ မလုပ်လိုက်ပါနဲ့ ဆရာ၊ ကျွန်တော့်ကို သုံးလေးရက်တန် သည်တော့ အချိန်ပေးပါဦး၊ အဲဒီယူထားတဲ့ အချိန်တွေမှာ ဆရာ့ဘက်က ဘာတွေ အားနည်းချက်တွေရှိနေသလဲ၊ အားသာချက်အဖြစ် ပြန်ပြောင်းအောင် ဘာတွေလုပ်သင့်လုပ်ထိုက်သလဲဆိုတာ ကျွန်တော် အကြံဉာဏ်ပေး ပါ့မယ် ဆရာ'

'အေး··· ကောင်းတယ်ကွာ၊ ကောင်းတယ်၊ အားလည်းကိုး ပါတယ်ကွာ၊ ဒီကိစ္စကို ဘယ်သူဘယ်ဝါဆီကိုမှ မပေါက်ကြားပါစေ နဲ့ သိလား'

'စိတ်ချပါ ဆရာရဲ့၊ ကိုင်း··· ကျွန်တော် သွားမယ် ဆရာ၊ ဒီကပြန်ရင် ဆရာပြောတဲ့အတိုင်း ခွံမှီဆန်တစ်တင်း'

'သယ်သွား··· သယ်သွား'

ဗလစိန်အဖို့တော့ သည်ကနေ့လောက် ကံကောင်းသောနေ့ မရှိ။ ဘာကြောင့်ဆို သူ့အိမ်မှာ ဆန်ပြတ်နေသည်မဟုတ်ပါလော။ ခုတော့ဖြင့် အဆင်သင့်လိုက်လေ။

၀

'အဟဲ··· ဟဲ၊ အဟဲ··· ဟဲ···
ငါက···
သူများပြောနေဆိုနေသံကြားတာနဲ့
စကားစကြည်တာပါကွ၊
မင်းရဲ့စကားအသွားအလာကိုထောက်လို့
အိုကေသွားရင်လည်း
အဟဲ··· ဟဲ···'

www.burmeseclassic.com

www.burmeseclassic.com

တကယ့်တကယ်တမ်းကျတော့ မပိုက်ပူနဲ့ အိမ်ထောင်မကျခင် မိန်းမလေးယောက်တိတိ ဗလစိန်အဖို့ အစွံကြီးစွံခဲ့ပြား မိန်းမကျမ်း ကြေးသူတော့မဟုတ်ပါ။ အကြောင်းရင်းခံမသိကြသူတွေကတော့ ဗလစိန်အပေါ် အထင်ကြီးကောင်း ကြီးကြပေမည်။ အကြောင်းရင်းမှန် သိကြသူတွေကတော့ ဗလစိန် အစွံကြီးစွံခဲ့ခြင်းအပေါ် နည်းနည်း ကလေးမျှပင် အထင်ကြီးကြမည်မဟုတ်။ ဘာကြောင့်ဆို ဗလစိန်စွံ ခဲ့သည်ဆိုသေ ၁မြာတွေဆိုတာက မိန်းမကောင်းတွေမှ မဟုတ်ကြ တာကလား။

တစ်ခုလပ်တွေ၊ နှစ်လင်ကွာတွေ၊ မုဆိုးမတွေ၊ ပျံတန်တန် နန့်တန့်တန့်တွေ၊ အရပ်ပျက်တွေ စသဖြင့် တကယ့်ကို ချိကျိုးနားရွက် ပဲ့တွေပဲဖြစ်သည်။ ဒါကြောင့်လည်း စလယ်ဝင်ဖင်မမည်းခင် ဌမ်းခန် ကွဲသွားကြလေသည် မဟုတ်လား။ ချိကျိုးနားရွက်ပဲ့တွေကလည်း နေပူတုန်းအရိပ်ထဲဝင်။ ရင်ပူတော့ ရေအိုးစင်ရှာသလိုသာ သဘောထား ကြသည်မို့ တစ်ဖက်နှင့်တစ်ဖက် ဘာမျှလွမ်းလောက်စရာမရှိခဲ့။ ဆန် ဆုံတော့စား ကံကုန်တော့သွား ဒါပဲမဟုတ်လား။

ခု ဆရာသမားကိုထွားမောင်က သူ့ရာဇဝင်အစစ်အမှန်ကို မသိဘဲ အသားလွတ်အထင်ကြီးကာ တိုးတိုးဖော်လုပ်ရင်း အားအကိုး

www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုးနေပေပြီ။ အားကိုးသည့်အနေနှင့်လည်း တံစိုးလက်ဆောင်လေး တွေပေးလာသည်ဆိုတော့ သူဆန်စားရဲမှုဆိုသည်မှာ ဗလစိန်အတွက် အတော့်ကိုလျော့ကန်သင့်မြတ်သည့် စကားလုံးဝေါဟာရပဲဖြစ်တော့ သည်။

'တော်ကလည်း ဘာတွေနားဝေတိမ်တောင်ဖြစ်နေရတာလဲ'

'ဟဲ့… မဖြစ်ဘဲနေမလား ဗိုက်ပူမရဲ့၊ ငါက သူ့စကားကို မျှော်ပြီး အလိုက်သင့် မြှောက်လိုက် ဖော်လံဖားတာလောက်ပဲတတ် တာ၊ သူမှာစွဲဖို့အတွက်တော့ ဘယ်လိုနည်းလမ်းပေးရမယ်ဆိုတာ မသိ ဘူးဟ၊ အဲဒါခက်နေတာ'

'ဒါများတော် ကျုပ်အစ်မဝမ်းကွဲ အပျိုကြီးဒေါ်သာရွှင်ရှိနေ တာပဲ၊ သူက ဒါမျိုးဘက်မှာဆိုရင် ပြိုင်ဘက်မရှိတဲ့ နှီးတူးတော့၊ သူ ကောင်းကောင်းကြီး အကြံဉာဏ်ပေးနိုင်လိမ့်မယ်'

'ဟုတ်တော့ ဟုတ်တာပေါ့ကွာ၊ ဒါပေမဲ့ ခက်နေတာက မင်းအစ်မကြီးနဲ့ငါက ရင်းနှီးတာ မဟုတ်ဘဲ၊ သွားပြီး အကူအညီ မတောင်းရဲပါဘူးကွာ'

'ဒါဆို ရှင့်ဆရာကိုထွားမောင် ရှင့်ကို မကျေမနပ်ဖြစ်မှာပေါ့'

'အေး… အဲဒါလည်း ဟုတ်တာပဲ၊ ဟူး… ခက်ပါတယ်ကွာ၊ ဘယ်ရေးရေးစက်ကြောင့် မြာမစွဲဂေါ်တွန့်ဥမ်နဲ့ လာတွေ့နေရသလဲ မသိပါဘူး'

'ဒါဆို ကျုပ် တော့်ဆရာကိစ္စအတွက် အစ်မဆီက အကြံ ဉာဏ် သွားတောင်းပေးမယ်၊ တော် ကျုပ်လိုချင်နေတဲ့ ပဒုမ္မာပွင့်ရိုက် တစ်ဝတ်စာ ဝယ်ပေးရမယ်'



'ဟေ… ဒီလိုလည်းဖြစ်တယ်လား၊ အဟား… ဟား… စိတ်ချ၊ စိတ်ချ၊ ငါ့မိန်းမသိပ်လိုချင်တဲ့ ပဒုမ္မာတစ်ဝတ်စာအပြင် မာဆရိုက်ထဘီကိုပါ ဝယ်ပေးဦးမှာ'

'တကယ်'

'နှစ်ကယ်၊ သုံးကယ်၊ လေးငါးကယ်ပါတဲ့ဗျာ'

ဗလစိန် အတော်ကလေး အူမြူးသွားသည်။

အလိုက်သိတတ်သော မယားအလိမ္မာ ဗိုက်ပူမကြောင့် ဆရာ ကိုထွားမောင်၏ အရေးကိစ္စများ ပြေလည်သွားရပေတော့မည်။ ထို အခါဝယ် သူ့အဖို့ အတော်ကလေး မျက်နှာကောင်းရမည်။ အလုပ်၌ လည်း ပစားပေးခြင်းခံရမည်။ ဗလစိန်အဖို့ အပျိုဟိုင်းကြီးဒေါ်သာရွှင် ၏ စွမ်းပကားကို ယုံကြည်သည်။ မိန်းမမည်သော ဣတ္ထိယတို့၏ သဘောကား အကဲခတ်ရခက်၏။ မြစ်တို့၏သဘောကို မြစ်တို့မှသာ နားလည်နိုင်ပေမည်။ သည့်အတွက် အခက်အခဲအကြပ်အတည်းကြားမှ ဆွဲထုတ်ပေးဖော်ရသည့် တော်လေးဝအနွယ်ဝင် မယားအလိမ္မာဗိုက်ပူမ အား ကျေးဇူးများစွာတင်ရပါလေသတည်း။

❀

မန်နေဂျာ ကိုထွားမောင်က တပည့်ကျော်တာလီစာရေး ဗလ စိန်၏ ယင်ခန်းစာအောက်၌ မျောနစ်နေမိတော့သည်။

'ဒီမယ် ဆရာ၊ ဆရာရဲ့အားနည်းချက်တစ်ခုကို ကျွန်တော်မြင် တဲ့အတိုင်း ပွင့်ပွင့်လင်းလင်း ဝေဖန်ပြောဆိုခွင့်ရရင် ပြောချင်ပါတယ် ဆရာ'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ပြောပါကွာ၊ ပြောပါ၊ ပြောပါ၊ မင်း မြင်တဲ့အတိုင်း ပြောလာတဲ့အပေါ် ငါ ဘယ်လိုမှ သဘောမဲ့ထားပါဘူး၊ ကျေးဇူးတောင် တင်ရဦးမှာ၊ အမှားကိုမြင်မှ အမှန်ကိုပြုပြင်နိုင်မယ် မဟုတ်လား၊ ကဲ… ပြော'

'ဟုတ်ကဲ့… ဆရာ့ရဲ့ အဓိကအားနည်းချက်ကတော့ အပေးအကမ်းမရှိတာပဲ၊ ကပ်စေးနည်းကော်တရာဖြစ်နေတာပဲ'

ပစ်မှတ်က တကယ့်ကို ဗဟိုချက်ထိရောက်သွားဟန်တူ၏။

ကျေးဇူးကြီးမားလှပါပေရဲ့ ဒေါ်သာရှင်ခင်ဗျား။ ခင်ဗျားကြီးတို့များ တယ်လည်း ကျွမ်းကျင်ရာလိမ္မာပေသကိုးဟူ၍ ဗလစိန် အသံမထွက်ဘဲ ရေရွတ်လိုက်မိသည်။ ကိုထွားမောင်မှာ ပင်ကိုယ်မာတ်ခံကိုက နှမျောတွန့်တိုခြင်း၊ ကိုယ့်အိတ်ထဲဝင်ပြီးလျှင် မထွက်စေဆိုသောထုံးကို နှလုံးမူထားလေသည်မို့ ရုတ်ခြည်းပင် ခပ်တွေတွေကလေးဖြစ်သွားရသည်။ တပည့်ကျော်ထောက်ပြသောအချက်ကို စဉ်းစားကြည့်လိုက်၏။

'အေး… အေး… ဟုတ်ပ၊ ဟုတ်ပကွာ၊ မင်းပြောသလိုပါပဲ၊ ငါကလည်း မင်းဝေဖန်ထောက်ပြလောက်အောင်လည်း ဟုတ်နေတာကိုး'

'ဟုတ်ပြီ ဆရာ၊ လောကမှာ ရောဂါရှိရင် ဘယ်ရောဂါဆိုတာကို သိဖို့က အရင်အရေးကြီးပါတယ်၊ ရောဂါသိမှလည်း အပ်စပ်တဲ့ဆေးကိုရှာနိုင်မယ် မဟုတ်လား၊ ဒါကြောင့်လည်းပဲ ရောဂါနှင့်ဆေးသင့်အောင်ပေးက ပျောက်ရေးဘယ်မှာ မခက်ပါဆိုပြီး မြဝတီမင်းကြီး ဦးစက ထူးမခြားနားဘောလယ်မှာ ထည့်သွင်းရေးခဲ့တာပဲ'



'တောက်… ပညာရှိလိုက်လေခြင်းကွာ၊ အစက မင်းကို ငါ အဲသလောက်တောင် ထင်မထားဘူး၊ အင်းလေ ဒါကြောင့်လည်းကြီးလွန်းတော့လည်းမဝင်၊ နိမ့်လွန်းတော့လည်း မမြင်လို့ စကားရှိပေတာပဲ၊ ငါ့တပည့်က စာပေရေးရာမှာလည်း နှံ့စပ်ပေသကိုး'

အမှန်မတော့ ဗလစိန်အဖို့ ပါးစပ်ထဲတွေ့ရာကို ပြောကာချလိုက်ခြင်းဖြစ်သည်။ မြဝတီမင်းကြီးဆိုသည်ကို နာမည်သာကြားဖူးသည်။ သူဘာတွေရေးခဲ့သည်ကို ခြေခြေမြစ်မြစ်မသိ။ မာန်သူ့ဖို့ဟန်ကိုယ့်ဖို့အနေအထားဖြင့် လိမ့်ချလိုက်သည်က ကြက်ကန်းဆန်အိုးတိုးသွားခဲ့လေသလား။

'ဆိုတော့ကာ ဆရာ့အနေနဲ့ ကပ်စေးနည်းကော်တရာအလုပ်တွေ ဘေးအသာချိတ်၊ ရေ့လျှောက် လက်ဖွာကြည့်လိုက်စမ်းပါ၊ ဆရာ့အပါး မြာတွေ၊ မဒီတွေ၊ ဖယ်တွေ၊ ဝိုင်းဝိုင်းကိုလည်လို့ ပုတ်တောင်ထုတ်လိုက်ရဦးမယ် သိလား'

'ဟော… အဲသလိုလား'

ကိုထွားမောင်၏ ဖလုတ်ထဲ့မှ တံတွေးက ဂလုခနဲ ရင်ခေါင်းထဲရောက်သွားသည်။ ပြူးကျယ်သောမျက်လုံးအစုံသည် အရောင်တွေတောက်ပလာလေ၏။ နှုတ်ခမ်းသားတွေကိုလည်း လျှာဖြင့်တသိမ်းသိမ်း။

'အဟိ… ဟိ… မင်းပြောပုံအရဆို တကယ့်ကို အားရစရာကြီးပါပဲလား ဗလစိန်ရာ၊ အေး… ရေ့လျှောက် လက်ဖွာဖို့ ဆိုတာကတော့ ဟုတ်ပါပြီ၊ ဘယ်လိုမျိုး လက်ဖွာရမှာတဲ့တုံး၊ စော်ကြာ ထင်သာထင် မဝင်ဘူးကျောင်းအစ်မတို့ ပိုးသာကုန် မောင်ပုံစေ့ဝေးမတတ်တို့ ဖွတ်မရ ဓားမဆုံးတို့ ဖြစ်နေရင် မခက်ပါလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ဆရာကတော့လေ စိတ်တောင်မတိုက်ရသေးဘူး၊ မြားကုန်မှာ ဓားသားတွေပဲ့မှာကို တွေးပူနေတယ်၊ သည်အတွေးဝင်နေရင် ဘယ်တော့မှ စစ်သူကြီးကောင်းဖြစ်မှာမဟုတ်ဘူး၊ လောကဓမ္မတာအရ အသွားရှိမှ အပြန်ရှိဆိုတာရှိတယ်၊ အလျှားရှိမှ အနံဆိုတာရှိတယ်၊ ဆရာ့အနေနဲ့ ပေးပါမှ ပြန်ရတာတွေရှိတော့မပေါ့'

'တောက်… မှန်လိုက်လေကွာ၊ ကြည့်စမ်း၊ ငါ ဘာမှမတွေးမိတာတွေ၊ အင်းလေ ဒါကြောင့်လည်း ပေးကမ်းခြင်းသည် အောင်မြင်ရာ၏ဆိုတဲ့ စကားရှိပေတာပဲ'

'ဟဲ… ဟဲ… ဒါဆို ဆရာဒိုးမဝေးတော့ဘူး၊ သဘောတော်တော်ပေါက်လာပြီ၊ အဲသည်သဘောတရားကို လက်ကိုင်ထားပြီး စခန်းသွားမယ်ဆိုရင် ဥစ္စာနေ ပေါပြည့်ဝလျှက် လက်ကဖွာဖွာ ပေးကမ်းပါမူ လိုရာဆန္ဒအပြီးရလိမ့်ဆိုတဲ့ ကဝိလက္ခဏာသတ်ပုံကျမ်းအရ ဆရာတော့ အောင်မြင်ဖို့ရာ ကျိန်းသေပြီ'

'ဟုတ်ပါပြီ ဗလစိန်ရယ်၊ လက်ဖွာဖို့ရာကတော့ ဟုတ်ပါပြီ၊ ဘယ်လိုဘယ်ပုံ လက်ဖွာရမှာလဲဆိုတာကိုကော လုပ်စမ်းပါဦး'

သည်တော့ ဗလစိန် ဦးနှောက်ထဲ ဒေါ်သာရွှင်ပို့ချပေးလိုက်သော သင်ခန်းစာများ ရှိမရှိ ဆန်းစစ်ကြည့်လိုက်၏။ ရှိပါသည်ကော။ ရှိသည်ကော။

'ဖွာပုံဖွာနည်းက ဒီလိုရှိပါတယ် ဆရာ'

'အေး… ဟုတ်ပြီ'

'ဆရာ့အနေနဲ့ ကောင်မလေးတစ်ယောက်ကို ကြိုက်နေပြီဆိုပါတော့၊ သူနဲ့ရင်းနှီးမှုမရှိသေးခင် သူ့အပေါ် သွားဖွာလိုက်လို့ကတော့



ပေါ်တင်ကြီးကျသွားမယ်၊ ချက်ချင်းလန့်သွားနိုင်တယ်၊ သည်တော့ စကားလည်းအရှိသားပဲ၊ အသီးလိုချင်ရင် အပင်ကိုချိုင်ရမယ်ဆိုတာလေ၊ ဆိုလိုတာကတော့ ဆရာရယ် အဲသည်ကောင်မလေးနဲ့ ရင်းနှီးပတ်သက်မှုရှိတဲ့ အကျွမ်းတဝင်အရှိဆုံးဖြစ်တဲ့သူတစ်ယောက်ယောက်ကို ရက်ရက်ရောရော လက်ဖွာလိုက်မယ်ဆိုရင် အဲသည်လူဟာ ဆရာ့အတွက်တော့ သူ့လူကိုယ့်ဘက်သားဖြစ်ဖို့ သေချာသွားပြီ'

'ရွှေ နိုပ်လိုက်လေကွာ၊ မင်းပြောတာ တကယ့်ကို မငြင်းနိုင်တဲ့အချက်တွေပဲ၊ ဒီတော့ နေရာတကာ ကပ်စေးနည်းနေလို့မဖြစ်ဘူးဆိုတာ ဟုတ်တာပ၊ ဩော်… ဒါနဲ့ ပြောလက်စနဲ့တော့မထူးပါဘူးကွာ၊ တို့ဆန်စက်မှာ ကူလီခေါင်းလုပ်နေတဲ့ တက်တူတို့အိမ်ကို ရောက်နေတဲ့ တက်တူရဲ့ခယ်မလေးက တော်တော်ချောတယ်ဆိုပဲ၊ ငါတော့ တစ်ခါမျှ မမြင်ဖူးဘူး၊ မင်းကော မြင်ဖူးတွေ့ဖူးသလား'

'ဟာ… မမြင်ဖူးမတွေ့ဖူးဘဲ ဘယ်နေပါမလဲ၊ တက်တူရဲ့မိန်းမ မပေါ့မပါးဖြစ်တယ်ဆိုကတည်းက ကူဖော်လောင်ဖက်ရအောင်ဆိုပြီး တက်တူတို့အိမ်ကို ရောက်နေတာဆရာရဲ့၊ ချောချက် လှချက်ကတော့ ကျွန်တော်တို့မြို့ငသေလာနဲ့တောင် လုံးဝကိုမအပ်စပ်ပါဘူး ဆရာရယ်'

'အောင်မယ် အပြောတော်တော်ကောင်း၊ ဟုတ်မှဟုတ်ပါ့မလားကွာ'

'အောင်မလေး ဆရာ့တပည့်လေ၊ ဟုတ်တာပြောရင် ဥစ္စာပေါပါစေ၊ မဟုတ်တာပြောရင် သမုဒ္ဒရာမျောပါစေရဲ့၊ ရုပ်ရည် ရူပကာချောရုံတင်ဆိုရင် ဘာဟုတ်ဦးမှာလဲ ဆရာ၊ ကိုယ်လုံးကိုယ်ထည်

www.burmeseclassic.com

www.burmeseclassic.com



ကလည်း အပျံစား၊ မယ်ရွေးပွဲဝင်ရင် ကျိန်းသေကို မယ်ဘွဲ့ရလောက်တယ်၊ ကျွန်တော့်အိမ်က ဗိုက်ပူမနဲ့တော့ မိုးနဲ့မြေ၊ ဆီနဲ့ရေ အများကြီးကိုကွာပါတယ် ဆရာ၊ အဟဲ··· ဆရာ့အနေနဲ့ သည်လိုမျိုး စကားစလာပုံထောက်တော့ ဆရာ့အနေနဲ့ တက်တူရဲ့ခယ်မကလေးကိုများ'

'အဟဲ··· ဟဲ···၊ အဟဲ··· ဟဲ၊ ငါက သူများပြောနေဆိုနေသံကြားတာနဲ့ စကားစကြည့်တာပါကွ၊ မင်းရဲ့စကားအသွားအလာကိုထောက်လို့ အိုကေသွားရင်လည်း အဟဲဟဲ··· အဟဲ··· ဟဲ···'

'သည့်အတွက်တော့ မပူပါနဲ့ ဆရာ၊ ပေးကမ်းခြင်းသည် အောင်မြင်ရာ၏ဆိုတဲ့အတိုင်းပေါ့၊ သူတို့အိမ်ထောင်စုမှာ တက်တူက အဓိကပဲ၊ ဘာကြောင့်ဆိုတဲ့ အိမ်ထောင်စုရဲ့ စားဝတ်နေရေးကို ဒီကောင်ကြီး တက်တူကပဲ ရှာဖွေလုပ်ကိုင်ကျွေးမွေးနေရတာ မဟုတ်လား'

'ဒါပေမဲ့ ပြေပြေလည်လည်ကြီးတော့ မဟုတ်ရှာပါဘူး ဆရာ၊ ခယ်မတစ်ယောက်တိုးလာတော့ စားသောက်မယ့်ပါးစပ်တစ်ပေါက် တိုးလာတာပဲ မဟုတ်လား'

'အိုကွာ တက်တူနှယ် လူတစ်ယောက်ကို ကျွေးမွေးရတာဘယ့်ကလောက်ကုသိုလ်ရတယ်ဆိုတာ မသိဘူးလား'

'ဒါကတော့ ဆရာရယ်၊ တက်တူက ဆရာ့လို လခကောင်းကောင်းမှ မရတဲ့ဥစ္စာ၊ ဆင်လည်းဆင့်အထွာ၊ ကြွက်လည်းကြွက်အထွာအတိုင်း ပူရပင်ရတာပဲပေါ့၊ ကျွန်တော့်ကိုတောင် ပြောပါသေးမိန်းမမျက်နှာကြောင့် တင်ကျွေးထားရတာတဲ့၊ ရတဲ့လခနဲ့ မပြေလည်



ဘူးတဲ့၊ သူ့ခယ်မ ယောကျ်ားရသွားလည်း အကောင်းသားတဲ့ ဆရာရဲ့'

သည်စကားကြားရတော့ ဆရာကိုထွားမောင်၏ မျက်နှာပြုံပြုံကြီးက လက်ခနဲဝင်းထိန်သွားခဲ့သည်။ သည်စကားသည် သူ့အတွက်တော့ မင်္ဂလာသတင်း။

'ဒီတော့ ဆရာရယ် ဆရာ့အနေနဲ့ တက်တူအပေါ် ရက်ရက်ရောရော လက်ဖွာကြည့်စမ်းပါ၊ ကျွန်တော်ကလည်း ဆရာ့ဘာကြောင့်စေတနာကောင်းရတယ်ဆိုတာကို ဘေးတီးပေးမှာပေါ့၊ ဒီတော့ ဒီကောင်ကြီး ဆရာမှ ဆရာဖြစ်လာပြီး သူ့ခယ်မကို ဆရာ့ဆီထိုးအပ်မှာ မြင်ယောင်သေးတော့တယ် ဆရာ'

ဆရာကိုထွားမောင်ရင်ထဲ 'အာဟ··· အာဟ··· ငါကွ၊ ငါကွ'တွေဖြစ်လာရသည်။

'ငါတော့ကွာ၊ မင်းနဲ့တွေ့တာ တကယ့်မြားနတ်မောင်နဲ့ တွေ့လိုက်ရသလို သိပ်ဝမ်းသာတာပဲကွာ'

'ဝမ်းသာရမှာပေါ့ ဆရာရယ်၊ ဝမ်းသာရမှာပေါ့၊ နောက်ရက်ကျရင် ကျွန်တော် ဘာလိုလို ညာလိုလိုနဲ့ တက်တူကို ဆရာ့ဆီလွှတ်လိုက်မယ်၊ အဲဒီအချိန်မှာ ဆရာ့ရဲ့လက်ဖွာမှု ပေးကမ်းမှုတွေနဲ့ အောင်မြင်ရာအောင်မြင်ကြောင်းတွေ အပြတ်စည်းရုံးလိုက်ပေါ့၊ ဟုတ်ဖူးလား'

'ဟုတ်တယ် ဗလစိန်၊ ကျေးဇူးတင်တယ်ကွာ၊ မင်း အိမ်ပြန်ရင် မင်းအိမ်မှာမွေးထားတဲ့ ကြက်တွေကျွေးဖို့ စကွဲတစ်အိတ်ယူသွား ဟုတ်ပြီလား'

www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးကြီးလှပါတယ် ဆရာရယ်'

'ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပေါ့ကွာ၊ အဟဲ… ဟဲ'

အဆိုပါညနေ၌ ဗလစိန်လည်း ဝမ်းသာအားရဖြင့် အလုပ်သမားတစ်ယောက်ကိုခေါ်ကာ စကွဲတစ်အိတ်ကို မချသွားပါလေတော့သတည်း။

၏

'ဒီကောင်လိုတာက
ငါးထောင်တည်းပါ
ဒါပေမဲ့… သူ့ခယ်မချောလေး
မြှနင်းဆီရှိသေးတယ် မဟုတ်လား
မြှနင်းဆီကလေး
မျက်နှာမငယ်ရအောင်လို့ဆိုပြီး
ငါးထောင်ထပ်တိုးလို့
တစ်သောင်းတောင် ဖွာလိုက်တယ် ဗလစိန်'

www.burmeseclassic.com

www.burmeseclassic.com

တပည့်ကျော် ဗလစိန် မည်သို့များ ဇာတ်ကွက်ဆင်၍ တွန်းပို့လုပ်လိုက်လေသည်မသိ။

နောက်နှစ်ရက်လောက်ကြာတော့ ကုလီခေါင်းတက်တူတစ်ယောက် မျက်လုံးလေး ပေကလပ် ပေကလပ်နှင့် ဆရာကိုထွားမောင်၏ မန်နေဂျာစားပွဲနားသို့ မယောင်မလည်နှင့် ရောက်လာသည်။ ဟိုးခါတိုင်းလိုဆိုလျှင်ဖြင့်…

'ဟေ့ကောင် တက်တူ ဘာကိစ္စရှိလို့ ငါ့အခန်းထဲ ဝင်လာရတာလဲ၊ ကိစ္စမရှိဘဲနဲ့ အသလွတ်စွတ်မဝင်လာနဲ့၊ ဒီမှာ စာရင်းဇယားတွေ၊ ငွေကြေးတွေထားတဲ့အခန်း၊ သွားကွာ သွားစမ်း၊ ငါ မခေါ်ဘဲနောက်ကို ဒီလိုမျိုး ဝင်လာလို့ကတော့ အသိပဲ'

ဟူ၍ ဘီလူးကြိမ်းကြိမ်းလိုက်မည်မှာ သေချာသည်။

ခုတော့ သည်အမူအကျင့်တွေ ကိုထွားမောင်မှာ မရှိတော့။ တပည့်ကျော် သင်ကြားပေးသည့်အတိုင်း နူတ်ချို သျှိုတစ်ပါး ဖြစ်ရပေမည်ပေါ့။

'ဟား… မောင်တက်တူပါလား၊ လာကွာ၊ လာ… လာ၊ ဆရာ့စားပွဲရှေ့က ကုလားထိုင်မှာ ထိုင်'

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းဆိုလျှင် သည်မန်နေဂျာအခန်းသို့ ဝင်လေတိုင်း မတ်တပ်ချည်း ရပ်၍နေရစမြဲ။ ခုတော့ အလွန်မတန်ကို အရေးတယူရှိလှပါဘိ။ တက်တူလည်း မထိုင်ဝံ့ဝံ့ ထိုင်ဝံ့ဝံ့ဖြင့် ထိုင်ချလိုက်သည်။

'ကဲ… ဆရာ့ကို ဘာများပြောစရာရှိလဲ၊ ပြောစရာရှိတာ ရဲရဲသာပြော'

'ဟို… ဟို… ကျွန်တော့်မိန်းမ မီးဖွားဖို့ရာအတွက် မြို့ဆေးရုံကို သွားဖို့ရာ ခွင့်တစ်ပတ်လောက်'

'အို… ခွင့်တစ်ပတ် ဟုတ်လား'

'ဟုတ်ပါတယ် ဆရာ၊ ကလေးက သားဦးဆိုတော့ အရပ်လက်သည်တွေက ပိုပြီးစိတ်ချရအောင် မြို့ဆေးရုံသွားသင့်တယ်လို့ ပြောကြပါတယ် ဆရာ'

'မှန်တာပေါ့ကွာ၊ ယောက်ျားဖောင်စီး မိန်းမမီးနေတဲ့၊ မိန်းမသားများ အိမ်ထောင်ရက်သားကျတဲ့အခါ မီးဖွားတော့မယ်ဆိုရင် သိပ်ကို ဂရုစိုက်ရတယ်ကွ'

'ဟုတ်ပါတယ် ဆရာရယ်၊ ဒီလောက်ခွင့်ရက်ယူဖို့ရာ ပထမတော့ မပြောရဲဘူး ဆရာ၊ ကိုဗလစိန်က ပြောသာပြောပါ၊ ဆရာဟာ အရင်လိုမဟုတ်တော့ဘူး၊ တရားစခန်းတွေ ဘာတွေဝင်ပြီးနောက်ပိုင်း စိတ်ထားအင်မတန်နူးညံ့ပြီး တစ်ဖက်သားကို အင်မတန် ကရုဏာကြီးတာကွလို့ ဆိုတာနဲ့ ဆရာ့ဆီ မဝံ့မရဲနဲ့ လာခဲ့တာပါ ဆရာ'

ဆရာကိုထွားမောင်စိတ်ထဲ တယ်လည်းဘေးတီးကောင်းတဲ့ ဗလစိန်ပါပဲလား ဟရို့။ တပည့်ကောင်းတော့ ဆရာအာပါတ်လွတ်ပေတာပေါ့ဟု တွေးလိုက်မိပေ၏။



'ဒါပေါ့ကွာ၊ ဒါပေါ့၊ ဘယ်ခါမဆို အခြေအနေတွေဆိုတာက သူ့သဘောနဲ့သူ လိုက်လျောညီထွေစွာ ပြောင်းလဲတတ်ကြတယ်မဟုတ်လား၊ မနေ့ကတွေ့တဲ့လူနဲ့ ဒီကနေ့တွေ့တဲ့လူတောင် တူမှတူကြတာ မဟုတ်ဘဲ၊ လူတိုင်းလူတိုင်းမှာ ကိစ္စဝိစ္စဆိုတာ ရှိကြစမြဲပေါ့၊ ဒါကြောင့် လူ့တစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋ္ဌေဆိုတဲ့စကား ဖြစ်လာရတာပေါ့၊ နေပါဦး မင်းကြည့်ရတာ ခုတလော ချောင်ကျသွားသလိုပဲ'

'ချောင်ကျဆို အိမ်မှာက စားမယ့်သောက်မယ့်သူ တိုးလာတဲ့ ကူလီခေါင်းအလုပ်အပြင် ရွာထဲမှာ ဘောက်အလုပ်ပေါ်ရင်လည်း လုပ်ရတာမို့ပါ၊ ကျွန်တော်တို့ဘဝက လက်အင်မတန်လုပ်နိုင်ပါမှ ပါးစပ်ပုံမှန်လုပ်ရမယ့် ဘဝမျိုးမဟုတ်လား'

ငနဲကလည်း အလာသား။

စကားအပြောအဆိုကလည်း မခေလှ။ ကြိုက်သပေါ့။ ဒါမျိုးဆို ကြိုက်သပေါ့။ ဟလာသည့် မြှုံးထဲ ဝင်တိုးလာလေ ဆရာကိုထွားမောင်တို့က ကြိုက်လေပင်။

ကိုင်း… မောင်တက်တူ ဆရာ့ကို ဘာမှအားမနာနဲ့၊ မင်းတို့ငါတို့ဆိုတာ ဟောဒီဘောဂဗလဆန်စက်ကြီးမှာ အလုပ်လုပ်ကြရသူတွေပဲ၊ သည်တော့ ကိုယ့်ချင်းကိုယ့်ချင်း အခက်အခဲတွေရှိလာရင် ပြောင်ပြောင်တင်းတင်းသာပြော၊ မင်းတို့နဲ့ ပတ်သက်ရင် ဆရာ့မှာ တာဝန်တွေအများကြီးရှိတယ်၊ ကူညီဖို့ရာလည်း အဆင်သင့်ပဲ'

ငနဲသား၏ မျက်နှာမှာ ညှိုးညှိုးငယ်ငယ်အသွင်မှ လန်းလန်းဆန်းဆန်းကြီးကော်ယန်းဖြစ်၍သွားသည်။

'ဒါဆိုရင်တော့ ကျေးဇူးအများကြီးတင်ပါတယ် ဆရာ၊ မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



ကို ဆေးရုံပို့ဖို့ရာအတွက် ကျွန်တော့်ရှိတဲ့ငွေက အင်မတန်နည်းပါတယ်၊ ပြီးတော့ ကျွန်တော့်ခယ်မကလည်း သူ့အစ်မကို ပြုစုဖို့လိုက်ခဲ့ဦးမှာ ဆရာရဲ့၊ သည်တော့ ကုန်ကျမယ့်စရိတ်စကဆိုတာ နည်းမှာမဟုတ်ဘူး၊ ဒီတော့ ကျွန်တော့်ကို ငွေငါးထောင်လောက်လှည့်ပါဆရာရယ်၊ ကျွန်တော် ပြန်ရောက်တဲ့အခါ အလုပ်လုပ်ရင်း ဖွဲ့ဆပ်ပါ့မယ်၊ မယုံရင် အိမ်နဲ့ခြံနဲ့ ပေးထားပါ့မယ်’

‘အိုး… ဟိုး… ဟိုး… မလိုပါဘူးကွာ၊ ဆရာ မင်းကို ယုံပါတယ်၊ ကူညီဖို့ရာ ဝတ္တရားလည်းရှိပါတယ်၊ ခုဟာက မင်းတို့ လင်မယားတင်မကဘူး၊ မင်းရဲ့ခယ်မ ဘယ်သူ’

‘မြနှင်းဆီတဲ့ ဆရာ’

‘အေး… မြနှင်းဆီလေးလည်း ပါမှာဆိုတော့ အစစအရာရာ မှာ မျက်နှာမငယ်ဖို့ အရေးကြီးတယ်၊ သူက အပျိုကလေးမဟုတ်လား’

‘ဟုတ်ပါတယ် ဆရာရယ်’

‘ဒီတော့ ငါးထောင်လောက်လုပ်မနေနဲ့၊ တစ်သောင်းပေး လိုက်မယ်၊ မြနှင်းဆီလေး စားချင်တာကျွေး၊ ဝတ်ချင်တာဝယ်ပေး၊ လိုချင်တာတွေဝယ်ပေး၊ အဲ… ငါက စေတနာနဲ့ ကူညီတာလို့ ပြော လိုက်ဦးနော်’

‘ဟာ… ဒါတော့ စိတ်ချ၊ ကျွန်တော့်ခယ်မက အဲသည် အကြောင်း သိလိုက်ရလို့ကတော့ ဆရာ့ကိုရှိတောင်ခိုးဦးမှာ ဆရာ၊ ကျွန်တော်လည်း သူ့အတွက် စိတ်မချဖြစ်နေတာ၊ ဆရာတို့လို သဘော ကောင်း မနောကောင်းတဲ့သူနဲ့ဆိုရင်’

ဆရာကိုထွားမောင်ရင်ထဲ တဒိန်းဒိန်းဖြစ်နေပါချေပြီ။ တက်



တူ၏ စကားအသွားအလာကြောင့်လည်း တပည့်ကျော်ဗလစိန် သင် ကြားပေးသည့်အတိုင်း လက်ဖွာရကျိုးနပ်တော့မည်မှန်း ရိပ်စားလိုက်မိ တော့၏။

တက်တူလည်း ဆရာကိုထွားမောင် ထုတ်ပေးလိုက်သော ငွေတစ်သောင်းကြောင့် ဝမ်းသာလုံးဆို့ကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရင်းမှ ကျေးဇူးစကားကို အထပ်ထပ်ဆိုရင်း မန်နေဂျာအခန်းအတွင်း မှ ထွက်သွားပါလေတော့သတည်း။

၆

ဆရာကိုထွားမောင်ကား ပြုပြုသမျှ ကုသလအတွက် ကြည် နူးမဆုံး တပြုံးပြုံးဖြစ်လျက်…။

‘မြနှင်းဆီကို ငါယူမယ် ××× ဟေ့ ××× အလှအဆင်း အပ် ××× သူကလည်း ကျွန်မ မငြင်းပြီတဲ့ (အို ဘာတဲ့) မြနှင်းဆီ ××× ငါယူမယ် ××× ငါယူမယ်××× တူနှယ်တူနှယ်××× တဲ့နယ် ××× တဲ့နယ်××× ဗြောင်×××’

ဟူသောမည်သည့်တေးသွားမှန်းမသိ သူ့ဘာသာသူ စာသား သွတ်လျက် အောက်ကလိအာအသံကြီးဖြင့် ပေါင်ကိုတဖျတ်ဖျတ်ပုတ် ရင်း သီချင်းဟစ်ကြွေးနေလေသည်။ ထိုအခိုက် ၄င်းထံသို့ တပည့် ကျော် ဗလစိန်ဝင်လာလေ၏။

‘ဘယ်နှယ်လဲ ဆင်ချောရဲ့ မဟုတ်လား ဆရာ’

‘ချောမှချော၊ ပြေမှပြေပါ့ပဲ ဗလစိန်ရာ၊ ပြေတာမှ အစင်း အစင်း မုန့်တီဟင်းကဲ့သို့ ကွင်းကွင်းကြီးကို ပြေသွားတာ’

‘ဒါ့ထက် တက်တူကို ဘယ်လောက်လက်ဖွာလိုက်သလဲ ဆရာ’

www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင်လိုတာက ငါးထောင်တည်းပါ၊ ဒါပေမဲ့ သူ့ခယ်မချောလေး မြနှင်းဆီရှိသေးတယ် မဟုတ်လား၊ မြနှင်းဆီကလေး မျက်နှာမငယ်ရအောင်ဆိုပြီး ငါးထောင်ထပ်တိုးလို့ တစ်သောင်းတောင် ဖွာလိုက်တယ် ဗလစိန်'

'ဟ… နည်းမှမနည်းပါပဲလား ဆရာရယ်'

'အိုကွာ၊ ကိစ္စမရှိပါဘူး၊ ပေးကမ်းခြင်းဆိုတာ အောင်မြင်ရာအောင်မြင်ကြောင်းအတွက်ပဲ မဟုတ်လား'

'ဒါဆိုရင် ဆရာတော့ မကြာခင် အိုသေ (အဲ) အိုကေတော့မယ်'

'အဟဲ… ဟဲ… အဲဒါ မင်းကျေးဇူးကွ၊ မင်းကျေးဇူး'

'ကျွန်တော် ပြောပါဦးမယ် ဆရာ၊ အဲဒီမှာ ငွေကြေးလက်ဖွာရုံနဲ့ မပြီးသေးဘူး ဆရာရဲ့၊ ဆရာ့ ကောင်မလေးအတွက် လက်ဖွာတာ ဟုတ်မဟုတ် ကောင်မလေးသိဖို့ အရေးကြီးတယ်၊ မတော်လို့ တက်တူက ဆရာဖွာလိုက်တာလို့ မပြောဘဲ သူ့ဘာသူ တခြားကဖန်တီးခဲ့တယ်လို့ အာလိုက်ရင် ဆရာ့လက်ဖွာမှုတွေဟာ ရေထဲခဲပစ်သလိုဖြစ်သွားမှာပေါ့'

'ဟာ… ဟုတ်ပေသားပဲ၊ ဒါဆိုရင် ငါ… ငါ… ဘာလုပ်ရမလဲ ဗလစိန်၊ လုပ်စမ်းပါဦးကွာ'

'မပူပါနဲ့ ဆရာရယ်၊ ဒါတွေကို ဆရာ့တပည့် ဗလစိန်က ကြိုတွေးပြီးသားပါ'

သည်စကားကြားရတော့မှ ကိုထွားမောင် ရင်ထဲကအလုံးကြီးကျသွားရတော့သည်။ သို့မဟုတ်ပါက ရွှေကုန်သည်ပြဇာတ်ထဲကလိ



မပေးပေး ပေး ကျုပ်ရွှေခွက်ပေး ဆိုသည့်ကိန်း ဆိုက်သွားပေလိမ့်မည်။ သည်လိုတပည့်မျိုးရလာသည့် ကိုသိလ်သည် နည်းနည်းနောမှ မဟုတ်ပါကလား။

'ကိုင်း… ပြောကွာ၊ ငါ ရှေ့ဆက် ဘာလုပ်ရမလဲ'

'အင်း… ဘာလုပ်ရမလဲဆိုတော့ ဒီကောင်တွေ နောက်ရက်မြို့တက်တဲ့အခါ ရက်နည်းနည်းခြားပြီး ဆရာလည်းလိုက်သွားပေါ့၊ ကိစ္စနဲ့မြို့ကိုတက်ရင်းကနေ သတင်းမေးလာတဲ့အကြောင်း ပေးလိုက်တဲ့ငွေနဲ့ အဆင်ပြေမပြေအကြောင်း ပြောဆိုရင်းက ကောင်မလေး အထင်မကြီးကြီးအောင် ပြောပေါ့၊ ဒီတော့ တက်တူလည်း မနေနိုင်တော့ဘဲ ဆရာနဲ့ သူ့ခယ်မလေးကို လော်တော့မှာပဲ'

ခဏကလေးနဲ့ ဆရာ့လိုဘပြီးပြည့်စုံတော့မှာမို့ တက်တူရဲ့ မိန်းမ မွေးလာမယ့်ကလေး ခေါင်းဆေးကင်ပွန်းတပ်ပြီး သိပ်မကြာ ဆရာနဲ့မြနှင်းဆီတို့ရဲ့ အာဝါဟ ဝိဝါဟမင်္ဂလာပွဲကြီး ဗုံချီးဗွာ ကျင်းပရတော့မှာပေါ့'

'အဟေး… ဟေး ဟုတ်သကွာ၊ နိပ်လည်းနိပ်သကွာ၊ မင်းတော်တယ်ဟေ့၊ သိပ်ကိုတော်တယ်၊ မင်းပြန့်ရင် ကောက်ညှင်းဆန်တစ်ခွဲယူသွားချေ'

'အဟီး… ဟီး… ဆရာက ပြောမယ်လို့ပြောတာမဟုတ်ဘူး၊ သိပ်ကို စိတ်သဘောထားနူးညံ့ပြီး စာနာစိတ်အင်မတန်ကြီးတာပဲ'

'အဟဲ… ဟဲ… ပေးကမ်းခြင်းသည် အောင်မြင်ရာပဲ မဟုတ်လား ဗလစိန်ရ'

'ဟုတ်ပ… ဟုတ်ပ'

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညနေက ဆန်စက်မှ အပြန် ဗလစိန်၏ လက်ထဲမှာ အိတ်တစ်အိတ်။ ထိုအိတ်ကား ကောက်ညှင်းဆန်ပါသော တစ်ခွဲအိတ်။

လောကကြီးက ဘယ်သူတွေဘာမျှ မပြောသော်ငြား သူ့ဟာနှင့်သူကျတော့လည်း အချိန်တန်ပြီဆိုမှဖြင့် ပြီးကိုပြီးသွားလေပြီ တကား။

❁

'ဘယ်လိုရမလဲ
ဒီကောင်
သူ့မိန်းမ မိးတွားဆို့
မြို့ဆေးရုံသွားရမယ်ဆိုတာ အလကား။
သူ့မိန်းမက မွေးဆို့
နှစ်လလောက် လိုသေးတယ်
ခုထိ ရွာမှာပဲ ရှိနေတယ်
အဲ...ရွာမှာမရှိတာက
တက်တူတို့ပဲ'

www.burmeseclassic.com

www.burmeseclassic.com

ဗလစိန်အဖို့ သူ့ဆရာကိုထွားမောင်ထံမှ ရလာသော ပစ္စည်းလက်ဆောင်များကို သူတစ်ဦးတည်းစားသည်မဟုတ်။ ဇနီးသည် အလိမ္မာမကြီးဗိုက်ပူမ၏ စီမံခန့်ခွဲမှုဖြင့် နောက်ကွယ်ရာမှ ညွှန်ကြားချက်များထုတ်ပြန်နေသူ တကယ့်အကျိုးတော်ဆောင်ကြီး ဒေါ်သာရှင်ကိုလည်း ခွဲဝေပေးရသည်။ ပေးမည်ဆိုလည်း ပေးထိုက်လှပေသည်။ ဒေါ်သာရှင်ပေးသော အကြံကို တစ်ဖက်လှည့်နှင့် ဗလစိန်က သူပေးသောအကြံလိုလို ဘာလိုလိုနှင့် မှိန်းကာ ဆရာသမား၏ အထင်ကြီးမှုအား လူပေါ်လူဇော်လုပ်၍ ခံစားနေခဲ့လေ၏။

ခုဆိုလျှင် ဗလစိန်တို့ မန်နေဂျာဆရာ ကိုထွားမောင်၏ စိန်နားကပ်အရောင်ဖြင့် ပါးပြောင်နေလေပြီ။ လုပ်ငန်းခွင်မလည်း သူ့အား ဆရာကိုထွားမောင်က ပစားပေးမှပေး။ သည်ဆန်စက်၌ အရေးပါအရာရောက်ဆုံးလူသည် မန်နေဂျာကိုထွားမောင်ပြီးလျှင် ဗလစိန်ရယ်ပါတည်း။ လုပ်ငန်းခွင်အဆင်ပြေပြီဆိုတော့ ဗလစိန်အဖို့ ဘာလုပ်လုပ် ဘာကိုင်ကိုင် လေကလေးတချွန်ချွန်နှင့်။

သည်လိုနှင့်… ဇာတ်မနက်ခင်း

'ဟော့ကောင် ဗလစိန်၊ ငါ့ဆီကို လာခဲ့စမ်း၊ လာဆို အမြန်လာခဲ့'

အသံက မာကျောကျော။

www.burmeseclassic.com

www.burmeseclassic.com



အသံရှင်ကား မန်နေဂျာ ကိုထွားမောင်မှ ကိုထွားမောင်ရယ် ပါတည်း။ အသံက မာမာကျောကျောဆိုတော့ ဆရာကိုထွားမောင်မှ ဟုတ်ပါလေစဟု ဗလစိန် သံသယဖြစ်မိပါသေး၏။ သို့သော် သံသယကား ခဏကလေးနှင့် ကြေပျက်သွားခဲ့၏။

မှန်၏။ အသံပိုင်ရှင်ကား မန်နေဂျာကိုထွားမောင်ပါတည်း။

ဘာများအရေးပေါ်လာပါလိမ့်ဟူသောစိတ်ဖြင့် ဗလစိန် မန်နေဂျာ ရုံးခန်းအတွင်းသို့ ဝင်လာခဲ့၏။ မာကျောသောအသံကြောင့် လေချွန်ခြင်းအမှုကို ခေတ္တခဏရပ်တန့်လိုက်ရသည်။ စားပွဲခုံအနောက်ဘက် ကြိမ်ကုလားထိုင်မှာတော့ ဆရာကိုထွားမောင်၏ မျက်နှာက ရှစ်ခေါက်ချိုး ပြီးတော့ ရှုတည်တည် အောက်သိုးသိုး။

'ဘာကိစ္စရှိပါသလဲ ဆရာ၊ ကျွန်တော့်ကို အမိန့်ရှိပါ'

'ဘာမှအမိန့်ရှိစရာမလိုဘူး၊ ဒီကိစ္စတွေဟာ မင်းအကြံပေးကောင်းလို့ ဖြစ်ရတာချည်း'

ဘာတွေနည်း...။

ဘာတွေတဲ့နည်း...။

အသားလွတ် ဘလာချိုကြီးတွေပြောနေ၍ ဗလစိန်နားမလည်။

'ဘာတွေဘယ်လိုဖြစ်နေတာလဲ ဆရာရယ်၊ ကျွန်တော်တော့ ဘာတွေကိုဘယ်လိုမှ နားမလည်တတ်တော့ဘူး'

'အို... မင်းဘာသာမင်း နားလည်လည် မလည်လည် ငါနဲ့ မဆိုင်ဘူး၊ ငါနဲ့ဆိုင်တာက တက်တူဆီပါသွားတဲ့ ငွေတစ်သောင်းပဲ၊ အဲဒါကို ပြန်ရအောင် မင်းကြံဖန်ပြီး ဖန်တီးပေး'

'ဟာ... ဆရာရယ်၊ အဲဒါက ဆရာနဲ့တက်တူရဲ့ကိစ္စလေ၊ တက်တူကို ဆရာက သိပ်ကူညီချင်တယ်ပြောတော့ ဟိုက ငါးထောင်



ချေးတယ်၊ အဲဒါကို ဆရာက သူ့ခယ်မအပေါ် မှန်(အဲ) စေတနာတွေ ရေစီးကမ်းပြိုလိုက်ပြီး ငါးထောင်အစား တစ်သောင်းကို ကျေကျေနပ်နပ် လက်ဖွာလိုက်တဲ့ဥစ္စာပဲ၊ ကျွန်တော်က သည်လွှေသည်မျှ လက်ဖွာလိုက်ပါလို့ ပြောခဲ့တာမှ မဟုတ်ဘဲ'

'ဟေ့ကောင်... ဗလစိန်၊ စကားကို ဝေ့နေဝိုက်မနေနဲ့၊ ငါ ဘာမှနားမလည်ဘူး၊ ငါနားလည်တာက မင်းအကြံပေးတဲ့အတိုင်း လက်ဖွာလိုက်မိတာပဲ၊ မင်းသာ အကြံမပေးရင် ငါ အထုပ်အထည်နဲ့ စုထားတဲ့ငွေတစ်ပြားမှ ပွန်းမှာမဟုတ်ဘူး'

'ဟာ... ဆရာရယ် ဆရာပဲ တက်တူရဲ့ခယ်မ မြနှင်းဆီက လေးကို စိတ်ဝင်စားတယ်ဆို'

'တော်... တန်... တိတ်... ဘာ မြနှင်းဆီလဲ၊ အလကား ဟာမ၊ ဒီကောင်တက်တူ ငါ့ကိုမလိမ့်တစ်ပတ်နဲ့ ပတ်တီးချသွားတယ်'

'ဘယ်လို... ဘယ်လို'

'ဘယ်လိုရမလဲ၊ ဒီကောင် သူ့မိန်းမ မီးဖွားဖို့ မြို့ဆေးရုံသွားရမယ်ဆိုတာ အလကား၊ သူ့မိန်းမက မွေးဖို့နှစ်လလောက်လိုသေးတယ်၊ ခုထိ ရွာမှာပဲ ရှိနေတယ်၊ အဲ... ရွာမှာမရှိတာက တက်တူတို့ပဲ'

'ကျွန်တော်တော့ နားမလည်တော့ဘူး ဆရာရယ်'

'အေး နားမလည်နိုင်ရင် ဒီစာဖတ်ကြည့်၊ ဂံဘားတစ်ယောက်နဲ့ ပို့လိုက်လို့ ငါ့ဆီရောက်လာတာ'

ဆရာကိုထွားမောင်လှမ်းပေးသည့် စာခေါက်ကလေးကို ယူလျက် ဗလစိန်အသာအယာဖွင့်လိုက်သည်။ လက်ရေးတွေက မညီညာ လင့်ကစား ဖတ်၍ကောင်းစွာရပါသည်။ ဖတ်ပြီးတော့လည်း ကောင်းစွာနားလည်ရပါသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

သို့

ကျေးဇူးရှင် ဆရာကိုထွားမောင်ခင်များ…

ဒီစာကို လှုံ့စွာမှ ကျေးဇူးတင်စွာနဲ့ ရေးလိုက်ပါတယ်။ မမျှော်လင့်ဘဲ ကျွန်တော့်ဆီကို ဆရာ့စာပည့် ကိုဗလစိန် ရောက်လာပြီး ဆရာ ဘာတွေဘယ်လိုဖြစ်နေတယ်ဆိုတာ ပြောပြရုံမက၊ သည်အချိန်မှာ ဆရာ အင်မတန်လက်ဖွာနေတာမို့ ကျွန်တော် လိုအပ်တာတွေ ဆရာ ကူညီလိမ့်မယ်ဆိုတဲ့အကြောင်း ပြောပြပါတယ်။

ဒါနဲ့ ကျွန်တော်လည်း အရဲစွန့်ပြီး ဆရာနဲ့ဝင်တွေ့ခဲ့တာပါ။ အဲဒီမှာဆရာဟာ ကျွန်တော် ထင်ထားတာတက်ကို စိတ်ထားပြည့်ဝနေတာပါပဲလား ဆရာ။ ကျွန်တော့်ရဲ့ ငွေကြေးလိုအပ်မှုကို ဆရာ ကူညီခဲ့တယ်။

ဒါပေမဲ့ တကယ့်တကယ် ပြန်တွေးကြည့်တော့ ဆရာဟာ တကယ့်စိတ်ရင်းစေတနာ်ခံအမှန်နဲ့မဟုတ်ဘဲ အကျိုးလိုလို့ညောင်ရေလောင်းခဲ့တာကလား။ ဆရာ ကျွန်တော့်ကို စေတနာရှိလို့မဟုတ်ဘဲ၊ ဝင်းဝင်းမွတ်မွတ် ထွတ်ထွတ်နုနု ပန်းပုရုပ်ကလေးလို လှသွေးကြွပြီး မုန့်လေပွေလိုရှိနေတဲ့ ကျွန်တော့်ခယ်မမြနှင်းဆီကို ကြံချင်လို့ ဖန်တီးနေတယ်ဆိုတာ သိလိုက်ရပါတယ်။

ဆရာ သိထားဖို့က ကျွန်တော်ဆိုတဲ့တက်ကူဟာ ဆရာ့လက်အောက်က ကူလီခေါင်းဆိုပေမဲ့ တော်းအေမဟုတ်ဘူး ဆရာ။ ကျွန်တော်ဟာ ဘဝဆိုတာကို တိုက်ပွဲအဖြစ် ခံယူထားသလို ခယ်မဆိုတာကိုလည်း လိုက်ပွဲအဖြစ် သတ်မှတ်ထားပါတယ်။



မိန်းမကလည်း ကိုယ်လေးလက်ဝန်နဲ့ဆိုတော့ ကျွန်တော့်မှာ ယောင်တောင် ပေါင်တောင်ဖြစ်နေတဲ့အချိန် ခယ်မကလေးကလည်း အနားမှာဆိုတော့ တစ်မိုးအောက်မှာပဲ အိုးချင်းထိခဲ့ကြပါတယ် ဆရာ။ ဒါကို မိန်းမ သိသွားလို့မဖြစ်ချေဘူးဆိုပြီး အကြံအိုက်နေတုန်းမှာ ဆရာ့ဆီက မမျှော်လင့်ဘဲ ငွေကြေးအကူအညီ အလုံအလောက်ရလိုက်လို့ခယ်မလေးနဲ့ တူနှစ်ကိုယ်ဘဝကလေး တည်ဆောက်ရအောင် အဝေးတစ်နေရာကို နှစ်ယောက်သား လစ်သွားပါပြီ ဆရာ။

ကျွန်တော့်မိန်းမ မီးဖွားတဲ့အခါ စောင့်ရှောက်နိုင်သရွေ့ စောင့်ရှောက်လိုက်ပါဦး။ သူများအကျိုးဆောင်ရင် ကိုယ့်အကျိုးအောင်ပါတယ် ဆရာ။ ကျွန်တော် ဖြစ်စေချင်တာပြောရရင် ဆရာ့ရဲ့အထီးကျန် လူပျိုကြီးဘဝကို နိဂုံးကမွတ် အဆုံးသတ်စေချင်ရင်ဖြင့် ကျွန်တော်တို့ မြိုင်သေလာရွာက ချစ်အကျိုးတော်ဆောင် အောင်သွယ်တော်ဂိုဏ်းချုပ်ကြီး ဒေါ်သာရွှင်နီးစပ်အောင် ကြံလိုက်ပါလား ဆရာ။ အပျိုကြီးခမျာမလည်း အထီးကျန်ဖြစ်နေတဲ့ သူ့ဘဝကို ကွက်လပ်ဖြည့်ချင်မှာပါပဲ။ ဆရာနဲ့အပျိုပိုင်းကြီး ဒေါ်သာရွှင်တို့ နီးစပ်လိုက်ကြရင်ဖြင့် အကူအညီပေးနိုင်တဲ့သူကို ဝေးဝေးမှာမရှာပါနဲ့ဆရာ။ လက်ရှိမိန်းမအပြင် မိန်းမလေးယောက်ရခဲ့ဖူးတဲ့ ဆရာ့စာပည့်ဗလစိန်ကိုပဲ အားကိုးပါလို့ မေတ္တာရှေ့ထားရင်းနဲ့…

ဆရာ့ကျေးဇူးကိုမမေ့သော

မောင်တက်ကူ

(မြနှင်းဆီရဲ့ညာလက်ရုံးစစ်စစ်)

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သည်စာကို ဆုံးသွားသည့်တဒင်္ဂ ဗလစိန်လည်း မန်နေဂျာ ဆရာကိုထွားမောင်ကိုကြည့်ရင်း…

'ကိုင်း… ဘယ်လိုလုပ်ကြမလဲ ဆရာ၊ တက်တူပြောတဲ့ အတိုင်း ဆရာနဲ့အပျိုဟိုင်းကြီးဒေါ်သာရှင်တို့ နီးစပ်အောင် ကြိုးပမ်း ပေးရမလား၊ ဒီ့အတွက် ကျွန်တော်နဲ့ ကျွန်တော့်မိန်းမ ဗိုက်ပူမတို့ လုံးဝဥဿုံ တာဝန်ယူပါတယ် ဆရာ'

ဟူ၍ ရင်ထဲရှိသည့်အတိုင်း ရင်ဖွင့်လိုက်လေ၏။ သည်တဒင်္ဂ မန်နေဂျာ ကိုထွားမောင်၏ မျက်လုံးအစုံတို့မှာ ပြူးထွက်လာ၏။ နဖူး ကြောကြီးများတင်း၍ လာ၏။ ပြီးတော့ အံ့ကိုတင်းတင်းကြိတ်၍…

'ခွေးမသား… အရေးထဲ ကိစ္စတစ်ခုက မငြိမ်းသေးဘူး၊ နောက်ကိစ္စတစ်ခုက ထပ်ဆက်လာပြန်ပြီ'

ဟု ဒေါသတကြီး ကြုံးဝါးကာ စားပွဲပေါ်မှ မှင်ဦးလုံးကို လှမ်းဆွဲလိုက်လေ၏။ အခြေအနေ မဟန်တော့ပြီကို သိနားလည်သွား၍ လားမသိ။

အကြံပေးပုဂ္ဂိုလ် စိန်ဗလခမျာ ချိန်ဆစဉ်းစားမနေတော့ဘဲ ကောက်ခနဲဆိုသလို မန်နေဂျာရုံးခန်းထဲမှ ဖဝါးတင်ပါး တစ်သားတည်း ကျမှ လစ်ထွက်လာခဲ့ပါလေသတည်း။

*(ပြုံးပျော်ကြည်နူးကြပါစေ)*

*မြို့မေတ္တာခံယူမယ့်*

**ကိုရွှေတောသား**

BURMESE CLASSIC .com
www.burmeseclassic.com